
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# ကမောက်ကမနဲ့ ပေါက်ကရနေ့စွဲများ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခွင့်ပြုချက်အမှတ် ၅၀၁၁၈၄၀၇၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၅၉၁၂၁၁၊

**ထုတ်ဝေသူ**

ဦးမြအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအေးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊ ၅၅၂၀၃၊ ၀၉၈၀၃၄၅၈၁၊ ၀၉၅၀၂၁၃၅၄။

ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ (ဖေဖော်ဝါရီလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

ခ၉၅.၈၃

ဝိဇ္ဇာ

/ဝိဇ္ဇာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၂။

၁၇၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ





# AIR

"ရွှေကြီးသာရင် ညှော်ကောင်းစောင်ကောင်းတွေ လာတတ်သည်" တဲ့။ မောင်ယဉ်တို့အိမ်ကတော့ ရွှေကြီးသာစရာကို မလိုဘူး။ နှန်းစတော့ ညှော်သည်အဝင်အထွက်က မပြတ်။ ရွှေကြီးမပြောနဲ့ ဖွတ်ကြီးသာတာတောင် ညှော်သည်အဆက်မပြတ်။ အိမ်မြောင်လေး စုပ်ထိုးတာတောင်မှ နှစ်ပေါင်းများစွာ ဝေးကွာနေတဲ့ သဘော်ာနစ်သေပြီလို့ သတင်းကြားသော အဆက်အသွယ် ပြတ်နေသည့် မိတ်ဟောင်းဆွေဟောင်းကြီး ကိုတော်မီ ရောက်လာသေးသည်။ အဆိုးတကာ့ အဆိုးဆုံးကတော့ မပြောမနာဆိုမနာ ခင်မင်ရင်းစွဲရှိပြီးသား နှစ်ဖက်အဆွေအသင်းများ၏အကြောင်းမရှိ အကြောင်းရှာ အားမနာ လျှာမကျိုး လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လည်ပတ်မှုပင်။ ဘော်ဒါအပေါင်းအသင်း သိပ်အနိုင်ခံရတဲ့ လင်မယားပေါ့။

[illegible]တွေ ဖြန့်သွား[illegible]လား[illegible]မို့ မယားဖြစ်သူ ယဉ်ကျေးဝေက မရိုးနိုင်[illegible]ကြောင်းထပ် ခါတ်ပြား ရက်ပ်စာသားကို ရွတ်သည်။

"ဧည့်သည်တွေကလဲတော်. . . လာပဲ လာနိုင်တယ်၊ ခြေထောက်နဲ့ လျှာပါတိုင်း အားမနာလျှာမကျိုး"

မိန်းမဖြစ်သူ၏အားလျော့ညစ်ညျုးနေဟန်ကို ကြည့်ကာ မောင်ယဉ် နှစ်သိမ့်အားပေးစကား ပြောလိုက်ရသည်။

"အိမ်သာလို့ ဧည့်လာတာပဲကွာ"

"သာသာ မသာသာ တော်ရေ၊ ကိုယ့်စွမ်းကိုယ်စနဲ့ ခြစ်ခြုပ်ကုပ်ကပ်ထားတာလေးတွေ သူတို့ လာဖို့ မဟုတ်ဘူး၊ ကျုပ်က မကောင်းရာမကောင်းကြောင်း အဖေ့အမျိုးတွေမို့သာ အားနာပါးနာ၊ သိပ်သဒ္ဓါတာမဟုတ်ဘူး"

မျက်နှာထိ မျက်နှာထားဖြင့် မိယဉ်ကျေး မဲ့ကာရွဲ့ကာ ပြောသည်။ မောင်ယဉ်ကတော့ မယားချော ဇနီးအလှကို ပြုံးတမဲ့မဲ့ ကြည့်နေသည်။

"မင်္ဂလာဦးလက်စွပ်လေးကို ဟင်းချက်ကျွေးလိုက်ရတာ၊ အခု ဘယ်လိုပြန်ရွေးမလဲ"

"မင်းကလဲကွာ. . . ကိုယ် ပိုက်ဆံပြန်ရှာစုပြီး ရွေးပေးပါ့မယ်ကွာ၊ ပြီးတာက ပြီးနေပြီ. . . ပြောမနေနဲ့တော့"

"မပြောလို့ ရမလား၊ မကျေနပ်တာကိုတော့ မကျေနပ်သလို ပြောရမှာပဲ၊ အစ်ကို စဉ်းစားကြည့်၊ ယဉ်ကျေးတို့တောင် ဒါလေးကို မတို့ရက် မထိရက် အမြတ်တနိုး သိမ်းထားရတာ"

"မင်းကလဲ စားမြို့ပြန်နေပြန်ပြီ၊ ပြောနေလဲ အပိုပဲဟာ"





မောင်ယဉ် စိတ်ပျက်လက်ပျက် ရှုတင်းတင်း ပြောလိုက်တော့ မိယဉ်ကျေးက မီးဝင်းဝင်းတောက် မျက်လုံးများဖြင့် သူ့ဘက်လှည့်ကာ နှုတ်မှုတ်တော့သည်။ မကျေမချမ်း မြားဦးက သူ့ဘက် လှည့်သွားလေပြီ။

"ရှင်က ကျုပ်ကို နွားမကြီးလို့ ပြောလိုက်တာပေါ့၊ စားမြုံ့ပြန်တယ်. . . ဟုတ်တယ်. . . ကျုပ်က နွားမကြီးပဲ၊ ဒါပေမယ့် ရှင့်လို သဘောကောင်းမနေနိုင်ဘူး၊ အခု အိမ်မှာ ဧည့်သည် ခဏခဏ လာတာ ရှင်သဘောကောင်းပြနေလို့. . . သိရဲ့လား"

"မင်းကလဲ. . . မင်းအမျိုးတွေလေကွာ"

"ကျုပ်အမျိုးတွေမို့ ပြောနေတာ၊ ရှင်က ခပ်တန်းတန်း လုပ်လိုက်ရုံပဲ၊ အခုတော့ မဟုတ်ဘူး၊ သွားအရောဝင်နေတာ ဖူးဖူးမှုတ်မတတ်ပဲ"

မောင်ယဉ်က ပြေရာပြေကြောင်း လေပြေကလေး ထိုးပေမယ့် မိယဉ်ကျေးကတော့ ကတ်ကတ်လန် ပြန်အော်သည်။

"မင်းမျက်နှာက ရှိသေးတယ်လေကွာ၊ မင်းကို ငါက ယူထားမှတော့ သူတို့ပေးတဲ့အပုတွေလဲ ယူရမှာပေါ့"

"ယူယူ. . . အဲ့ဒီမှာယူ၊ မုဆိုးမအမျိုးတွေလဲ ရှိတယ်၊ တစ်လင်ကွာ အမျိုးတွေ ပိုက်ပုလာရင်လဲ ရှင်ယူလိုက်"

"မင်းနဲ့တော့ ခက်ပါတယ် မိယဉ်ကျေးရယ်"

မောင်ယဉ် ခေါင်းကုတ်ကာ စိတ်ရှုပ်ပြီး အကျုပ်ရိုက်သွားရတော့သည်။ နှမြောစိတ်ကြောင့် တွန့်တိုဒေါ်ပွသမျှက သူ့အပေါ် ပုံချခံနေရလေသည်။

"ကျုပ်လက်စွပ်လေးတော့ မြင်ယောင်သေးတယ်၊ မျက်ခုံးလှုပ်နေပြီ"

"ရှိတန်ဆာ မရှိဝမ်းစာပေါ့ မိန်းမရယ်၊ စိတ်မကောင်းဖြစ်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်လို့ရမလား ကိုမောင်ယဉ်၊ ဘာလဲ. . . တော်က အိမ်ထောင်သက်မှ တစ်နှစ်မပြည့်သေးဘူး၊ မင်္ဂလာဦးပစ္စည်းကို အလေးမထားချင်တော့ဘူးဆိုတဲ့ သဘောလား"

"ဘာသဘောမှ မဟုတ်ဘူး၊ မင်းဟာမင်း လိုရာတွေ ဆွဲတွေးပြီး လျှောက်ပြောနေတာ"

"ပြောမှာပဲ. . . ကျုပ်ဟာကို ကျုပ်နှမြောတယ်၊ ရှေ့သီတင်းကျွတ် ကျောင်းပိတ်ရက်မှ တူမတွေ လာမှာမို့ တော်သေးတယ်၊ ဒီကြားထဲ နည်းနည်းဖြေသာလို့ရသေးတယ် ညည့်သည်. . ."

မိယဉ်ကျေး ပြောစကားပင် ဆုံးအောင်ပြောခွင့် မရလိုက်ပေ။ အိမ်ရှေ့သို့ အထုပ်အပိုး ဖိုသီဖပ်သီဖြင့် လူတစ်ယောက် ရောက်နေလေပြီ။

"မောင်ယဉ်ကြီး ရှိလား၊ ကျွန်တော် တောက ကိုရင်အောင်ပါဗျာ"

လန့်ဖြန့် ခုန်ထပြီး မောင်ယဉ် မျက်ကလူးဆန်ပြာဖြင့် ကြည့်လိုက်တော့ မြေကြီးကို လက်ခတ်ရင်တောင် လွဲဦးမယ်။ သေချာပေါက် မလွဲသောညည့်သည်က ရောက်နေပြီ။

"ဟာ. . . ဟော့ကောင် မောင်ယဉ်ကြီး၊ ငါ ရန်အောင်လေကွာ"

"အော်. . အေး. . သူငယ်ချင်း လာထိုင်လေကွာ၊ အိမ်ပေါ်တက်"

အားအင်ချိနဲ့စွာ ဖိတ်ခေါ်လိုက်ပြီး မိယဉ်ကျေးကို ကြည့်လိုက်တော့ စူပွပွမျက်နှာဖြင့် မျက်စောင်းထိုးလေသည်။

"မင်း ဘယ်ဘုန်းကြီးကျောင်း တည်းမှာလဲ၊ ငါ ဘယ်ကို လိုက်ပို့ပေးရမလဲ"

"ဟာ. . . ဟော့ကောင် မောင်ယဉ်ကြီး၊ မင်းတစ်ယောက်လုံး ရှိနေမှတော့ ငါက ဘယ်ကျောင်း သွားတည်းခိုစရာ လိုလို့လဲကွာ"





ဖြိုးဖြိုးဖြိုး လက်မောင်းပုတ်ပြီး ဖက်လှဲတကင်း အတင်းအရောဝင်ကာ ရင်အောင်က ပြောသည်။ အရှုံးကွက်နင်းပြီး ပ,ထုတ်ကြည့်မပေမယ့် နဝေတိမ်တောင် မသိပိုးဝါးဟန်ပန်ဖြင့်ပင် အကောင်းပါးစွာ ရင်အောင်က ပြန်ပြောသည်။ စိတ်အလိုက်အဖုံကြီး ရှုံ့တွလို့ သွားစဉ်မှာပဲ ကိုယ်တို့လူက ခရီးဆောင်အိတ်များ ပစ်ချကာ ပိုင်စိုးပိုင်နင်း ထိုင်နှင့်ပြီးဖြစ်သည်။

"ဆိုစမ်းပါဦး. . . ဘာဇာတ်စွအရေးကြောင့် ကြွမြန်းလာသလဲ"

ဇာတ်ဆန်ဆန် နန်းဟန်ဖြင့် ခပ်ရွဲ့ရွဲ့ မေးလိုက်မိတော့ သူက မြို့သားဂိုက်ဖမ်းပြီး ပြန်ပြောသည်။

"ငါ ဗေဒင်သင်တန်း လာတက်တာကွ၊ ဗေဒင်ပညာ ဆည်းပူးဖို့ ရွှေ့လာတာ"

"ငါ ဒီမှာရှိမှန်း မင်းဘယ်လိုလုပ် သိသလဲကွ"

"ဘကြီးမှူ လမ်းညွှန်လိုက်တာလေကွာ၊ မင်းတို့ဆီက ဘယ်သွားသွား လိုင်းကားပေါ်ဆိုပဲ၊ အဲ့ဒါ ငါလဲ လိပ်စာမှတ်၊ အလွတ်ကျက်ပြီးရွှေ့လာတာ"

ကိုရင်အောင်က ဗွီစီဒီအခွေထဲမှ မြင်ဖူးသော ရုက်ပ်ပါများပုံစံ လက်ကားကားဖြင့် မာန်ပါပါ တစ်တစ်ခွခွ ပြောလေသည်။ သူ့ပုံကိုကြည့်ပြီး စိတ်ရှုပ်ကာ မှိုင်တွေနေသော မောင်ယဉ်ပင် ဖြုံးမိသွားလေသည်။

"အရီးလေးတို့ နေကောင်းကြတယ်လား"

"ကောင်းတယ်. . . ကောင်းတယ်၊ သူတို့တောင် လိုက်လာကြဦးမလို့၊ ငါက ဘာမှန်းညာမှန်း မသိလို့ နေခိုင်းခဲ့တာ၊ အခုဆို ငါပြန်သွားရင်–သူတို့ကို စိတ်ချလက်ချ လွှတ်လို့ရပြီ"

မြင်တွေ့ကြားသိရသမျှကတော့ အဲ့ဒီလို အားရစရာ။ နားချမ်းသာပြီး စိတ်အေးမြ မျှော်မှန်းဖွယ်ရာတွေချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိယဉ်ကျေးက အတွင်းခန်းထဲ ဝင်ကာ စိတ်ပျက်လက်ပျက် ပွစိပွစိ ရေရွတ်နေလောက်ပြီ။

"မင်းအမျိုးသမီးလဲ မတွေ့ပါလားကွ၊ မင်းက အိမ်တွင်းပုန်း ဝှက်ထားတာလား. . . ဟီးဟီး၊ စောစောက ထိုင်နေတာ မင်းယောက္ခမ မ. . မ. ."

မောင်ယဉ်က အလျှင်အမြန်ပင် လက်သွက်သွက်ဖြင့် ကိုရင်အောင့်ပါးစပ်ကို ဖမ်းပိတ်လိုက်ရသည်။ အလိုက်မသိတဲ့ဧည့်သည် ဖြစ်ရုံမကဘူး၊ အနေအထိုင် အပြောအဆိုမတတ်တဲ့ ဧည့်သည်ပါဆိုနေမှ။ မစူးမစမ်း မဆင်ခြင်နဲ့။

"အဲဒါ ငါ့မိန်းမဲကွ၊ မင်းကလဲ တိုးတိုးပြောစမ်းပါ"

"ဟော. . . ဟုတ်လား၊ အဟီး. . . တိုးလေ"

မောင်ယဉ် ခေါင်းကုတ်ပြီး ပြောလိုက်ကာမှ ကိုရင်အောင် ရှက်ဖြီးဖြီးနဲ့ ရေရွတ်ကာ ပါးစပ်အုပ် ရယ်လေတော့သည်။ ရှာကို ပြန်ပြီး ဆွေပြမျိုးပြ လုပ်တုန်းက ဘယ်ချောင်ပုန်းနေမှန်း မသိဘဲ အခုမှ ပဏာ လုပ်ပြီး ရမ်းတုတ်နေတော့သည်။ ဇရက်ချိုးထင်ကာ မိန်းမကို ယောက္ခမ ထင် ဖွတ်တရွတ် စွတ်ရမ်းအုပ်ပုံမျိုးနဲ့ မသေသေးသောအရှိန်က သူ့ အပေါ် ကျသွားနိုင်သည်။

"ကဲ. . ကဲ. . ရောက်တုန်းရောက်ခိုက် နားပါဦးကွာ၊ နောက် နေ့မှ သင်တန်းကိစ္စ သွားမေးချေပေါ့"

"အေး. . . ငါကလဲ အေးအေးဆေးဆေးပါပဲကွာ"

"ဧည့်သည်" တဲ့။ အဘယ်သော ရှေးလူကြီးတွေ နားကြားကောင်းအောင် ထပ်တီထွင်သွားတာပါလိမ့်။ ဘယ်လိုယဉ်ကျေးမှုကြီးပါလိမ့်နော်။ ညစာ စားပွဲ ဆင်နွှဲရုံတင် မကဘူး၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၊ ဟိုဒီသွားလာ စရိတ်စကလဲ ရှိသေးသည်။ တချို့ဧည့်ဆိုးများအားမနာ လျှာမကျိုး အရိပ်နေနေ အခက်ချိုးချိုး အိမ်က မယားပါ





မ,ပြေးတတ်သေးသည်။ မိတ်ဆွေအပေါင်းအသင်း ဧည့်သည်ပေါများခြင်းက ကောင်းပါရဲ့။ လူချစ်လူခင် ပေါများပြီး မျက်နှာပွင့်လန်းကြပါရဲ့။ စည်းကမ်းရှိသော ဧည့်သည်အပေါင်းအသင်းကောင်း ဖြစ်နေဖို့တော့ လိုတာပေါ့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# DARLING

ကိုရင်အောင်ရဲ့သင်တန်းကိုစွ လိုက်လံအပ်နှံပေးပြီး အပြန်မှာ အောင်မြင်ခြင်း အထိမ်းအမှတ် တစ်ခွက်တစ်ဖလား ကစ်ကြတယ်။ မတွေ့ဖြစ်တာ ကြာပြီဆိုတော့လဲ ရှာမှာလို ပုဆိုးကွင်းတစ်ကွင်းထဲ နှစ်ယောက်သိုင်းပြီး မမူးဖြစ်တာ ကြာပြီလေ။ ရှော့ရှော့ရှူရှူ သောက်ကြ မူးကြတာပေါ့။ ပုလင်းတူ ဘူးဆို့ ကြွက်တွင်းတွေပဲ။ စာရေးရင်း ရပ်လို့မရ တော့တဲ့ ဘောလ်ပင်ဟာ ကြော်ငြာထဲမှာပဲ ရှိပြီး အပြင်မှာ ရှာရခက် သည်။ တောကြိုအုံကြားထိ မပျံ့နှံ့တာကို ပြောပါတယ်။ သူတို့နှစ် ယောက်လဲ သောက်ရင်းနဲ့ ရပ်လို့မရတော့တဲ့အရက်နဲ့ သွားတွေ့ သပေါ့။ ကိုယ့်ခေါင်းကိုယ် မနိုင်တော့လို့ ဆိုင်ရှင်က အရပ်ခိုင်းရသည် အထိပင်။ သိပ်မများပါဘူး။ လီမွန်ကီး မကာယ်နိုင်ရုံလောက်ပါပဲ။ သိပ်





မမူးပါဘူး။ ကိုရင်အောင်က ဂျင်းဘောင်းဘီကို အရကုတ်ကပ် ကွင်း သိုင်းဖို့ ကြိုးစားရုံလောက်ပဲ မူးတာပါ။

မူးရူးနေတာကို တက္ကစီကားသမားတိုင်း နှာခေါင်းရှုံ့ပြီး မတင်ချင် ကြဘူး။ ဒါနဲ့ ဒေါ်ပွပြီး မြို့ပတ်ရထားပေါ် တက်လိုက်ကြတယ်။ အိမ်ကို ပြန်ရောက်လာပါရဲ့။ မရောက်ဘဲ နေမှာလား။ ရပ်ကွက်ထိပ်က ခွေးဝဲ စားမက သားဆိပ်တက်ပြီး လိုက်ဆွဲလို့ ပြေးလိုက်ရတာ အိမ်ရောက် သည်အထိပဲ။ ကိုးယို့ကားယား ယိမ်းထိုးမူးရူးနေတာ ခွေးမဆွဲလို့ ဘာ သွားဆွဲမလဲ။ ပုရွက်ဆိတ်တောင် အစွယ်ရှိရင် လိုက်ပေါက်ချင်လောက် အောင် မူးကြတာ။ အိမ်ရောက်တော့ မူးလဲမူးနေပြီ။ မောလဲမောလှပြီ။ လင်သားမရှိတာရယ်၊ ဧည့်သည်ကြောက်တာရယ်ကြောင့် မိယဉ်ကလဲ အကင်းပါးပါးနဲ့ အိမ်တွင်းအောင်းနေတယ်လေ။ အိမ်တွင်းပုန်း အအိုမ လေးပေါ့။ လင်ရှိတဲ့ အပျိုဗိုက်နဲ့ မိန်းမရိုင်းလေး မဟုတ်လား။ တံခါး ခေါက်လိုက်သည်။

"ဒုံး . . . ဒုံး . . . ဒုံး"

ပါးစပ်ကလဲ အားလေးလျှာလေး ဗလုံးဗထွေးနဲ့ မိယဉ်ကို အော် ခေါ်ရသည်။

"ဟဲ့ . . . ခွေးမ၊ အဲ . . . ခွေးဝဲစားမ"

"ဟာ . . . မဟုတ်ဘူးလေကွာ၊ မိန်းမရေလို့ ခေါ်ရမှာ၊ မိန်းမ ရေ . . ."

"အဲ့ဒါ ငါခေါ်ရမှာကွ၊ ငါယူထားတာ မင်းနဲ့ဘာဆိုင်လို့လဲ"

အရေးထဲ ကိုရင်အောင်က ကိုယ်ထိလက်ရောက် မိကျောင်း မင်း ရေခင်းပြ ကူညီနေသေးသည်။

"မိန်းမရေ . . . မိယဉ် . . ဟဲ့ . . မိယဉ်"

"ဘယ်သူလဲ . . . ဘယ်သူတွေလဲ"

မူမမှန်သော အသုံးအနှုန်း အခေါ်အဝေါ်တွေကြောင့် မိုးထင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်မှား သက်ာမကင်းဖြစ်ကာ မိယဉ်က ပြန်မေးသည်။

"အောင်မာ. . . ငါတို့ကိုများ ဘယ်သူတွေလဲတဲ့၊ တံခါးဖွင့်"

"ဒါ ဘယ်သူလဲ"

"ဒါ လင်လေ၊ ဒါလင်. . . နင့်လင်ဟဲ့၊ နင့်လင် မောင်ယဉ် ခေါ်နေတာ၊ နင့်ရဲ့ဒါလင်ကြီးလေ၊ ဒီခန္ဓာကိုယ်ကြီးက နင့်ဟာကြီး"

စိတ်ပေါက်ပေါက်နဲ့ ကုန်းအော်ပစ်လိုက်တယ်။

"အော်. . . ဒါလင်ကိုး"

ခုမှ စိတ်အေးလက်အေးနဲ့ သက်ပြင်းမောချပြီး တံခါးဖွင့်ပေးလိုက်နိုင်တော့သည်။ အဲ့ဒီက စလို့ပါပဲ။ အဲ့ဒီက အစပြုလို့ မောင်ယဉ်နဲ့ မိယဉ်လဲ တစ်ယောက်ကိုတစ်ယောက် "ဒါလင်" လို့ပဲ ထည်လဲသုံးကြတော့သည်။ မောင်ယဉ်က မယားချော မိယဉ်ကို "ဒါလင်" လို့ ခေါ်ရင် "ရှင်" လို့ ထူးစမြဲ။ မိယဉ်ကလဲ မောင်ယဉ်ကို "ဒါလင်ရေ" ဆိုရင် ဟိုက "ဝေ" လို့ ထူးရတာပဲ။ အနောက်တိုင်းမှာ ဘာအဓိပ္ပါယ်နဲ့ ဒါလင်ကို ဖန်တီးသုံးစွဲခဲ့တယ် မသိဘူး။ ဒီမှာတော့ ဒါလင်မို့လို့ "ဒါလင်"တဲ့။ မိယဉ်ကိုတော့ မြတ်နိုးခြင်း ခံရသူမို့ ဒါလင်လို့ ခေါ်လိုက်တာပဲပေါ့။ သူတို့လင်မယားက အဲ့ဒီလိုကြီး။ ဟိုတစ်ခြမ်း ဒီတစ်ခြမ်း ပေါင်းစပ်ထားတာ။

လင်နဲ့ဒါနဲ့ ဒါနဲ့လင်နဲ့ပေါ့လေ။ နင်နဲ့ငါနဲ့ ငါနဲ့နင်နဲ့ထက် ပိုတယ်နော်။ ပိုလန်းတယ်။ ကိုရင်အောင် ရောက်လာပြီး အညှောင့်ထောင်ပေးလို့ သူတို့လင်မယားလဲ ဒါလင်ကို ဖြစ်ကရော။

ဌ ဌ ဌ ဌ





ဘာဘာပဲပြောပြော မောင်ယဉ့်ဘကြီးကတော့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာပါပဲ။ ဒါလင်နဲ့ သက်ဆိုင်သော ဒါလင့်ဘကြီးပေါ့

"ဟောတော်. . . ဘကြီး၊ ဒါလင်ရေ. . ."

"ဟေ"

ဘကြီး မျက်လုံးအပြူးသားနဲ့ မိယဉ်ကို ကြည့်ပြီး ရှုံကြောင်ချင် သလိုလို ဖြစ်သွားရသည်။

"အဟီး. . . ဒါလင်မောင်ယဉ်ရဲ့ဘကြီးပါလား၊ လာ. . . အဘ၊ အိမ်ပေါ် တက်ပါ. . . ကြွပါရှင့်"

မျိုးရိုးလိုက်တဲ့ဘကြီးကလဲ မောင်ယဉ်လို ကြောင်တက်တက် ယောင်နနနဲ့ပဲလေ။

"ဘကြီး နေကောင်းတယ်နော်၊ ဒွေးလေးတို့ရော မပါဘူးလား ဘကြီးတစ်ယောက်တည်း လူပျိုလုပ်လာတာလား"

"အိမ်. . . ဟုတ်သကွာ၊ မင်းဒွေးလေးကို လှည့်ပတ်ပြီး ထွက်လာခဲ့တာလေ. . . အဟေး၊ လွတ်လွတ်လပ်လပ် ကဲလို့ရအောင် ပေ့ါ



www.burmeseclassic.com

www.burmeseclassic.com



မရှောင်သာ ခရီးသွားရမှာ. . . ပင်ပန်းပါတယ်ကွာဆိုပြီး"

သိပ်နောက်တဲ့ဘကြီးပဲ။ ပြုံးဖြီးဖြီးနဲ့။ အပြစ်ကင်းစင်တဲ့အလှကို အပိုင်စီးထားတာ။ သူတို့တစ်မျိုးလုံး ဒီပုံပဲ၊ မင်းသားပုံ ဒီပုံဒီပုံ၊ မင်းဘပုံ ဒီပုံဒီပုံ၊ မင်းဖိုးပုံ ဒီပုံဒီပုံတွေချည်းပဲ။ ဆိုင်းသမားမျိုးရိုးကတော့ ပျင်းတောင် ပျင်းသေးတယ်၊ တစ်ဆွေလုံးတစ်မျိုးလုံး ပါးစပ်နဲ့ ဆိုင်းတီးပြီး တင်တင်စီးစီးက လာကြတာ။

卐 卐 卐 卐





ရွှတ်နောက်နောက် ဘကြီးနဲ့လဲ. . လင်ကိုယ်မယားနှစ်ယောက် ကသောင်းကနင်းဖြစ်လို့ပဲပေါ့။ ဘကြီးပြန်သွားတော့လဲ ထုံးစံအတိုင်း နှမြောတွန့်တိုစိတ်နဲ့ တစ်ယောက်အပေါ် တစ်ယောက် ပုံချမိကြပြန်တာပါပဲ။

"ဒါလင့်အမျိုးတွေက ပိုဆိုးတယ်နော်၊ ရောက်လာရင် ဝေယျာဝစ္စ လိုက်လုပ်ပေးနေရတာချည်းပဲ"

"ဒါလင်ကလဲ သူ့အမျိုးကိုယ့်အမျိုး ခွဲမနေစမ်းပါနဲ့၊ ဒါလင့်အမျိုးလဲ ဒါလင့်အမျိုးပဲပေါ့"

နှစ်ယောက်သား ခေါင်းချင်း စိုက်ပြီး နဖူးတိုက် ဒူးတိုက် ညည်းတွားမိကြသည်။

"ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုပေမယ့် များနေပြီ၊ ဒါလင်းကမ္ဘာအပြင်ဘက်သာ ပြေးထွက်လိုက်ချင်တယ်"

"အစ်ကိုတို့ ပြေးထွက်နိုင်ရင် သူတို့လဲ လိုက်ပြီး ပြေးထွက်နိုင်ကုန်မှ ဟုတ်ပေ့အခက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်ငြီးငွေ့စွာနဲ့ သာတောင့်သာယာ ကြင်စဦးဇနီးမောင်နှံ နှစ်ယောက်ရဲ့ဘဝဟာ အက်ကွဲရှတ ရီဝေလို့နေသည်။

"ဒါက အစ်ကိုတို့ စတင်ကြုံတွေ့ရတဲ့ ပျားရည်စက်လို ချိုမြိန်သောဒုက္ခနေမှာပေါ့. . . စိတ်မာတ်မကျပါနဲ့ကွာ"

"စိတ်ဓာတ်ကျတာတော့ မဟုတ်ပါဘူး၊ ညီမဘေးမှာ ဒါလင်ရှိနေရင် ပြီးတာပဲ၊ ရင်ဆိုင်ချင်လို့ နည်းလမ်းရှာတာပါ"

အတုံ့အလှည့် အပြန့်အလှန် တန်ပြန်သော နယူတန်၏ နိယာမကို စိတ်ကြေးမုံမှာ ပြေးမြင်သည်။ ရင်ဆိုင်မလား ထွက်ပြေးမလားဆိုသော ဒူးအော်ဒိုင်း နည်းနာအတိုင်းပင်၊ တွန်းကန်ဖြတ်သန်းရမည်ဆိုလျှင် လက်စားချေရန်နည်းလမ်းသာ ရှိသည်၊ အိမ်လည်လာသော ဧည့်သည်များကို စာရင်းပြုစု လစ်လုပ်ကာ တစ်အိမ်တက်ဆင်း ပြန်လိုက်လည်ရမည်။ ရပ်ဝေးမှ အတိဒုက္ခရောက်လို့ ခိုကိုးရာမဲ့ အားကိုးတကြီး ရောက်လာသည့် ဧည့်သည်တွေ အသာထား။ ရပ်နီးဝန်းကျင်မှပင် အိမ်ရှိရက်နဲ့ လာရောက်နှိပ်စက်တတ်သော မကင်းရာ မကင်းကြောင်း သူငယ်ချင်းများအိမ်ကို ဦးစားပေးပြီး အရင်သွားရမည်။

အကြောင်းကိစ္စကြီးငယ် မရှိဘဲ ရွာပြန်ကြဖို့ကလဲ မဖြစ်နိုင်။ မိဘအိမ်မှာ ဆွေပြမျိုးပြ သွားလာခဲ့ပြီးကတည်းက တစ်အိုးတစ်အိမ်ခွဲထွက်လာခဲ့ပြီးပြီ။ ခိုင်လုံသော အကြောင်းပြချက်လဲ မရှိ။ ရွာကို အားအားယားယား ပြန်ဖို့ရာလဲ အရေးကိစ္စမရှိ၊ တုံးတိတိနဲ့ ဒုက္ခအတိရောက်နေသည်။ ရွာကို တစ်နှစ်တစ်ခေါက် ဘုရားပွဲအမှီ ရက်ပိုင်းလောက်သာ အရောက်ပြန်ဖြစ်ကြသည်၊ ယခုလို ဘာမဆိုင် ညာမဆိုင် ရက်မျိုးမှာ မည်သို့ကြံရမှန်းမသိ။ အလိုက်ကန်းဆိုးမသိ လာရောက်ကပ်ငြိတတ်သော ဧည့်ဆိုးဧည့်မြှောင်အပေါင်းကို မည်သို့ ဦးလန်အောင် လုပ်ရမည်ဟု စဉ်းစားမရနိုင်။ အပြုံးမပျက်ဘဲ ဆက်နေလို့ကတော့ ရှိစုမဲ့စု စီးပွားလေး ပြုတ်ပြုတ်ပြုန်းကာ လင်မယားနှစ်ယောက် ပလုတ်တုတ်ပြုန်း





သပြီး အိုးတာနဲ့ ရန်ဖြစ်ကြဖို့ပဲ ရှိတော့သည်။ မင်္ဂလာဆောင်ပြီးကတည်းက တတ်ကျွမ်းထားတဲ့အလုပ်တွေလဲ နားထားရပြီး ဘာဆက်လုပ်ရကောင်းမှန်း မသိဘဲ ထိုင်စားနေမိကြတာလေ။ ရထားတဲ့ ရှိစုမဲ့စု အနွေတွေလဲ မျက်ခုံးလှုပ်နေပြီ။ ချစ်တော့ ချစ်တယ်။ အလိုမလိုက်ဘူးတွေ ဖြစ်ကုန်တော့မည်။ ကျဉ်းထဲကျပ်ထဲမှာ ရှေ့တိုးမရ၊ နောက်ဆုတ်ရခက်နေစဉ်မှာပင် ဘေးအိမ်မှ ခုနစ်သံချီ ရှစ်အိမ်ကြား လင်မယားသချလို့ ပန်းကန်တွေ ကွဲသံကြားရသည်။

"ခလွမ်"

"ဒုံ. . . ဂွမ်"

"အော်. . . ရှင်က အခုတော့ မင်္ဂလာဦး ကော်ဖီခွက်တွေကိုတောင် ရိုက်ခွဲနိုင်ပြီပေါ့ ကိုမျိုးမင်း"

"အေး. . . ဟုတ်တယ်၊ မင်းအသုံးမကျလို့ ခွဲတာ ဘာဖြစ်သေးသင်မိုးထွေး အမိုက်မ. . . နင်က မနက်ဂဏန်း ညဂဏန်းတွေနဲ့ ဖြုန်းလို့ ကုန်မယ့်အတူတူ ခွဲလိုက်ရတာ ပိုတန်တယ်"

ရပ်ကွက်ထဲမှ ဂီတစာဆိုမြောင်းဖုံကြီး မျိုးမင်းတို့လင်မယားကတော့ ဆော်ပလော်တီးသံ ညံနေကြပြီ။ ရန်ဖြစ်တာတောင် ဂီတသံနဲ့ ရန်ဖြစ်တဲ့ တကယ့်လူ။ အိုးတွေခွက်တွေ ထုရိုက်ခွဲပြီးတော့ကို ဆော်တာ။ ဂီတပိုးက အဲ့ဒီလို ရှိပြီး ဝါသနာကြီးတာ။ သူက သီချင်းဘက်မှာလဲ ပိုင်ပိုင်နိုင်နိုင် တစ်ပုဒ်ကြီးများတောင် ရထားသူ။ အဲဒီသီချင်းက အနေ့အရပ်၌ ရှိကြကုန်သော. . . အစချီသည့် မင်းကွန်းဆရာတော်ဘုရားကြီး၏မေတ္တာပို့တရားတော်ပင်ဖြစ်သည်။ ဤမျှ ထူးချွန်သော သီချင်းဝါသနာရှင်ဖြစ်သည့်အတွက် ရပ်ကွက်ထဲမှ သူ့ကို ဂီတစာဆိုဘွဲ့ အပ်နှင်းသည်။ သူ၏မွေးရပ်မြေပါ ထည့်လိုက်တော့ ဂီတစာဆို မြောင်းဖုံကြီး မျိုးမင်း ဖြစ်သွားလေတော့သည်။

ကိုယ်တို့လူတင် ဒီလောက်အစွမ်းအစရှိတယ် မထင်နဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com



လေဒီ တင်မိုးထွေးကလဲ ရာဇဝင်နဲ့ လာတာ။ အရုပ်မျက်နှာတွေကို မေတ္တာပို့ သီချင်းဆိုတဲ့ မောင်မျိုးမင်း သမာဓိရပြီး မေတ္တာရောင်ပြန်ဟပ်ပြီး ဘာညာအတိတ်နိမိတ် ရလေမလား အထင်ကြီးပြီး ချစ်ခဲ့ကြိုက်ခဲ့တာ။ အခုတော့ ဗိုက်လေးတာသာ အဖတ်တင်တယ်။ ကိုယ်တို့လူက သမာဓိ ရပြီး မနောတွေရ၊ လိုတရဖို့ နေနေသာသာ ဒီသီချင်းကကို တက်မဆိုဘူး။ ဝိဇ္ဇာလိုင်းလဲ အားကိုးမရ၊ သီချင်းဘက်မှာလဲ ဖွတ်ဖြစ်တာပဲ။ တင်မိုးထွေး ဝါသနာအတိုင်း ဖောက်လာတော့ စားဖို့ဆန်ဆီမရှိ။ ဆူညံပွက်လောရိုက်ကုန်၏တွေ ဖြစ်ကုန်တာပေါ့။

"ကျွန်မက ဒီဘဝက လွတ်မြောက်ဖို့ ချမ်းသာနည်းလမ်း ကြံမိတာပါ၊ အကြံမအောင် ကံမအောင်လို့"

"အကြံလဲ အောင်မှာမဟုတ်ဘူး၊ ကံလဲ မအောင်ဘူး၊ ဝီရိယစိုက်မယ်မှ မရှိဘဲ၊ မင်းမှားတယ်ကွ မိန်းမရ"

စီးပွားရေး အဆင်မပြေသံက တချင်ချင် မြည်လာတော့လဲ နှစ်ကိုယ်တူ ချစ်သမျှဟာ နှစ်ကိုယ်တူ အပြစ်ဖို့သမျှ ဖြစ်ကုန်တာပဲပေါ့လေ။

မောင်ယဉ်နဲ့မိယဉ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နားစိုက်ထောင်ရင်းမှ ပြုံးမိလိုက်ကြသည်။

"ဘာပြုံးတာလဲ ဒါလင်က"

"ဒါလင်ကရော ဘာလို့ ပြုံးတာလဲ"

"သူပဲ ငါးခူပြုံး ပြုံးနေပြီးတော့၊ ဒါလင် ပြုံးတာမြင်တော့ ညီမလဲ ပြုံးမိတာပေါ့"

"ဘယ်သူကစပြီး ပြုံးချင်ချင် ဖြစ်တာလဲ၊ ဒါလင် ပြုံးတာမြင်လို့ အစ်ကိုလဲ ပြုံးမိတာ"

သူတို့ကျတော့လဲ နှစ်ကိုယ်တူ ပြုံးသမျှ ဖြစ်နေကြသည်။ ဝေ့လည်ကြောင်ပတ် ဟန်ပန်အမူအရာဖြင့် နှုတ်ခမ်းလေး ချွန်ပြီး မိယဉ်





မျက်နှာ ဝင်းလက်သွားသည်။

"အကြံရပြီ ဒါလင်. . . ဒီလိုလုပ်ရအောင်"

မောင်ယဉ်၏နားရွက်နား ကပ်ပြီး မိယဉ်က တီးတိုးတွတ်တွတ်ပြောလေသည်။ သေချာတာကတော့ မိယဉ်မျက်နှာပေါ်က အပြုံးဟာလဲ သူ့မျက်နှာပေါ် ကူးစက်သွားခြင်းပင်ဖြစ်လေသည်။






www.burmeseclassic.com

www.burmeseclassic.com



DIG

"ငါ မင်းနဲ့ အတူတူ မအိပ်နိုင်ဘူး"

"မအိပ်နဲ့ . . . ရှင့်ဟာရှင် အပြင်မှာ သွားအိပ်ချေ၊ ဒါမှ ရှင့်ကို ခြင်ချီသွားမှာ"

ဒါကတော့ "ပွင့်လဲ ဂေါ်ဇီလာနဲ့ပဲ အိပ်တော့မယ်" ဆိုတဲ့ ကင်းကောင်နဲ့ ခြင်ဆေးခွေကြော်ငြာပါ။ မင်းသမီး၊ မော်ဒယ်လ်ဂဲလ်တွေ ညှို့အားပြင်းတာလောက်တော့ ပွင့်တို့က အိပ်နေသလောက်ပဲ ရှိတယ်။ အခုအဖြစ်အပျက်က အဲ့ဒီခြင်ဆေးခွေအဆင့် မဟုတ်တော့ဘူး။ အဲ့ဒါထက် မြင့်သွားပြီ။

"ငါ မင်းနဲ့ လုံးဝမပေါင်းနိုင်ဘူး"

"မပေါင်းနဲ့ . . . ကျုပ်ကလဲ ဆယ်ခါပြန် မပေါင်းနိုင်ဘူး၊ ရှင့်





ဟာရှင် အပြင်မှာ သွားပေါင်းချေ၊ ဒါမှ နံရိုးအပြိုင်းပြိုင်းနဲ့ ဘဲပေါင်းရှုပ်ပေါက်မှာ"

တစ်ရပ်ကွက်လုံး အထူးအဆန်း နားစွင့်ကြသည်။ သာယာညည်ပြောခဲ့သော ကြင်စဦး စံပြအကြင်လင်မယား စံအိမ်ကလေးက ပေါက်ကွဲသံတွေ ပထမဆုံး စပြီးကြားရတာဆိုတော့ ဆန်းပြားနေကြသည်။

"မင်းက စလင်းဘတ်အိတ် လွယ်ပြီး ငါက အတာချီကေ့စ်ကို ကိုင်ရမှာကွ တော်းမရ"

"ရှင်က အတာချီကေ့စ်ကို ကိုင်ပြီး ကျုပ်က စလင်းဘတ်အိတ် လွယ်လိုက်ရင် ပြီးနေတာပဲ၊ ရှင်နွယ်လာလို့ ဒီလိုပြောခံရတာ"

ဖြစ်ပုံက ဘာမှလဲမဟုတ်။ နှစ်လုံးထဲနဲ့ ကပ်ပြီးရှုပ်နေတာ သုံးလုံးတွေ ခြောက်လုံးတွေ မဟုတ်သေးဘူး။

"မင်းက အရင် ငါ့အတာချီကေ့စ်ကို ကိုင်တာလေ"

"ကျုပ်က ခဏကိုင်ပေးထားတာ ရှင်ပုဆိုးပြင်ဝတ်လို့၊ ဒါကိုပဲ ရှင်က လောကွတ်ချော်ပြီး ကျုပ်စလင်းဘတ်ကို လွယ်တာလေ၊ အဲ့ဒါ ရှင့်အပြစ်၊ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး"

သူတို့အဖြစ်က ပြောင်းပြန်ကြီး။ မောင်ယဉ်က စလင်းဘတ် လွယ်မိပြီး မိယဉ်က အင်္ဂလိပ်ဖာကို ကိုင်မိလို့တဲ့။ အဲ့ဒီလို ကြည်ကြည်ဖြူဖြူ မောင်တလွယ်၊ မယ်တစ်ကိုင် ကြည်နူးလာတာကို ရပ်ကွက်ထဲမှ ရွှတ်နောက်နောက် ကာလသား ချာတိတ်တွေက ယောကျ်ားလျှာနဲ့ မိန်းမလျှာလို့ နောက်လှွတ်လိုက်တာလေ။ နှစ်ယောက်သား ပေါက်ကွဲပြီး တစ်ယောက်ပေါ် တစ်ယောက် အပြစ်ဖို့ကာ အတောမသတ် ရန်ပွဲလေး ဖြစ်ကြရတော့သည်။

"ရှင့်ကြောင့် အပြောခံရတာ၊ ကျုပ်ကို အပြစ်လာတင်မနေနဲ့"

"သူခိုးက လူဟစ်လို့၊ ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟာမ မင်းနဲ့ငါ မပေါင်းဘူး"

"ကျုပ်ကလဲ ဆယ်ခါပြန် မပေါင်းဘူး၊ ကြွကြွ. . . ရှင် အိမ်ပေါ်က ဆင်းပေတော့"

မောက်မာကျွတ်ဆတ်ဆတ်နိုင်လှစွာ မိယဉ်က ဟောက်ထုတ်သည်။ မောင်ယဉ်အသဲ တဆတ်ဆတ်ခါ နာကျင်သွားသည်။

"မင်းကလား. . . ဒါ ငါ့အိမ်ကွ၊ အမေက ငါ့ကို လက်ဖွဲ့ထားတဲ့အိမ်၊ မင်းက ဆင်းရမှာ"

"လက်ဖွဲ့ပစ္စည်း. . . တရားသူကြီးရှေ့မှာ ရှင်းလို့ရတယ်၊ ဒါ ကျုပ်နဲ့လဲ ဆိုင်တယ်. . . ရှင်လဲဆင်း"

အိမ်ရှေ့အပေါက်ဝမှာ ဟန်ပါပါနှင့် အော်ဟစ်ကြိမ်းမောင်းပြောနေရာမှ မောင်ယဉ်က အိမ်ထဲသို့ ဖိုးဖိုးဖတ်ဖတ် ဝင်သွားလေသည်။ လူမြင်သူမြင် မရှိလောက်သော အထဲရောက်ကာမှ စားပွဲခုံကို လက်သီးဆုပ်ဖြင့် ထုသည်။

"ဒိုး"

"မင်း ငါ့စိတ်ကို စမ်းနေတာလား ဒါလင်၊ ငါဆိုတဲ့ကောင်က ဟင်ဆိုရင် ပြန်လှည့်မကြည့်တတ်ဘူးကွ"

"ဒီကလဲ မိယဉ်တဲ့၊ တစ်ယဉ်ပဲ ရှိတယ်၊ နှစ်ယဉ်ရှိရင်လေယာဉ်လုပ်မောင်းပစ်မယ်"

"ဖုန်း"

ကက်ကက်လန် ပြန်ရန်တွေ့သော မိယဉ်ကလဲ တံမြက်စည်းဖြင့် အိမ်ခန်းတံခါးကို ထုလေသည်။ အသံကြောင့် သေနေသော ဖားလင်မယားပင်။

"ယဉ်တာချင်း တူရင် တိုက်စားပေးလိုက်မယ်၊ ဘာယဉ်ဖြစ်ဖြစ်ယင်ဆိုရင် မိလ္လာကျင်းထဲ ပစ်ထည့်ပစ်မယ်"

"ခလွမ်း. . ."





ပြုံးဖြီးဖြီးနဲ့ မာန်ပါပါ အော်ဟစ်ရင်း မောင်ယဉ်က မီးချောင်းအကျွမ်းကို သမံတလင်းပေါ် ပစ်ချခွဲပစ်သည်။ မိယဉ်ကလဲ ဘယ်နေသိမ့်မလဲ။ ခြေနဲ့လက်နဲ့ မွေးလာတဲ့ မဟုတ်မခံ လူသားမိန်းမပဲ။

"ရှင်က ဒီလိုလား၊ ကျုပ်က ရှင့်လို ဖန်ခွက်လောက်မှ ခွဲရဲတာမဟုတ်ဘူး၊ တိုက်ပန်းကန်တွေပါ ခွဲရဲတယ်"

မိယဉ်က မီးချောင်းအကျွမ်း သုံးချောင်းပူးလုံးကို ချခွဲပစ်လိုက်သည်။ မမြင်မစမ်း ဘေးအိမ်တွေကတော့ အကြားအာရုံဖြင့်ပင် အတော်ပွဲကြမ်းနေလေပြီ။ အိမ်ထဲမှာတော့ အတွင်းကြေ ကြိတ်ပြီး ရန်ဖြစ်ဟန်ဆောင်နေတာ ဘယ်သူမှ မသိပေ။ ပိုက်ဆံချေးကာ အရက်သောက်ရန် ချီတက်လာသော ကိုကျော်ဝေးပင် အခြေအနေမကောင်းသဖြင့် ခေါင်းခါ၍ တပ်ပြန်ခေါက်သွားလေပြီ။

အသံနဲ့ ဖြုံခြောက်ပြီး ကြေငြာမောင်းခတ် ရန်ဖြစ်နေကြတာပါ။ အိမ်ထဲမှာတော့ မိယဉ်က တံမြက်စည်းတစ်ချောင်းနဲ့ ဖန်ချောင်းအကွဲစတွေ လိုက်စုလို့၊ မောင်ယဉ်ကလဲ အမှိုက်ကျုံးဂေါ်ပြားနှင့် အမှိုက်တောင်း အဆင်သင့် ကိုင်ကာ ရပ်လို့နေပါသည်။ ရုပ်ရှင်ထဲမှာ ကြည့်ဖူးသော ဒိုင်ယာလော့ဂ်တွေ ကွက်တိရွတ်ပြီး ပိပိရိရိ အခဲမကျေ ဖြစ်နေကြတာ။ အတွင်းကြေ ကြိတ်ဝိုင်းကိုတော့ အပြင်ပန်းက လုံးဝမသိနိုင်ပေ။ သူတို့အကြံအစည်က ရန်ဖြစ်ဟန်ဆောင်ပြရန်ဖြစ်သည်။ မတော်မတည့် ရန်ဖြစ်လျှင် တော်ရုံဧည့်သည် လန့်ဖြတ်ပြီး နေစရာမရှိ စားစရာမရှိ လှည့်ပြေးနိုင်သည်။ ရပ်နီးမှ လာရောက်လည်ပတ်သော ကပ်တီးမူးလဲ အပေါင်းအသင်းများကို ဟန့်တားနိုင်မည်ဖြစ်သည်။ ပိုင်လိုက်တဲ့ဆင်ကြံ။

အမှိုက်ပုံးထဲကို ဖန်ချောင်းအကွဲစများ ထည့်ပြီးသွားသောအခါ နောက်တစ်ခန်းကူးကာ အိပ်ခန်းထဲ ဝင်ကြလေသည်။

"ဒီလောက်တောင် ခေါင်းမာလှတဲ့ဟာမ၊ ငါ့အကြောင်း သိရ



www.burmeseclassic.com

www.burmeseclassic.com



သေးတာပေါ့. . . ကဲကွာ"

"ဖုန်း. . "

"တော်. . တော်ပါတော့ ဒါလင်ရဲ့၊ ကျုပ်သည်းမခံနိုင်တော့ဘူးနော်၊ ကျုပ်လဲ ပြန်လုပ်မှာနော်"

မောင်ယဉ်က မွေ့ယာကို တဖုန်းဖုန်းမြည်အောင် တံမြက်စည်းတံဖြင့် ရိုက်လေသည်။ ဒါကို မာန်ပါပါ မိယဉ်က အော်ဟစ်ငိုယို ညည်းတွားလေသည်။ တိုင်ပင်ကို ကိုက်နေတာပဲ။ ဒေါသမထွက်စဖူး အထွက်ထူးကာ ပွဲကြမ်းနေသော မောင်ယဉ်ကို ဘေးအိမ်မှ ကိုသစ္စာတို့ လင်မယား ကြားကာ အံ့သြနေလောက်ပြီ။ တင်မိုးထွေးကတော့ အိမ်ပေါ်မှဆင်းရမည့်သူ ဝေခွဲမရ၍ ပစ္စည်းတွေ ထုခွဲ၊ တန်အောင် ရိုက်နှက်ကန်ကြောက်၊ အိမ်ကို မီးနဲ့ရှို့ပြီးမှ နှစ်ယောက်သား လမ်းခွဲမည်ဟု တွက်နေလောက်ပြီ။ သူက သံယောဇဉ်မပျက် ချစ်လင် မောင်မျိုးမင်းကို တွယ်တာမိနေတာလေ။ ဂီတစာဆိုကြီးကတော့ ဘာပြောကောင်းမလဲ။ ကိုက်လိုက်ကွ ကျားလေးရေ၊ အရိုးကွဲအောင် ရိုက်မှ အသဲစွဲအောင်ချစ်တာဟု မှတ်ချက်ပြု ကောင်းချီးသြဘာပေးလို့နေတော့မှာ အသေအချာပဲ။

"ကျုပ်ကို ယူတုန်းကတော့ မထိရက် မတို့ရက် ချစ်လှပါချည်ရဲ့နဲ့၊ အခုတော့ ရှင်က ရိုက်ရက်ပြီပေါ့လေ၊ ရတယ်. . . ကျုပ်ကလဲ အညံ့မခံဘူး၊ အမျိုးကုတ် ငြိမ်ခံမယ့် မိန်းမတွေထဲမှာ ကျုပ်မပါဘူး"

မိယဉ်၏အော်ဟစ်ရန်တွေ့စကားက တင်မိုးထွေးကို သွယ်ဝိုက်၍ ထိရှသွားသဖြင့် ခေါင်းထောင်ကာ ပြတင်းဝမှ ထွက်ကြည့်သည်။ မိယဉ်ကတော့ ပတ်ဝန်းကျင်ကို လေဝင်ပေါက် လိုက်ကာကြားမှ ချောင်းမြောင်းကြည့်ပြီး ဆက်ကျူးဝါးသည်။

"ကျုပ်ကလဲ ရှင့်ကို ညှစ်တယ် ညှစ်တယ်"

မိယဉ်က ဖက်လုံးကြီးကို ကိုင်ကာ လက်နှစ်ဖက်ဖြင့် ဖျစ်ဖျစ်နှစ်နှစ် ညှစ်လေသည်။





"အား. . . နာတယ် ဂန်းနာမရဲ့၊ လွှတ်ပါဟ. . . သေတော့မယ်၊ အား. . . ခွေးမလေး"

တိုင်ပင်ထားတဲ့ ဇာတ်ကွက်ထဲမှာပင် မပါဝင်သော ဒိုင်ယာလော့ဂ်များဖြင့် ပိုမိုရုပ်ကြွပီပြင်လာသည်။ စျာန်ဝင်သွားကာ အပီအပြင်ဖျစ်ညှစ်ပြီး ကောပစ်လိုက်သည်။ အခြေအတင် ညည်းညူပြီး အသံကြား ရုပ်မမြင် အစီအစဉ်က အတော်လေး အရှိန်တက်လာသည်။ သူတစ်ပြန် ကိုယ်တပြန်ပင်။

"မင်း ငါ့ကို အမျိုးသားဘဝ လူညွန့်တုံးအောင် လုပ်တယ်၊ မင်းနဲ့ မပေါင်းဘူး၊ ငါပဲ အိမ်ပေါ်က ဆင်းမယ်"

စိတ်လျှော့သွားဟန်ဖြင့် မောင်ယဉ်က ညည်းတွားကာ အထုပ်အပိုးကို ကောက်ပြင်သည်။ လက်ဟန်အမူအရာဖြင့် အဝတ်အစားတွေလာထည့်ပေးရန် မိယဉ်ကို ပြသည်။ မိယဉ်က ဘီရိုကို ဖွင့်၍ လိုအပ်မည် ထင်တာတွေ စီစဉ်ပြီး ထည့်ပေးသည်။

"ဒီအိမ်မှာ မင်းလဲ မနေရဘူး၊ မင်းလဲဆင်း"

"ဆင်းမယ်. . . ရှင့်အကြောင်း သိသွားပြီ၊ ဆက်မပေါင်းနိုင်တော့ဘူး၊ အမေတို့အိမ် ပြန်မယ်"

တစ်ခွန်းမခံ အပြန်အလှန် ပြောကာ အပြောအဆို ရန်တွေ့မပျက် မိယဉ်က အဝတ်အစားတွေ စီစဉ်ပြီး ထည့်ပေးသည်။ ဟန်ဆောင် ရန်ဖြစ်ပြီးပြီ။ ထုထောင်းရိုက်ခွဲ ချိုးချေပြီးသွားပြီ။ ကိုယ်စီကိုယ်ငှလမ်းခွဲပြီး အိမ်နဲ့ဝေးရာ မြေစကြာလှည့်ကြဖို့ပဲ ရှိတော့သည်။

သွားတိုက်တံ ရောင်တူ၊ ပုံစံတူလေးကို မခွဲချင် မခွဲရက်ဘဲခွဲပြီး သီးခြားတစ်အိတ်စီ ထည့်လိုက်ရသည်။ သွားတိုက်ဆေးကျတော့ဘယ်လိုလုပ်ရမလဲ မိယဉ် မဆုံးဖြတ်တတ်ပေ။ ထက်ခြမ်းပဲ ခွဲရမလား ထက်ပိုင်းပဲ ဖြတ်ရမလား၊ ခရီးသွားလာရင်း အသုံးလိုတယ်လေ၊ မိယဉ်က သူ့အိတ်ထဲပဲ ထည့်ပေးဖို့ ဆုံးဖြတ်ပြီး ထည့်ဟန်ပြင်လိုက်တဲ့ မိယဉ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အမူအရာကို ကြည်ကြည်နူးနူးလေး ထိုင်ကြည့်နေတဲ့ သူက လေသံကြားရုံ တိုးတိုးသာသာ ဘဲငန်းလေဖြတ်သံဖြင့် ပြောလိုက်သည်။



“ဒါလင်ပဲ ယူသွားလိုက်လေ၊ ကိုယ်က လမ်းမှာ ဗူးသေးပဲ ဝယ်သုံးသွားလိုက်မယ်”

မိယဉ်က ဝင်းပပ တစ်ချက်ကြည့်လိုက်ပြီး အပြုံးမြမြနှင့် တုံ့ပြန်ကာ သွားတိုက်ဆေးဗူးကို သူမအိတ်ထဲသို့ ထည့်လိုက်တော့သည်။ နှစ်ယောက်သားကတော့ အကြင်နာ ပိုကဲကာ ရန်ဖြစ်ကြသတဲ့။ ပေါက်ပေါက်ရှာရှာ နှစ်ယောက်ပင်။ တကယ့်ပကတိ ပြင်းထန်သော ကတ္တီပါလမ်းခွဲကြီးအသွင်ပင်။ ပိပိရိရိ မပေးချင်ဘဲ ပေးရတော့မည်မို့ စိတ်မကောင်းဖြစ်ကာ မိယဉ်မျက်နှာလေး ညှိုသွားသည်။ သူက နှစ်သိမ့်ပြီး





ကလေးဖြင့် နှစ်သိမ့်ရှာပါသည်။

“စိတ်မကောင်း မဖြစ်ပါနဲ့ ဒါလင်ရယ်၊ ညည်းပေးတဲ့အကြံအတိုင်း အစ်ကိုတို့ ခဏဝေးကြတာလေ”

မိယဉ့်မျက်ဝန်းတွေမှာ မျက်ရည်ကြည်တွေ အမှန်တကယ် ဝေ့ဝဲလာသည်။ သူက နဖူးနုနုကို နှစ်သိမ့်အနမ်းဖြင့် ချော့မော့ဖြေသိမ့်ပေးလိုက်ပါသည်။

သူ့ပုံစံက လွတ်လွတ်လပ်လပ် နေရဦးမှာမို့ ပျော်နေသည့်အလား ယုံမှားသံသယ ဝင်ချင်စရာပင်။ ဒါပေမယ့် သူ့သစ္စာကို မိယဉ် ယုံကြည်စိတ်ဖြင့် ရဲရင့်စွာ ချစ်ပါသည်။ ဒါကြောင့်လဲ ဒီလို ကြံကြီးစည်ရာ ကြံစည်မိခြင်းပင်။

“ဒါလင်. . . ကျန်းမာရေးကို ဂရုစိုက်ပါနော်၊ ဆေးမှန်မှန်လုပ်ပြီးတော့ သောက်ဦး”

မိယဉ်က သူ့ကို ရွှတ်တီးရှတ်နောက်ဖြင့် တတွတ်တွတ် အမှာတော်ပါးနေသေးသည်။ စကားနည်းရန်စဲ၍ အမောဖြေကာ စိတ်လျှော့သွားလေပြီဟု ပတ်ဝန်းကျင်က ထင်နေကျ ကြံနေကျအတိုင်း ထင်ကြံထုံကျင်နေရင် မှားမှာပေါ့။ သူထွက်သွားပြီး မရှေးမနှောင်းမှာပင် မိယဉ်လဲ အိမ်တံခါးသော့ခတ်၊ ခရီးဆောင်အိတ် လွယ်ကာ ခြေဆောင့်ပြီး ဆင်းလာသည်။

“ညီမလေး ဘယ်သွားမလို့လဲ” ဟု မေးလာတိုင်း မိယဉ်က ခပ်ငေါ့ငေါ့ဖြင့် ပြန်ပြောပစ်သည်။

“ဒီအိမ်မှာ နေရင် ဒင်းအရိပ်တွေ မြင်ယောင်နေဦးမယ်၊ အမေတို့အိမ်ပဲ ပြန်မယ်”





www.burmeseclassic.com

www.burmeseclassic.com



# AID

အိမ်ပေါ်က ဆင်းလာပြီဆိုတော့ ဘယ်အရပ်ကို ခြေဆန့်ပြီး ကြွမြန်းရမလဲ မောင်ယဉ် စဉ်းစားမရ။ တောင်လိုလို မြောက်လိုလို ဝေခွဲမရ ဖြစ်နေသည်။ အိတ်ထဲမှာတော့ ရွာပြန်ရောက်နိုင်လောက်သည့် ငွေကြေးအလုံအလောက်နှင့် မှတ်ပုံတင် ပါလာသည်။ လောလောဆယ်တော့ ရွာကိုလဲ မပြန်ချင်သေး။ စိတ်ရှုးပေါက်ပေါက်ဖြင့် ကြုံရာ တွေ့ကရာ ကားပေါ် တက်လိုက်တော့ (၅၃)ကားက သူ့ကို မြို့ထဲဘက် ခေါ်သွားသည်။ လှည်းတန်းရောက်တော့ စိတ်ကူးတစ်ခုရပြီး ဆင်းလိုက်သည်။ အဆောင်မှာ နေသော စာရူးပေတလူး မင်းအာဒမ်ဆီ ဝင်ရန် ဆုံးဖြတ်လိုက်သည်။ ဒီကောင်ကြီးကို ဝင်ပြီး မူလဂိုလုပ်ရမည်။ သူ့အိမ်ကို လာပြီး ကပ်တီးမှုလဲ လုပ်သော တော်တော်





ဘည်လိုတော့ လက်စားချေလို၍ မဟုတ်ပါ။ ကိုယ်တို့လူ အာခေါင်ထဲမြက်ပေါက်နေပြီလား ဝင်ကြည့်လိုရင်းသာဖြစ်သည်။ မင်းအာဒမ်ကသူနှင့် တိုက်ရိုက်မပတ်သက်ပေမယ့် တော်တော်တည်မှတဆင့် သွယ်ဝိုက်ပြီး ပတ်သက်လာသော သူငယ်ချင်းပင်။ သူ့ခမျာလဲ စာဆိုလို့နလုံးတကန်း မသိ၊ ဘာမှမရေးတတ် မဖတ်တတ်ဘဲနှင့် ကျောင်းနေဖက်သူငယ်ချင်း ရွှေပေါလူနှင့် တော်တော်တည် မွှေသမျှ မင်းအာဒမ်ကပင်ကြားအချောင်ကျကာ တည်ကြက်ထားခံရလေပြီ။

အဆောင်ရှေ့ရောက်တော့ တံခါးစေ့ထားလို့ လှမ်းအော်ခေါ်လိုက်မိသည်။

"ဟာ. . . မောင်ယဉ်ကြီးပါလား၊ ဘယ်လိုမျက်စေ့လည်ပြီးပေါက်ချလာတာလဲ"

"အေးကွာ. . အဟေ့. . မျက်စေ့ကို လည်အောင်လှည့်ပြီး နံရံကပ် ပေါက်ချလိုက်တာပဲ၊ ထန်းပင်တောင် စိုက်ခဲ့သေးတယ်. . . အဟီး"

နောက်နောက်ပြောင်ပြောင် ပြန်နှုတ်ဆက်လိုက်သည်။ အခုတော့ ဧည့်သည်က ကိုယ့်အလှည့်၊ ကိုယ်ပြန်ဖြစ်ရချေပြီမဟုတ်လား၊ တစ်ပြန်တစ်လှည့် အသာစီး ရခြင်းပင်။

"ခင်ဗျားကလဲ. . . ယဉ်ကြီးလဲဆိုသေး၊ ခါတ်ဆီနဲ့ စီအန်နံဂိုခွဲမထားပါလား"

သူ့အပြောကြောင့် မောင်ယဉ်တို့ ပါးစပ်အဖြဲသားနှင့် ရယ်ပွဲဖွဲ့မိကြသေးသည်။ ကိုယ်တို့လူက လွှတ်နောက်တာပဲကိုး။ မောင်ယဉ်လဲ အားကျမခံ ပြန်နောက်တာပေါ့။

"ဟာဗျာ. . ဟော့လူ. . ကျုပ်က မီးခိုးခေါင်းတိုင် အိတ်ဇောပိုက်ကြီးတော့ ပါပါတယ်ဗျ"

အားလုံး အတွေးပေါက်ကာ ရယ်မိသည်။ ဖတ်မိသော မောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထိုက် ဟာသထဲမှာ ချူချာတို့ရွာကို ကားတစ်စီး ရောက်လာတယ်။ မမြင်ဖူးတော့ ဝိုင်းကြည့်ပြီး မြင်ကြေးအမျိုးမျိုး ပေးကြလေသတဲ့။ မီးသီးနှစ်လုံး ပါတော့ မျက်လုံးနှစ်လုံးပေါ့။ ဘီးလေးလုံး ပါတော့ ခြေနှစ်ချောင်း၊ လက်နှစ်ဖက် သတ္တဝါပဲလို့ ယူဆကြတယ်။ နောက်ဆုံးမှာ ကားအောက် အိပ်ဇောပိုက်ကို ငုံ့ကြည့် စမ်းကိုင်ပြီး အားပါတရ ကြွေးကြော်သတဲ့လေ။ "ပုလိင်ကြီးကွ" ဆိုပါလား။ အဲဒါကြောင့် မောင်ယဉ်က မီးခိုးခေါင်းတိုင် အိတ်ဇောပိုက် ပါကြောင်း ပြန်နောက်ထည့်တာပေါ့။

ပြီးမှ မလွဲမရှောင်သာ ဝင်လာဖြစ်ပုံ အကြောင်းစုံ ရှင်းပြလိုက်ရသည်။ မင်းအာဒမ်ကတော့ မအူမလည်ဖြင့် မအီမလည် ဖြစ်နေတော့သည်။ ဖြစ်ဆို သူ့မှာကလဲ သိပ်အားရစရာက ရှိလှတယ် မဟုတ်ဘဲ။ ဘဲဥတစ်လုံးကို လေးခြမ်းစိပ်ပြီး အနံ့ရှူကာ ထမင်းစားနေရသည်။

"အဆောင်မှာ လူပိုလက်မခံတာ ငါသိပါတယ်ကွာ၊ ငါ့ကို ငဇော်ကြီး လိပ်စာမေ့သွားလို့ အဲဒီလိပ်စာလေး ရလိုရငြား ဝင်လာတာပါကွ"

"ရပေါ့ကွာ. . . သိပ်ရှိတာပေါ့"

အားတက်သရော လမ်းလွှဲပေးသော အရောက်ပို့သူကို ကိုယ်တို့လူက တက်တက်ကြွကြွ ကူညီပြသည်။ ဖြစ်နိုင်ရင် ညီမမျက်နှာဖြင့် ချစ်ပန်းပွင့်နေသော ငတော့်အိမ်ကို သူကိုယ်တိုင်ပင် လိုက်ပို့ချင်နေပုံရလေသည်။ ဒီလို နတ်လမ်းညွှန်လို့ကတော့ မောင်ယဉ်တို့က မိုးထိအောင် လှေခါးထောင်ပြီး အရောက်သွားဖို့ အဆင်သင့်ပါ။

"တခြားလူမကြည့်နဲ့. . . မင်း ငါ့ကိုပဲကြည့်၊ တော်တော်ခြောက်သွေ့ ငြီးငွေ့အတီးကျန်တာကွ၊ အိုချင်တိုင်း မအိုရတဲ့ဘဝမှာ မင်းက လက်ဆုပ်လက်ကိုင်လေးကို အကြာကြီး လွှတ်မထားနဲ့၊ စိတ်လျှော့သင့်တာ လျှော့ပြီး ပြန်ပေါင်းနိုင်အောင် ကြိုးစားကွာ"

အဟုတ်တကယ်မှတ်ပြီး အိမ်ထောင်ရေး မပျက်ယွင်းဖို့ ဆွယ်





တရားဟောနေသေးသည်။ မောင်ယဉ် ရယ်ချင်စိတ်ကို မျိုသိပ်လျှက် တည်တည်တံ့တံ့ ခေါင်းညိတ်ပြရသည်။

"စိတ်ချပါကွာ. . . မင်းတို့လို ယောက်ျားရင့်မာကြီးတွေဖြစ်ပြီး ဘဲဥကို မညှာမတာ လေးခြမ်းတော့ မစိတ်ပါဘူးကွာ၊ နပိုလီယန်ထက် ရက်စက်တဲ့ငတိတွေ"

စာရူးပေရူးရှေ့ဆိုတော့ ကြီးကျယ်တာတွေပဲ တမင်ရွေးပြီး ပြောနေမိတာ။ သူတို့လေပိရင် မလွယ်ဘူး။ ဟုတ်တယ်လေ။ နပိုလီယန်ကမှ ကမ္ဘာကို ထပ်ဝက်ခွဲခြမ်းဖို့ ကြိုးစားဖူးရုံ ရှိသေး။ သူတို့က ဘဲဥကို ရက်ရက်စက်စက် ပြုတ်ပြီး လေးခြမ်းစိပ်ပစ်နေတာ။

"ငါတို့က ချွေတာစုဆောင်း သူဌေးလောင်း လုပ်နေတာကွ၊ ဘေဘီလုံမှာ ဘဲဥအစိပ်ဆုံးပုဂ္ဂိုလ်ဟေ့"

"ကိုင်း. . . ကိုယ်တို့လူရေ၊ စကားပြောလို့တော့ မဝသေးဘူးဟ. . . ပြန်လစ်လိုက်ဦးမယ်"

"ဟိုငမူးပြဲ ရှိတဲ့ အိမ်ကို သွားမယ်ပေါ့၊ မင်းကတော့ ရွာလည်ဦးမှာ ငါမြင်ယောင်တယ် မောင်ယဉ်"

ဘာတတ်နိုင်မှာလဲ၊ ကိုယ့်မှာက လောလောဆယ် မျက်လုံးထဲ ပြေးမြင်မိတာက အိမ်မှာ လာပြီး အားမနာလျှာမကျိုး သောက်စားမူးယစ် ညှဉ်းပန်းနှိပ်စက်သွားတဲ့ ငတော်ကြီးမျက်နှာကိုသာ မှတ်မှတ်ရရ။

"လိုရမယ်ရပါကွာ. . . ငါ သူ့ဆီ ဝင်ချင်မှလဲ ဝင်ဖြစ်မှာပါကွာ၊ မြောင်းတကာက ဖူးလူးဆီ ကျော်ပြီး ဝင်ဖြစ်ချင် ဝင်ဖြစ်ဦးမှာ"

"အေးလေ. . . ဒါဆိုလဲ ပြီးတာပဲ"

ကိုယ်တွေ့ကြုံထားဟန် ရှိလေသော ဒမ်ကြီးက ယခုမှ စိတ်အေးဟန်ဖြင့် ဖြေလျှော့၍ ပြောလေသည်။

"ငါသုတ်တော့မယ်ကွာ. . . မိုးမချုပ်ခင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဆေးပေါ့ကွာ. . . ကားတွေက (၂၄)နာရီ ရှိပါတယ်၊ မင်းကို လက်ဖက်ရည် လိုက်တိုက်ဦးမယ်"

"ဟာ. . . ဟော့ကောင် ဒမ်ကြီး၊ မင်းက တိုက်စရာပိုက်ဆံကော ရှိလို့လား"

"မောင်ယဉ်. . . မင်း ငါ့ကို တယ်အထင်သေးတာပဲကိုးကွာ၊ ဟား. . . ဟား. . . ပိုက်ဆံမရှိတော့ ဘာအရေးလဲ"

နှစ်နှစ်ခြိုက်ခြိုက် မျက်တွင်းနှစ်ဖက် ပိတ်အောင် သူ ရယ်လိုက်သေးသည်။ အရင်းရှင်ခေတ်က ဓါးပြလေသံကြီးနဲ့၊ တကယ်ပဲ ဓါးပြတိုက်ကျွေးတော့လေမလား။ မောင်ယဉ် လန့်ကြောက်ကြောက် ဖြစ်သွားရသည်။ ကြုံရာပါတော့ အဖြစ်မခံနိုင်လို့ ငြင်းဆန်လိုက်သည်။

"နေပါစေကွာ. . . မင်းအကြောင်းလဲ ငါသိတာပဲ"

"နေလို့မရဘူးလေ. . . အိမ်ရှင်ဆီ ဧည့်သည်ရောက်လာရင် အိမ်ရှင်တာဝန် ကျေပွန်ရမယ်လေကွာ. . . ဟဲဟဲ၊ ငါ့မှာ မဟာအကြံကြီး ရှိပြီးသားပါကွ"

"ဘာလဲ. . . မင်း တစ်ခုခု ပေါင်နှံပြီး မျိုမကျအောင် ဧည့်ဝတ်ကျေမလို့လား"

"အဲ့လောက်ကြီး မလိုပါဘူးကွာ. . . မင်းကလဲ၊ ငါက မင်းကို ဘေလ်ထုပြီး အကြွေးတော့ တိုက်နိုင်ပါတယ်ကွ"

လက်စသတ်တော့ ကိုယ်တို့လူက ကျော်ဟိန်းလုပ်မလို့ကိုး။ ပြောင်မြောက်တဲ့ ဧည့်ဝတ်ကျေပွန်မှုပင်။ ဒါကြောင့်လဲ အကြွေးရှင်မှန်သမျှ ရှောင်ရအောင် အဆောင်တံခါးပိတ် မင်းတုံးချပြီး ဖဲကြိုတ်ရိုက်၊ ဂျက်ကာ လိမ့်ထုနေကြတာ ဖြစ်မှာပေါ့။ သူရောက်လာတုန်းက ခေါ်မကြား အော်မကြားလေ။

သူ့အခန်းဖော်နဲ့ ကိုယ်တို့နှစ်ယောက် ခြေလှမ်းကျဲများဖြင့် တီးဆွဲဖို့ စားကျက်မြက်ခင်းထဲ လျှောက်မိကြသည်။ သူဦးဆောင်ရာ ဆိုင်ထဲ





သွားလိုက်ကြသည်။ မျက်နှာပူတယ်ဆိုပေမယ့် မျက်နှာပြောင်တိုက်ပြီး ဝင်ထိုင်ကြတာပါပဲ။

"မင်း ကိုယ့်ကိုယ်ကို လွှမ်းမိုးများ ထင်နေသလား၊ အကန့်ပိုင်တိုင်း အကြွေးတွေ လိုက်သိနေတာ"

"အကြွေးရှိတော့ လူတကာက သတိတရ ရှိတာပေါ့ ငါ့ကောင်ကြီးရ၊ အကြွေးမရမှာစိုးလို့ မသေပါနဲ့ဦးလို့တောင် မေတ္တာပို့ကြဦးမှာလေ. . . အဟေးဟေး"

သူ့မူဝါဒကလဲ တမျောင့်။ ဆိုင်ရှင်က ကြည်ဖြူသည် မသိ၊ မကြည်ဖြူသည် မသိဘဲ လက်ဖက်ရည်သုံးခွက် စွတ်စက်မှာသည်။ "လက်ဖက်ရည် အကြွေးသောက်ချင်ရင် ဆိုင်ရှင်မျက်နှာမကြည့်နဲ့" ဟု စကားပုံကို အသစ်ပြန်ပြောင်းရကောင်းနိုးနိုး စဉ်းစားမိသည်။

သူက မောင်ယဉ်ကို အချိန်မှီ ပြင်ဆင်ဖို့ သတိပေးစကား ပြောလေသည်။ မောင်ယဉ် ခေါင်းညိတ်လက်ခံပြီး ပြုံးပြလိုက်ပါသည်။ စာပွဲထိုး လာရောက်တည်ခင်းဧည့်ခံပေးသော လက်ဖက်ရည်တစ်ကျိုက်ကောက်ငုံ ကျိုက်ချလိုက်ပြီး စီးကရက်ကို မီးကောက်ညှိလိုက်ရသည်၊ အကြွေးသောက်ရသည်မို့လားမသိ။ လက်ဖက်ရည်ကလဲ တော်တော်အရသာကောင်းလေသည်။

"ဟိုကောင်တွေဆီ ဘာမှာဦးမလဲ"

"နှင့်မေအဘ. . ငါက မှာစရာ ဘာလိုလို့လဲ"

"မှာစရာရှိတာ မှာထားခဲ့လေကွာ၊ နောက်ဆုံးထွက်သက်ရောက်တော့မှာ"

ဒမ်လောက,က နောက်နေမှန်းသိသဖြင့် ရယ်ကျဲကျဲ လုပ်လေသည်၊ လက်မောင်းကို ခပ်ဖွဖွ ထိုးပြီး သတိပေးသည်။

"အဲဒီကောင်တွေကို ပြောလိုက်၊ ငါ့ဆီ လုံးဝမလာနဲ့လို့၊ လာရင်လဲ ငါက အကြွေးရှင် ရှောင်သလို ရှောင်နေလိုက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာလင့်အောင် ဖြုန်းတီးမိသောအခါမှ ဒမ်ကြီးကို နှုတ်ဆက်လိုက်သည်။

"ကဲ. . . လောကကြီး မဟုတ်တဲ့ လောကကောင်. . . ငါသွားမယ်ကွာ၊ ဟိုကောင် ရှပ်ကာဘီမထွက်ခင် အမိဖမ်းရမယ်"

"အေး. . အေး. . ကြွကြွ၊ မင်းတို့ နဠဂီရိဂိုဏ်းသားတွေ ထပ်တွေ့ကြဦးမပေ့ါ၊ ဟိုကောင်ကလဲ ကျားသိပ်မိုးတဲ့ကောင်၊ မင်းပါလာတာလေး မကုန်ရင် ငါ့ကြိုက်သလိုပြောကွာ မောင်မင်းကြီးသား ငမောင်ယဉ်"

"ခွေးကောင်. . . ငါ့မှာလဲ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲပါတာကွ၊ ဒီအပြင် ဘာအပိုကုန်မှာလဲ"

မောင်ယဉ် ပါးနှစ်ဖက် ခွက်အောင် ပြုံးလိုက်ပြီး အိတ်ကို ဟန်ပါပါ ပုတ်ကာ ပြောလိုက်ပါသည်။ မင်းအာဒမ်က နှုတ်ခမ်းထော်လန်ပြုံးပြရင်း ခေါင်းတဆတ်ဆတ် ညိတ်လျက် ကျန်ရစ်လေသည်။ ဒီလောက်ဆို ဒီကောင်ကြီးဆီ ဝင်မွှေရတာ တန်သွားပြီ။ ပါးပါးလေး စပြီးလှော်ရတာ။ ဟိုငတော်ဆီ ရောက်မှ ထုထုကြီး ကော်ရမယ်။

"တွေ့ကြလေပြီပေ့ါ. . အတုံ့အလှည့်များတဲ့ လောကဓံအမွှေနည့်ဆိုးတွေရယ်"





# RAIL

"ဟဲ့. . . ပေါ်ကြည်ရေ. . . ပေါ်ကြည်"

တတ်သမျှ မှတ်သမျှဖြင့် အသံကြား သနားပါစေ ကရုဏာသံလေး ပေါက်အောင် အော်ခေါ်လိုက်ပါသည်။ ပေါ်ကြည်မက ကလေးချီလျက် ကသောကမျော ထွက်လာလေသည်။

"ဟဲ့. . . မိယဉ်ပါလား၊ ဝလို့လှလို့ပါပဲလား ကောင်မရဲ့"

"ဝလို့လှလို့ လုပ်မနေနဲ့၊ ငါ အိမ်ပေါ်က ဆင်းလာတာဟဲ့"

"ဟောတော်. . . ဘယ်လိုဖြစ်ရပြန်တာလဲ ညည်းယောကျ်ားရော မပါဘူးလား၊ အို. . . မျက်နှာမှာလဲ ညိုမဲလို့၊ ဘာဖြစ်လာတာလဲ"

ပေါ်ကြည်တို့ ပြောလိုက်ရင် ဒီလိုချည်းပဲ။ အိမ်ပေါ်က ဆင်းလာပါတယ်ဆိုမှ ဘယ်လိုလုပ်ပြီး ယောကျ်ားက ပါမှာတဲ့လဲ။ ဒွေ့က



www.burmeseclassic.com

www.burmeseclassic.com



မိယဉ် အိမ်ပေါ်က အပျော်ဆင်းလာတယ်လို့များ အကောင်းမြင်လေသလား မသိ။

"ကျုပ် အိမ်ပေါ်က ဆင်းလာတာ ယောကျ်ားနဲ့ စကားများလာလို့ တော်ရေ၊ အဲ့ဒီသေနာကျကို ဘာလို့ ခေါ်လာရမှာလဲ"

"မသိဘူး. . . ငါက နင်တို့ကို အဲ့ဒီလို မထင်ရဘူးဟယ်၊ ရှိုးရှိုးတန်းတန်းပဲ ဆင်းလာတာ ထင်လို့. . . အဟီး"

ပြုံးဖြီးဖြီးနဲ့ မိယဉ်ကို ကြည့်ကာ သူမ ရယ်ပါသည်။ မိယဉ်လို ကျွတ်ဆတ်ဆတ် မိန်းမက ယောကျ်ား ဆော်ပလော်တီးလွှတ်တာ သိရလို့ ပြုံးချင်တာလဲ ပါလေသည်။ အိမ်ခန်းထဲမှ သူမအမျိုးသား ကိုလှဌေး ထွက်လာသည်။

"ဘာလဲ မိယဉ်၊ နင်တို့ မင်္ဂလာထပ်ဆောင်ကြဦးမလို့လား၊ ငါ လက်ဖွဲ့ဖိုး မတတ်နိုင်တော့ဘူးနော်"

"ဘယ်ကလာ ဦးလှဌေးကလဲ၊ ဒီမှာ အပျက်ပျက်နဲ့ နှာခေါင်းသွေး ထွက်လာတာ"

"ဟော. . . နင်တို့ဟာ ဘာကြာသေးလို့လဲဟ၊ တစ်နှစ်တောင်မှ ပြည့်သေးရဲ့လား"

တအံ့တဩဖြစ်ကာ ခပ်ရွဲ့ရွဲ့ မေးလိုက်တဲ့အမေးကြောင့် မိယဉ် မခံချင်စိတ်ဖြစ်ကာ ပြန်ဖြေပါသည်။

"တစ်နှစ်တော့ ကျော်ပါပြီ ကိုလှဌေးကြီးကလဲ"

ပေါ်ကြည်က အားပေးနှစ်သိမ့်ရှာသည်။ ဂရုဏာသက်စွာဖြင့်ပင်. . .

"ကဲပါလေ. . . ညည်းဘာမှ လျှောက်တွေးမနေနဲ့၊ ကျုပ်အိမ်မှာပဲ လောလောဆယ်နေ၊ ညည်းယောကျ်ားက စိတ်ဆိုးတုန်း ခဏပါအေ၊ စိတ်ပြေရင် ပြန်လာခေါ်လိမ့်မယ်"

အတွေ့အကြုံရင့် ဆားဗစ်ရ သူငယ်ချင်းမက အားပေးနှစ်သိမ့်





ရှာသည်။ မသိသေးပေဘဲကိုး။ ဒီယုန်မြင်လို့ ဒီခြုံထွင်ထားတာကို မိယဉ် ခပ်ချွဲချွဲလေး ကြေကွဲပြလိုက်သည်။

"ငါလဲ ဒီပုံစံနဲ့ အိမ်မပြန်ရဲလို့ ကြံရာမရဖြစ်ပြီး ညည်းဆီ ဝင်လာတာပဲအေ. . . စိတ်ပျက်စရာကြီးပါဟာ"

ပိန်ကပ်ကပ်၊ ဂင်တိုတို၊ မဲပြောင်ပြောင် ကိုလှဌေး မျက်လုံးပြူးမျက်ဆံပြူးဖြင့် အိမ်ပေါ်မှ ဆင်းသည်။

"ငါတို့များ ဆင်းချင်တာတောင်မှ နောက်က အတင်းလိုက်ဆွဲထားတာဟ၊ လွတ်လွတ်လပ်လပ် စကားပြောကြဦး"

"အောင်မယ်. . . ရှင် ဆင်းချင်ရင် ဆင်းသွားလိုက်လေ၊ ပုဆိုးဆွမ်းလေးနဲ့ အိုးစည်ပုံမောင်း တီးပေးလိုက်ဦးမယ်၊ နေသာသပ ကျုပ်တို့က ရွှေညာကပဲ"

ပေါ်ကြည်ကလဲ သူမရဲ့ချစ်လင်ကို အတင်အစီးမခံ ထောပနာလှမ်းပြုသည်။ ကိုလှဌေး နောက်တီးနောက်တောက် လုပ်လိုက်ရသဖြင့် ပြုံးဖြီးဖြီးဖြင့် အပြင်ထွက်သွားလေသည်။ မိယဉ်က မနေတတ် မထိုင်တတ် အားနာပါးနာ ဝင်တားမိသည်။

"ဒါက နင့်သားလေးလားဟဲ့၊ နင်နဲ့ ပိုတူတယ်ဟ"

"အေး. . . ဟုတ်တယ်၊ မျက်ခုံး နှုတ်ခမ်းတွေက ငါ့ဘက် ပါတယ်၊ အသားလဲ ငါနဲ့ တူလို့ ဖြူတာ၊ မျက်လုံးပြူးတာကတော့ သူ့အဖေနဲ့ တူလို့ ဖြစ်မှာပေါ့"

ကိုယ့်ဘက်ကိုယ်ယက် ကိုယ့်ငါးချဉ် ကိုယ်ချဉ်တတ်သော လူ့သဘာဝအတိုင်း အကောင်းဘက်ကို လုယူလေသည်။ မြှောက်မြှောက်ပင့်ပင့်လေးဖြစ်အောင် ညာတာပါတေးစကား မိယဉ် ကောက်ပြောလိုက်ပါသည်။

"ငါဟယ်. . . နင်တို့မိသားစုကို အရမ်းအားကျတာပဲ၊ သားလေးတစ်ယောက်နဲ့ စိုစိုပြေပြေ ရွှင်ရွှင်လန်းလန်း ဖြစ်လို့နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းထင်လို့ပါအေ. . . ကျုပ်လဲ ဒါကြီး စိတ်ကုန်နေတာ ကြာပါပြီတော်. . . မလှဲမရှောင်သာ"

မဲ့ကာရွဲ့ကာဖြင့် ပေါကြည်မက ပြန်ပြောလေသည်။ ရင်ထဲက အကြိတ်အခဲတွေ ဖောက်ခွဲချပြနေသည်။

"ညည်းတို့က အပြောပါအေ၊ တံခါးမျှားလို နေ့ဘက်ပြန်ဖွင့် ညဘက်ပြန်ထိတာပဲ မဟုတ်လား၊ ခွဲနိုင်တာလဲ မဟုတ်ဘဲနဲ့. . . ညည်းနှယ်အေ"

"ဟဲ့. . . မိန်းမရဲ့၊ မခွဲနိုင်တာ မဟုတ်ဘူးဟဲ့၊ ငါက သူ့ကို နေတိုးလို့ မြင်ပြီး သူက ငါ့ကို အိန္ဒြာကျော်ဇင်လို့ပဲ မြင်ယောင်တာ၊ မြင်ယောင်စိတ်ဖြေပြီး မချစ်သော်လည်း အောင့်ကာနမ်းနေရတာ"

ပေါကြည်က တရင်းတနှီး လက်မောင်းပုတ်ရိုက်ပြီး အားပါးတရ ပြောလေသည်။ သူငယ်ချင်းနှစ်ယောက် တွေ့လိုက်ပြီဆိုသည်နှင့် အားပါးတရပင် စကားပြောဖြစ်ကြသည်။

"ဟဲ့. . . ကြားသွားဦးမယ်၊ ပြန်လာလို့ လူက ပိန်ရတဲ့ကြားထဲ မြောင်းထဲ ခုန်ချပြီး စိတ်နာနာနဲ့ သေနေဦးမယ်"

"မကြားပါဘူးဟယ်. . . မိုးလေဝသ ကင်းရှင်းတယ်၊ မိုးကြိုးလွတ်တယ်၊ သူ အလုပ်သွားပြီ၊ မိုးချုပ်မှ ပြန်လာမှာ"

"ဒါဖြင့်ရင် သူမရှိလို့ ဂျို(ချို)ထောင်နိုင်တာ. . . အာကျယ်ရဲတာပေါ့၊ ဟုတ်တယ်မို့လား မိန်းမ"

"မဟုတ်ပါဘူးဟယ်. . . သူရှိလဲ ဒါထက် ဆယ်ဆ ငါက အော်ရဲပါတယ်၊ ညည်း ငါ့အကြောင်း သိပါတယ်"

ပေါကြည်မက မျက်စချီကာ ပြောလိုက်သေးသည်။ ရင်ခွင်ပိုက်ထားသော ကလေးပင် မိန်းမောအိပ်ပျော်နေသည်လားမသိ။ အဲ့ဒီလို ထမင်းမွေ့ဟင်းမွေ့ သားမွေ့ အတင်းတုပ်တဲ့နေရာမှာ စပါယ်ရှယ်လစ်ပဲ။ အခုမှ သူငယ်ချင်းနှစ်ယောက် အတင်းပြောဖော် ရသွားပြီး အတော





မသတ်နိုင် ဖြစ်သွားလေသည်။ စကားပြောလို့ကောင်းတုန်း ခဏရပ်ကာ ကလေးကို ပုခက်ထဲ ချွေ့သိပ်ရသည်။

"ညည်း ထမင်းခူးစားချေအေ. . . လွတ်လွတ်လပ်လပ်ပေ့ါဟာ၊ ငါ့သားက နေရာချွေ့လိုက်တာနဲ့ နိုးပြီ၊ သူ့ကို ပြန်သိပ်ရဦးမယ်"

"လက်သာနေလို့ ဖြစ်မှာပေါ့၊ ညည်းတို့က အလိုလိုက် အကဲပိုတာနေမယ်. . . ဟုတ်တယ်မို့လား"

"ငါက သိပ်မကဲပါဘူးဟာ၊ သူ့အဖေက ပြန်လာရင် လက်ပေါ်ကကို မချတော့တာ၊ ဒါတွေ ဒင်းကြောင့်"

ချစ်လို့ ဖြစ်သမျှအရာတွေပဲလေ။ အချစ်ရေ. . . ကိုယ့်ကြောင့်တွေချည်းပဲပေါ့။ ပွပေါက်တိုးပြီ ဆိုတဲ့အသိနဲ့ မိယဉ် ကုန်းရုန်းထလိုက်ပြီး သုတ်သုတ်သပ်သပ် မီးဖိုဘက် ထွက်လာလိုက်တယ်။ ပိုင်တာပဲ။ အိမ်လည် အတင်းတုပ် ဧည့်သည်လုပ်ရတဲ့အရသာက တယ်လည်း မြိန်လှသကိုး။ ဒါကြောင့်လဲ မိယဉ်တို့ရဲ့အချစ်စံအိမ်လေးမှာ ဧည့်သည်မပျက် အဝင်အထွက် စည်ကားခြင်းဖြစ်ပေမပေါ့။

ထမင်းပလုပ်ပလောင်း စားရင်းက ပုခက်လွှဲနေသော ငါးကျည်းခြောက် ပေါကြည်အနား သွားကာ စပ်စပ်စုစု မေးမိလေသည်။

"ငါဟယ်. . . ဒီလောက်ထိ ဖြစ်သွားတာ အံ့လည်းသြပါရဲ့၊ မရခင်တုန်းက ယုန်သူငယ်လေးလို သိမ်မွေ့တဲ့သူက ရလဲပြီးရော လူ့ဘီလူးကို ဖြစ်ရော ရိုင်းစိုင်းကြမ်းတမ်းရောပဲ"

မိန်းမဓါတ်စာ ယောကျ်ားမကောင်းကြောင်း ပို့ချရန် အစဖော်လိုက်သည်။ မနွဲ့ခင်က ယိုင်ချင်ချင်ဖြစ်နေတဲ့ ဟိုကလည်း ဘယ်နေလိမ့်မလဲ။ တိုင်ပေးလိုက်တာနဲ့ သံပြိုင်ဖောက်တော့တာပဲပေါ့။ မီးလောင်ရာလေပင့်ခံလိုက်ရသူလို တစစ ဖွားကာ အရှိန်အဟုန်ပြင်း ကြီးထွားလေတော့သည်။ ယောကျ်ားကွယ်ရာမှာ ယောကျ်ားမကောင်းကြောင်း ပြောရမှာ မွေးရာပါ မိန်းမသားတွေရဲ့အတတ်ပညာပဲလေ။ အချိန်တစ်ခုရောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီယောက်ျားပဲ မပေါင်းရလဲပဲ မနေနိုင်ပါဘဲနဲ့ ပြောလိုက်ရမှ ရင်ထဲက အကြိတ်အခဲ ထုချေနိုင်ပြီး အာသာပြေတတ်လေသည်။

"အဲ့ဒါပေါ့ဟဲ့. . . သီချင်းတောင် ရှိသေးတာ၊ "မရုခင် ဖျာလိုလိပ်ကာ xxx ထိပ်ပေါ်မှာလဲ တင်ကာ ထားတတ်ကြတယ် xxx မောင်မင်းကြီးသား ယောက်ျားတွေကိုကွယ် xxx" ဆိုတာလေ"

"ညည်းမှာတော့ ငါ့လောက် ဆိုးတဲ့အဖြစ်မျိုး ရှိမယ်မထင်ဘူး နော်. . . ငါ့အဖြစ်ကဟယ်"

"ဘယ်လိုပြောရမလဲ. . . ညည်းလောက် မဆိုးလှပေမယ့် ညည်းလိုလဲ မလှချင်ဘူးဟ၊ ငါ့အဖြစ်က"

"ဟေ. . . ဘယ်လိုဖြစ်လို့တုန်းဟ လင်းစမ်းပါဦး"

အစဖော်ပြီး ပင့်ထောင်ပေးလိုက်တော့ ဖက်တီးမက ပါးစပ်တစ်ချက်ပြင်လိုက်တယ်။ အားရပါးရ ပြောခွင့်သာပြီဆိုတဲ့ပုံစံနဲ့လဲ ကျေနပ်သွားတယ်။

"သူက ငါ့ကို ပြောတယ်ဟ၊ ငါ ဘုန်းကြီးဝတ်တော့မယ်တဲ့"

"ကောင်းသားပဲ. . . နင်က ပါရမီဖြည့်လိုက်လေ၊ ဒါမျိုးဟယ် ကုသိုလ်တောင် ရသေးတယ်"

"အဲ့ဒါ ခက်တာပေါ့ဟ၊ သူက ငါ့ကို ပါရမီ မဖြည့်ခိုင်းဘူး၊ သူ့ဟာသူ သီးခြားပဲ ရဟန်းဝတ်မယ် ပြောတယ်"

"ကောင်းပါတယ်ဟာ. . . နင်ကလဲ၊ သူ အကျွတ်တရား ရလို့ လူအဖြစ်ကို ငြီးငွေ့တာ နေမှာပေါ့"

"မထင်နဲ့ မိယဉ်. . . နင်စဉ်းစားကြည့်၊ သူ့ပုံစံနဲ့ ဘယ်လိုလုပ် အကျွတ်တရား ရတာ ဖြစ်နိုင်မှာလဲ"

"ဟောတော်. . . ဘာဖြစ်လို့လဲ"

ပေါ်ကြည်မရဲ့ဟန့်တားစကားသံကြောင့် မိယဉ် အထိတ်တလန့် ရေရွတ်ကာ ပြန်မေးမိသည်။ စားလက်စ ထမင်းလုပ်ကို ရပ်ကာ





မေးမိသည်။

"ဘာဖြစ်ရမှာလဲ. . . ဒီလောက် ကွမ်းစား၊ ဘီယာသောက် ဖဲရိုက်နေတဲ့လူက ဘယ်လိုလုပ် အကျွတ်တန်းဝင်မှာလဲ. . . ဖြစ်နိုင်ရဲ့လား"

"နင်က စိတ်မချနိုင် ဖြစ်လို့လား၊ လွှတ်ပေးလိုက်ပေါ့အေ. . . သူ့စရိုက်နဲ့သူ သွားပါစေ"

"သူ့စရိုက်နဲ့သူ သွားရင် တော်ပါရဲ့၊ အခုဟာက သူ ဘုန်းကြီးဝတ်ရင် ငါက ဆွမ်းဒကာအဖြစ် တာဝန်ယူ ပါရမီဖြည့်မယ်ဆိုတာ တောင် လက်မခံဘူး"

နားမလည်ပါးမလည်နဲ့ သူမစကားကိုသာ မိယဉ် ထမင်းစား မပျက် ဆက်နားထောင်နေလိုက်သည်။ ငါးလေးအိုးကပ်၊ ငံပြာရည်နှက်နဲ့ တညင်းသီးကလဲ လွှတ်လိုက်ဖက်ပြီး မဟားဒရား စားကောင်းနေလှသကိုး။

"ကိုလှဌေးက ငါ့ကို ပြောတယ်၊ ဘုန်းကြီးဝတ်ပြီးရင် ဒကာမကြီးက ခဏခဏ မလာနဲ့၊ လုံးဝမလာလေ ကောင်းတာပဲတဲ့၊ သူက စိတ်မခိုင်ရင် လူပြန်ထွက်မိမှာစိုးလို့တဲ့လေ"

"ခွီး ခွီး ခွီး. . . အဟီး"

မိယဉ် ထမင်းမသီးအောင် မနည်းထိန်းလိုက်ရပြီး ရယ်လေသည်။ ဖြစ်ပုံနဲ့ လုပ်ပုံက ကြည့်ဦး။ အသားမဲ ဂွတိုက တရားဘောင်ဝင်မယ်လဲ ဆိုသေး၊ မိန်းမမြင်ရင် စိတ်မခိုင်ဘူးတဲ့လား။ ပြန်လာမှ ရေလည်လျှောင်ဖို့ ပျော့ကွက်တစ်ခု ရလေပြီ။

"သူက နင့်ကို မပြတ်သားဘဲ သံယောဇဉ်ကြီးတာပေါ့ဟယ်၊ အဲ့ဒါ မကောင်းဘူးလား"

"မကောင်းဘူးဟဲ့. . . လုံးဝမကောင်းဘူး၊ ယောက်ျားစကား ဆိုတာ ရကောက်နဲ့တောင် ယုံလို့မရဘူး ငါက သူလွတ်မြောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



သွားမတွေ့ပါဘူးတဲ့၊ သူက ဟိုဘက်က လူထွက်ပြီး လစ်ပြေးရင် ဘယ်နှ့ လုပ်မလဲ"

"အိမ်း"

ပေကျံနေသောလက်ကို အားပါးတရ စုပ်နေရင်းကပဲ မိယဉ်က ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်. . . သူတို့က သဲကိုးဖြာလို့ တို့ကို စွပ်စွဲတာ၊ သူတို့ မာယာနဲ့ လှည့်ဖြားတာကျတော့ မန်ကျည်းကိုးပင် မကဘူး. . . သိလား ဟဲ့"

"အစစ်ပဲပေါ့ မိယဉ်ရယ်၊ သူ့ကိုယ်သူ လည်လှပြီ မှတ်နေတာ၊ ငါက သူ့ထက် နှစ်ဆကျော် မြင်သေးတယ်"

ကျော်မြင်လို့ သူမရင်ထဲ ဟိုလူကြီးက ကျော်ဝင်သွားတာပေါ့ဟု တော့ မိယဉ် မရွဲ့ဖြစ်လိုက်ပါ။

"နင်တို့ဟာကလဲ. . . ဟိုလိုလုပ်လို့လဲမဖြစ်၊ ဒီလိုလုပ်ဖို့လဲ အဆင်မပြေကြီးပါလား"

"အဲ့ဒါ ခက်တာပေါ့အေ့၊ ဟိုမရောက် ဒီမရောက်ကြီးမို့ ညည်း ထက် ဆိုးတယ်လဲ ပြောမရ၊ ကောင်းတယ်လဲ ယူဆလို့ မဖြစ်တာပေါ့"

ပေါကြည်မက သံယောဇဉ်ကြီးမျှင်လေး ဖြစ်သော ကလေးကို ကြည့်လိုက်သည်။ မိယဉ်လဲ ဘာမှဆက်ပြီး မစပ်စုလိုတော့၍ ပန်းကန် ဆေးရန် ထလာခဲ့လိုက်သည်။ ထမင်းညာတာပါတေး စားရတာလဲ ဝပြီ။ အတင်းလဲ ထိုက်သင့်သလောက် တုပ်ပြီးသွားပြီမို့လား။ မျက်လုံးမှေးစင်း ကာ ထမင်းဆိပ်တက်ပြီး သန်းလာပြီ။ တော်လောက်ပြီ။

တန်ဖိုးရှိသောအချိန်တွေကို ပိုင်နိုင်စွာ အသုံးချပြီးတော့ အခု ချိန်က အိပ်ရမယ့်အချိန်လေ။ အိမ်ရှေ့ကပြင်မှာ ကျောတစ်ခင်းစာ နေရာရှာပြီး လဲလျောင်းလိုက်ပါသည်။ အခုမှ ဘဝက တကယ့်ကို ဇိမ် ကျတာ။ အအိပ်နဲ့အစား နားလိုက်တဲ့ဘဝကို တမဟုတ်ချင်း ရောက်





သွားတာပဲ။ ကလေးပြန်နိုးလာလို့ ပေါကြည်မက အတင်းဆက်အုပ်ချင် ပေမယ့် သူ့သားနဲ့ အလုပ်ရှုပ်သွားသည်။ ကလေးငိုသံ ဆူညံစွာ ကြားရ ပေမယ့် ပူပင်ကြောင့်ကြမှဲ့ နားပူနားဆူ ကင်းဝေးရတာပါပဲ။ ကိုယ့်အပူ ပါလို့။



www.burmeseclassic.com

www.burmeseclassic.com



# DRAG

မောင်ယဉ်အနေနဲ့ ရှာပြန်ပြီး ရပ်ဆွေရပ်မျိုးတွေထံ ဂိုကျပြီး လှည့်ပတ်ဒုက္ခပေးလိုလှပေမယ့် မဖြစ်နိုင်သေးပေ။ ရှာပြန်လျှင် အနည်းဆုံး အဖေတို့အမေတို့ သိပြီး ပွက်လောညံလိုက်သွားနိုင်သည်။ သူချစ်လို့ယူထားသောမိန်းမ၊ သူ့အလိုလိုက်ပြီး သဘောတူထားပြီးကာမှ ယခုလို လင်ကွဲမယားကွဲ ဖြစ်လာမည်ဆိုပါက လိုမ့်ပိန့်ပြီး အထောင်းခံရဖို့သာ ရှိသည်။ ဒါကြောင့် ရှာနဲ့ မနီးမဝေးမှ ဧည့်ကောင်းစောင်ကောင်း ဘော်ဒါများထဲ လှည့်ပတ်ဒုက္ခပေးရလေသည်။

ငတော် ရှိနိုင်မည့် သူကျားထိုးနေကျ သေတင်းကုပ်ချက်ထဲ အရိပ်ကို နင်းလိုက်သည်နှင့် အသံကို အတိုင်းသား ကြားနေရသည်။ အခုလို မူးရစ်ရီဝေ ရေချိန်တက် မိုးချုပ်ညစပ်မှာ သူတို့က ဘာကို





အလိုအပ်ဆုံး ဖြစ်မလဲတော့ မသိဘူး။

သူကတော့ အရက်အမြည်းဒကာကိုသာ အလိုရှိနေခြင်းဖြစ်သည်။

သူ အညှောင့်ထောင်လိုက်သော လူသုံးယောက်ထဲက ပထမ တစ်ယောက်က ပြောလေသည်။

"မင်းသမီး ကိတ်ဝင်းစလက် ရောက်လာပြီး အိမ်ကို တွဲခေါ်ရင် ကျေနပ်ပါပြီဗျာ"

"ဟာ. . . တယ်လာတဲ့လူ၊ ကျုပ်ကတော့ လွတ်တဲ့ငါး ကြီး တယ်ဗျ၊ အဲ. . . ညီအစ်ကို မသိတသိအချိန်ဆိုတော့ အခုချိန်မှာ ခယ်မ လာကြိုရင် တွက်တိပဲ. . ဂေ့. . အေ့"

စကားလက်ဆုံကျနေတဲ့ နောက်ထပ်ငနဲတစ်ဗွေက အားရပါးရ ဆန္ဒကို ရေရွတ်ပြီး လေပင် တက်လိုက်သေးသည်မှာ နားကြားပြင်း ကတ်စရာ။ မောင်ယဉ် ရှေ့မတိုးဝံ့ဘဲ ဆိုင်အရိပ် ထရံအကွယ်မှာ အသာရပ်ကာ နားထောင်နေလိုက်သည်။

"ကိုချုပ်တင့်. . . ခင်ဗျားကရော ဘယ်လိုသော လိုတရဆုနဲ့ ပြည့်ချင်လဲ. . . ပြောစမ်းပါဦးဟ"

ဦးခေါင်းပင် မထောင်နိုင်တော့သဖြင့် ဆန္ဒကို ထုတ်ဖော်ဖို့ မကြိုးစားဘဲ ဟင်းချကာ မျိုသိပ်ထားလိုက်သော ချိုတင့်ဆိုသူကို သူက အစဖော်ပေးလေသည်။ ဘဲကြီးက ဘာမှပြန်မဖြေ၊ ခေါင်းခါသည်။ ဒါကို ငတော်က သိပ်လက်မခံလိုင်ပေ။ အတင်းကြိုးစားပမ်းစား ပြောနိုင် အောင် ပင့်ပေးသည်။

"မရဘူး. . . ခင်ဗျားလဲ ပြောရမယ်၊ ကျော်ဆဲလ်တို့ လှိုင်လင်း တို့တောင် ပြောပြီးပြီ"

"ဒီလိုကြေးလား. . အေး. . ရတယ်"

ခေါင်းစိုက်နေတဲ့လူ ခေါင်းပြန်ထောင်လာသည်။ မျက်လုံးမှုံး



www.burmeseclassic.com

စင်းကာ မပွင့်တပွင့် မပီမသ ရေရွတ်သည်။

"နင့်ရဲ့ကိတ်ဝင်းစလက် ကိုင်ထားတဲ့ ဖန်ခွက်ထဲကို နင့်ခယ်မ ငှဲ့ပေးတဲ့ ဝီစကီတစ်ခွက် သောက်ချင်တယ်"

"သောက်ရှး"

"ငပေါကြီး. . . ခင်ဗျားကြီး လုပ်လိုက်ရင် ဒီလိုကြီးပဲ"

သူတို့ပဲ အတင်းပြောပြဖို့ ပင့်ပေးပြီးတော့မှ ဟိုလူက တင်တင် စီးစီး ပြောတော့လဲ မကျေမချမ်း ပြစ်တင်ရှုံ့ချကြလေသည်။ ဒီတစ်ခါ မီးလောင်ရာ လေပင့်ကာ မီးများသူ ငတော်ဘက် အားလုံးက လှည့် လိုက်ကြသည်။

"သူများကို လျှောက်မေးနေတယ်၊ ဟော့ကောင် ငတော်၊ မင်း အလှည့်ပဲ၊ ပြော. . . မင်းဘာပြောမလဲ"

"ကျုပ်အတွက်တော့ ခင်ဗျားတို့ မလိုဘူးဗျ၊ ကိတ်ဝင်းစလက်ကို ဖန်ခွက်လာချပေးခိုင်းပြီး သူ့နိုင်ငံသူ ပြန်စေဗျာ၊ ခင်ဗျားခယ်မလေးကို လဲ ဝီစကီငှဲ့ပေးပြီးရင် အိမ်ပြန်ခိုင်းလိုက်မယ်၊ ကျုပ်အတွက်က ဝီစကီ ရှိရင် တော်ပြီ"

"ဒါဖြင့်ရင် ငါတို့က ဘာဆက်လုပ်ရမှာလဲကွ"

"အဲ့ဒါတော့ မသိဘူးလေ၊ ခင်ဗျားတို့လဲ ကိုယ့်အိမ်ကိုယ် ပြန် ပေါ့၊ ကျုပ်ကတော့ ဝီစကီဖိုး ရှင်းမယ့်ဒကာပဲ ထိုင်မျှော်ရင်း သောက် တော့မယ်"

မစားရတဲ့အမဲ သဲနဲ့လဲ ပက်သေးတယ်။ အရက်သောက်ဖို့ ကယ်တင်ရှင်ပါ ခိုင်ခိုင်လုံလုံ မျှော်လိုက်သေးတယ်၊ တော်တော်တရား ကျဖို့ကောင်းတဲ့ကောင်။ ဟိုလူတွေက ဘယ်နေမလဲ။ ဝိုင်းပြီးနှပန်ကျင်း ကြတာပေါ့။

အခြေအနေ မကောင်းလှတာမို့ နောက်ကြောင်းအသာပြန် လှည့်ခဲ့ရသည်။ အိမ်က သွားစောင့်တာပဲ ကောင်းပါတယ်။ အချိန်တန်





ရင် အိမ်ပြန်လာမှာပဲ။ မိုးစုန်းစုန်းချုပ်တော့မှ လေတိုက်ရင် လဲမှာစိုးရတဲ့ ခန္ဓာကိုယ်နဲ့ ယိမ်းထိုးယိုင်တိုင် ရောက်လာလေရဲ့။ အိမ်ရှေ့ ပက်လက် ကုလားထိုင်မှာ ညှို့သည်အနေနဲ့ အငြိမ့်သား ထိုင်နေတဲ့ သူ့ကို မြင် တော့. . .

"ဟာ. . . ဟော့လူ မောင်ယဉ်၊ ခင်ဗျားဗျာ. . . ဆိုင်ကိုတော့ လိုက်ခဲ့ဘူး၊ ကျုပ်မျှော်နေတာဗျ၊ လိုက်လာရင် ပွဲသိမ်းပဲ"

"ငါတိလယ်. . . ဒီဇာတ် ငါတိတ်သိလယ်"

မောင်ယဉ် စိတ်ပျက်လက်ပျက် မျက်နှာကြီး ရှုံ့တွကာ ရေရွတ် လိုက်ပါသည်။ သိပ်သိတာပေါ့။ ဒီဇာတ်ကို ဘယ်လိုမှ ဆက်ကလို့မဖြစ်၊ ဒီဇာတ်က ပေါင်နှစ်ဖက် ဖြတ်ရမယ့် ပဒုမပေါင်တို ဇာတ်ကြီးဆိုတာ။

"မလိုက်နိုင်တော့ပါဘူးကွာ. . . ငါဘိုင်ကျနေတယ်ကွ၊ အခု မိန်းမ နှင်ချလို့ အိမ်ပေါ်က ဆင်းလာခဲ့ရတာ"

"မောင်ယဉ်. . . ခင်ဗျားဗျာ၊ ကျုပ်တို့ဘော်ဒါ လုပ်နေပြီးတော့ အဲ့ဒါ ခက်တာပဲ၊ ကျုပ်သာဆို သူ နှင်မချခင်ကတည်းက ကန်ချပြီးသား ပဲ"

လက်ဖျောက်ကို ဟန်ပါပါ တီးလိုက်သေးသည်။ မူးနေတော့ ဘလွဲတချော်ဖြစ်ကာ အသံဖြင့် မထွက်ဘဲနဲ့။ သူကပဲ ကန်ချလိုက်မလား ဟိုကပဲ လက်ညှိုးတစ်ချောင်းနဲ့ တွန်းလို့ ပုံလျက်သား လဲကျလေမလား မသိပေ။ အဲ့ဒါကြောင့်လဲ မူးလို့ရူးစရာမရှိ ပါးစပ်နဲ့ အာသာဖြေ ကြုံးဝါး နေရတာပေါ့။

"ကဲပါကွာ. . . ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မလဲ၊ အိမ်ပေါ် တက်. . . ထမင်းစားရအောင်"

ငတော့်အမေက သူ့ကို တော်တော်ချစ်ရှာပုံ ရလေသည်။ သူ ပြန်ရောက်လာတာနဲ့ ထမင်းအဆင်သင့် ခူးပေးထားသည်။ နှစ်ယောက် သား ခေါင်းပင် မဖော်ဘဲ အားပါးတရ ငုံ့ကာ လွေးကြသည်။ ဒါတောင်

www.burmeseclassic.com



မှ သူက အမေဖြစ်သူကို အဆီအငေါ်တည့်အောင် မနေချင်။ ပစိပစပ် များလျှင် ပြန်အော်တတ်သေးသည်။ အရက်သမား စာရေးဆရာရဲ့ အမေဖြစ်ရတာလဲ တစ်ဒုက္ခပါလားနော်။

ထမင်းစားရင်း ပလုတ်ပလောင်းဖြင့် ငတော်က အာလေးလျှာ လေး ဗလုံးဗထွေး ပြောလေသည်။

"အိမ်မှာတော့ ငါက အခရာအကျဆုံးပဲကွ၊ အဖေမရှိတဲ့ နောက် ငါပဲ ဦးစီးဦးဆောင် မန်နေဂျင်းဒါရိုက်တာ လုပ်နေရတာ"

"ဟုတ်လား. . . မင်းက ဘာတွေများ အမ်ဒီလုပ်နေရလဲ၊ ခေါင်းအတော်ကြီးမှာပဲနော်"

မောင်ယဉ် နှုတ်ကသာ ပြောလိုက်ရတာ။ လက်ကတော့ ငါး ခေါင်းပွ တစ်ခေါင်းကို ဇွန်းနဲ့ လှမ်းခပ်ပြီး ထည့်လိုက်မိလေသည်။

"ငါ့အိမ်က ခွေးနှစ်ကောင်က ခြံလုံအောင် စောင့်တယ်ကွာ"

"ဒါပေါ့. . . လုံခြုံရေးဆိုတာ ကုမ္ပဏီအတွက် ပင်မအသက် လိုအပ်ချက်ပဲ"

ပင့်ပင့်မြှောက်မြှောက်ကလေး အလိုက်သင့် ထောက်ပေးလိုက် တော့ ငတော် ကျေနပ်စွာ ပြုံးပြီး ခေါင်းညိတ်သည်။ သူ့အမေ ဒေါ်ဒေါ် ကြည်ကတော့ သူ၏သားတော်မောင် ငမိုက်သားနှင့် အပေါင်းအပါ မောင်ယဉ်တို့ကို လေပေးဖြောင့်နေသဖြင့် မျက်စောင်း သိမ်းကြုံးထိုး လေသည်။ နားကြားပြင်း ကတ်ရှာပေမပေါ့။

"အိမ်နောက်က ဝက်တွေ နွားတွေ ကြက်တွေက ထုတ်ကုန်ဖြစ် တဲ့ သားတွေ နှစ်စဉ်ပေါက်ပေးတယ်"

"ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြပေါ့ကွာ၊ အမြော်အမြင်ရှိတဲ့ တိုး တက်ရာလမ်းစပဲ၊ ဘက်ဂရောင်း ခိုင်တယ်"

အရှုံးဘုံမြှောက်ခံရသူလို ငတော်က ဟိုဒင်းတော့ ကောက် မစားပါဘူး။ ငံပြာရည်ချက်ကို ဟင်းချိုခွက်နဲ့ မှားပြီး ကောက်သောက်ရုံ





လောက်ပါပဲ။

"ငါ့မှာတာမိခင် မွေးမေမေက အကြံပေးအရာရှိပေါ့ကွာ၊ သူ့ အကြံပေးသမျှ ငါ စိစစ်ဝေဖန်ပြီး သုံးသပ်လက်ခံပေးရတယ်လေ"

"တယ်ဟုတ်. . . ဒါမှ ခေါင်းဆောင်ကောင်း အင်္ဂါရပ်နဲ့ ညီညွတ်လှသပေါ့ ငါ့ကောင်ရာ"

သူတော်ချင်း သတင်းလွှ့လွှ့။ ဒီလူနဲ့ဒီလူ တွေ့လို့မှ မြှောက်ရင် ဘယ်သူက လာမြှောက်မှာတဲ့လဲ။ ပဲခြမ်းသုပ်မျက်နှာနဲ့ မောင်ယဉ် မိုင်ကုန်တင်ပြီး စွတ်မြှောက်တာပေါ့။ မနေသာတော့တဲ့ ဒေါ်ဒေါ်ကြည်က ဝင်လျော်တော့သည်။

"မင်းသူငယ်ချင်းကို အဆင်းဘီးတပ်မနေနဲ့၊ အဲ့ဒီကောင်က မြင်းပေါ် တင်ပေးလိုက်တာနဲ့ ကိုကြီးကျော်နဲ့ ဟော်ကီရိုက်မယ့်ကောင်"

နှစ်ယောက်သား ဇက်ပုသွားကြရသည်။ အတော်ကြီးကို များ နေလို့ သည်းမခံနိုင်လောက်သော အနေအထားအဆင့်ကို ကျော်လွန် နေပြီ ထင်ပါရဲ့။ ငတော်အကြောင်းကို မောင်ယဉ် ကောင်းကောင်းကြီး သိတာပေါ့။ ငတော်က မြင်းပေါ် တင်ပေးလိုက်တာနဲ့ ကန်တော် ခုနစ် ပတ်မက ပတ်ပြေးမယ့်ငနဲပင်။ ဒါကို မသိ၍မဟုတ်။ သိသိနဲ့ ထမင်းစား ကောင်းအောင် မျက်နှာလုပ် မြှောက်ပင့်ခြင်းသာ ဖြစ်လေသည်။

ငတော်ကတော့ ပြောလက်စ စကားမကုန်သေးတာကို အရှိန် ပျက်မခံဘဲ ကုန်စင်အောင် ပြောသည်။

"အဲ့ဒါကွာ. . . ငါ့အမေက အကြံပေးသမျှ ငါ့ညီမလေးကို ခိုင်းစေ ညွှန်ကြားလိုက်ရုံပဲ. . . အေးဆေး"

ဒီတစ်ခါတော့ အားပါပါနဲ့ သူ မထောက်ခံရဲတော့ပါဘူး။ အလို တူ အလိုပါ မျက်စေ့စပါးမွေး အစူးခံရမယ့်အထဲ ကိုယ်အပါခံလို့မဖြစ် အရူးပါး ညော့်ပါးတွေလို မဆိုင်သလိုဘဲ လုပ်ကာ ထမင်းဆက်စားသည် လေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက စကားနည်းရန်စဲ အမေက ဘာမှ ဆက်မပြောတော့ပါ။ ငတော်ကလဲ နူတ်ခမ်းကြီး စူထော်ပြီး အိမ်ရှေ့မှာ ဖြစ်ကတတ်ဆန်းလှဲအိပ်လိုက်ပါသည်။

ညချမ်းအချိန်ခါဆိုတော့ မိယဉ်ကို သတိရသလိုလိုတော့ အဖြစ်သားပင်။ မောင်ယဉ်နံဘေးကို ကြည့်လိုက်မိတော့ အရက်နဲ့ လှိုင်ဟောင်ထနေသော ငနော်က ချွေးပုံပက်လက်ဟောက်ကာ အိပ်မောကျနေသည်။ တစ်စက်ကလေးမှ ဖက်ရက်စရာ မရှိပေ။ အိမ်က ဟာကြီးနဲ့ အဲ့ဒါတွေ အပုံကြီး ကွာသွားလေပြီ။ ညှော်သည်အဖြစ် သရုပ်ဆောင်ကာ အလည်လွန်ရတာ ကောင်းတော့ကောင်းသည်။ သို့သော်. . .







# LIAR

သီချဉ်ဟင်းခွက်ကို အငမ်းမရ စုပ်ယူသောက်လိုက်ပြီး ကိုသက်နိုင်မျက်နှာ ရှုံ့မဲ့သွားရလေသည်။

"သီသီရယ်. . . မင်းဟာက ငါတို့ကို ချဉ်စော်နံအောင် ချဉ်ဖတ်လုပ်နေတာလားဟာ"

သီသီဝင်းတို့ ဟင်းအစပ်အဟပ် တည့်ပုံက အဲ့ဒီလို တော်တာ။ မန်ကျည်းရွက်ကို ငါးကျည်းတွေ ရှေးပေါလို့ဆိုပြီး ဝယ်ချက်သည်။ အိမ်မှာက မနေ့က အကျန် ခရမ်းချဉ်သီး ငပိချက်က အဆင်သင့်ရှိသည်။ ကိုသက်နိုင်ကိုယ်တိုင်ကလဲ ငါးချဉ်သုပ် ပါဆယ်ဆွဲလာသည်။ မိယဉ်က သူ့အစီအစဉ်နဲ့သူ ချဉ်စုပ်စုပ် အနံ့အသက်က လှိုင်နေတော့သည်။ ဒါကို ယောင်နနဖြင့် သီသီက ချဉ်ဖတ်အိုးထဲမှ ချဉ်ဖတ်မန်းဟာ

www.burmeseclassic.com



များ သွားနှိုက်သည်။

"ငပိရည်ဖျော်ပြီး နင့်ဟာနင်သာ စားတော့ အဲ့ဒီချဉ်ဖတ်ကို ပြီးမှ ဟိုဟာဒီဟာ ဖြစ်ရင် ကိုသက်နိုင်ရေ ကယ်ပါဦး မလုပ်နဲ့"

စိတ်ပေါက်ပေါက်နဲ့ ကိုသက်နိုင် လှမ်းအော်သဖြင့် ရယ်ချင်စိတ်ကို မနည်းထိန်းကာ ကိုယ့်မရမ်းသီးလေးကိုယ် ကောက်ကိုက်လိုက်သည်။

"အဲ့ဒါတောင် သူက သရက်ချဉ် သုပ်မယ် တကဲကဲ လုပ်နေလို့ တားထားရသေးတယ်"

သီသီ့အလစ်မှာ ကိုသက်နိုင်ကို မကြားတကြားလေး ဝင်ပြောလိုက်ပါသည်။ တကယ်တော့ ဒီဟာတွေ ဝယ်ပြီးချက်ဖို့ မိယဉ် စီမံပြီး မြှောက်ပေးခဲ့ခြင်းသာဖြစ်သည်။ "အချဉ်ပေါက်မှ ထမင်းစားမြိန်ပြီး လျှာရင်းမြက်ကာ လက်ရာနဲ့လူကို အသဲစွဲချစ်တာ" ဟု ပိုပိုသာသာလေး ရှိုးလိုက်တာလေ။ သီသီက ဒါကို တကယ်အဟုတ်ထင်ပြီး လင်တော်မောင် အလိုကျ ခံတွင်းတွေ့ရအောင် မိုင်ကုန်ချက်ကာ လက်ရာပြလေတော့သည်။ အခုတော့ ကိုသက်နိုင်ကြီး ဘီလူးသံပရာသီး ငုံသလို ချဉ်ပြုံးပြုံး ဖြစ်လို့နေတော့သည်။ ချဉ်တမဲ့မဲ့ ရှုံ့တပြုံးပြုံး မျက်နှာကြီးကို မြင်ယောင်ကြည့်ရုံနဲ့ အတော်အောင့်သီးအောင့်သက်နိုင်မှာ သေချာသည်။ တတ်သည့်ပညာ မနေသာ လင်မယားကြား သပွတ်အူ ဖြစ်အောင်လဲ ဤသို့ ဝင်မွှေလိုက်သေးသည်။

"နင့်အမေ ဒေါ်ကြည်ဝင်းက ချဉ်ဖတ်တောထဲ မွေးခဲ့တာလားဟယ်"

မချိတင်ကဲ ရေရွတ်သော ကိုသက်နိုင်ကို ကြည့်ကာ ရုပ်ပြာပြာလေး သီသီက ပြုံးပါသည်။ သိတော့ သိသားပဲ။ သူမလဲ ဟုတ်လိမ့်နိုးနိုးနဲ့ မိယဉ် မြှောက်ပေးတိုင်း လက်စွမ်းပြလိုက်တာ အပြလွန်သွားချေပြီ။

"ကိုသက်နိုင်ကလဲ. . . ရှင်ပဲ အချဉ်စားချင်လို့ဆို၊ ရှင်ကိုယ်





တိုင်တောင် ငါးချဉ်သုပ် ဝယ်လာပြီးမှ၊ စားလို့မြိန်တယ် မဟုတ်လား. . အဟီး"

"အေး. . . မြိန်လွန်းလို့ ခက်နေတာပေါ့၊ သွားတွေလဲ ကျိန်းပြီး အူတွေလဲ ချဉ်ကုန်ပြီ"

"ကဲပါ ကိုယ်တော်ရယ်၊ တစ်ရက်တစ်လေပဲဟာကို၊ နောက်နေ့ အချိုပြောင်းချက်ပေးမယ်"

သဘောကောင်း မနောကောင်း ကိုသက်နိုင်ကြီးက ဒီလိုကျတော့လဲ မယားစကား သဘောတကျဖြစ်ကာ အလျှော့ပေး လက်ခံသွားလေသည်။ သူ့မိန်းမအကြောင်း သူ ကောင်းကောင်းသိရှာမှာပေါ့၊ အိမ်ထောင်ကျပြီးကတည်းက ဘယ်နှစ်ခါ ဟင်းအစပ်အဟပ်တည့်တည့် ကောင်းကောင်းစားဖူးလို့လဲ။ ဒီလိုထူးချွန်တဲ့ အရည်အချင်းတွေ ရှိထားတဲ့မိန်းမကို ယူထားမိမှတော့ ခံပေဦးတော့ ဝဋ်ပဲ။ ပြန်အမ်းလို့ရတဲ့အရာမျိုးမှ မဟုတ်လေဘဲ။

နောက်တစ်နေ့ကျတော့ သီသီနဲ့ ဈေးသွားရင်း မြှောက်ထိုးပင့်ကော် အဖွဲ့ဖတ်လမ်း ပြန်စရသည်။

"ဒီလောက် ဈေး(ကိုး)များတဲ့ယောက်ျား မတွေ့ဖူးပါဘူးအေ၊ ဒီလောက်တောင် ဖြစ်လှတာ စွဲပြီး အချိုတွေချည်းပဲ ချက်ဟာ"

သီသီဝင်းကလဲ နှစ်ခါမြှောက်ပေးစရာ မလိုပေ။ အဖော်ကောင်းလို့ကတော့ ကျောက်ပန်းတောင်းသို့ပင် လိုက်ရဲသူပင်။ မိယဉ်လိုလင်ကွဲ မယားကွဲ အိမ်ပေါ်က ဆင်းလာသူကို သူမို့ အယုံအကြည်ရှိသည်။ ကျောင်းနေဖက် သူငယ်ချင်းတွေဆိုတော့လဲ မယုံမရှိပေါ့လေ။

"အေး. . . ဟုတ်တယ်၊ ဒီယောက်ျားကို အစွဲတိုက်ပြီး ပညာပြမှ နားအေးမှာ"

"ယောက်ျားဆို ဘယ်တော့မှ အလျှော့မပေးနဲ့၊ သူတို့က ဦးခိုးထားနိုင်မှ တော်ကာကျတာဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ယောက်ျားပဲ ဇိတ်အနာကြီးနာ မူဟန်ပါပါဖြင့် လိုက်နားထောင်ကာ သူမမျက်လုံးလေး မှိတ်တုတ်မှိတ်တုတ် လုပ်လေသည်။ မိယဉ်ပြောတာကိုလဲ ထောက်ခံကျေနပ်ဟန်ဖြင့် လက်မထောင်ကာ ခေါင်းကို အားပါပါ ငြိမ့်ပြလေသည်။

ထိုနေ့က ထမင်းဝိုင်းမှာ ကိုသက်နိုင်အသံ ကြားရပြန်လေသည်။ မကြားဘဲ ခံနိုင်ရိုးလား။ ပဲဟင်းချို ဗုံလုံသီး အစာသွပ်၊ မုန်ညင်းကြော်၊ ဝက်ချိုချက် ဟင်းတွေအားလုံး အချိုတွေချည်းပဲ။ ပုဇွန်ထုပ်ကြီးတောင် ပါလိုက်သေးသည်။

"ဟယ်. . . ဒီဟာမ နှင် ငါ့ကို ရွဲ့နေတာလား"

"စားပါစေဆိုပြီး စေတနာနဲ့ ချက်ထားတာ၊ လူ့အလို နတ်မလိုက်နိုင်ဘူး၊ စားချင်စား မစားချင်နေ. . . ဒါပဲ"

ခါးထောက်ပြီး မီးဖိုချောင်မှ သီသီက မြှောက်ပေး သင်ပေးထားသည့် လေယူလေသိမ်းအတိုင်း လှမ်းပြောသည်။ စိတ်ထဲ မပါတော့ သိပ်ပြီးတော့လဲ မာန်မပါလှပေ။ သူမ ပြောစကားကြောင့် ကိုသက်နိုင် ဖီးလ်ငုတ်ကာ အောင့်သက်သက်နိုင်သွားပုံရလေသည်။ မျက်နှာကြီး ရဲဗလောင်းခတ်သွားကာ ဒေါခီးခီးဖြင့် နှာမှုတ်လေသည်။ မိယဉ်က စိတ်စနိုးစနောင့် ဖြစ်လောက်အောင် ရန်ထောင်ပေးရုံသာ ရည်ရွယ်ပြီး ပွဲကြမ်းမှာကိုတော့ မလိုလားပေ။ ဒါကြောင့် ပြေပြေလျှော့လျှော့စကား ဝင်ပြောရလေသည်။

"မဟုတ်ဘူး ကိုသက်နိုင်၊ အဲ့ဒါ ကျွန်မ ချက်ခိုင်းတဲ့ဟင်းတွေပါ"

"ငါ့မိန်းမအကြောင်း ငါသိပြီးသားပါ မိယဉ်ရယ်၊ နှင်က ခေါင်းဝင်ခံမနေပါနဲ့၊ သီသီက ဗူးဆိုရင် ဖရုံပြောင်းမသီးတတ်တဲ့ ငတုံးမဆိုတာ ငါသိပြီးသားပါဟ"

"ဟုတ်တယ်. . . ကျုပ်လုပ်တာ။ ရှင်ဘာဖြစ်ချင်လဲ၊ ရှင် ဂိုးများလွန်းလို့ ရွဲ့ပြီးချက်တာလေ"





ကံကြမ္မာက မိယဉ်ဘက်မှာ အသာကြီး အသာစီး ရနေလေသည်။ လင်မယားနှစ်ယောက်မှာ စကားနိုင်လုပြောကြရင်းက သူမဘက်သို့ပင် မြှားဦးလှည့်မလာကြတော့ပေ။ အသာကလေး ဇက်ပုပြီး ငြိမ်နေလိုက်ရတော့လေသည်။ ဟိုနှစ်ယောက်က အကျယ်အကျယ်နဲ့ အော်ကြီးဟစ်ကျယ် မပြောကြပေမယ့် စောင်းပါးရိပ်ခြေ ကဲ့ရဲ့ပြီး အတောမသတ်နိုင် ပြောနေကြဆဲ။

သူတို့ စကားများ ရန်ဖြစ်သံ ကြားတော့ မိယဉ်တောင်မှ အိမ်ကိုလွမ်းသလိုလို ဖြစ်လာရသည်။ အိမ်ကဟာကြီးနဲ့ ဒီလိုအဖြစ်မျိုးပြီး ရန်မဖြစ်ရတာ ရက်ပိုင်းဆိုပေမယ့် ကြာပြီ ထင်လာရသည်။ ပိုတယ်လို့ဆိုချင်ဆိုဦးတော့။ ကိန္နရီကိန္နရာမောင်နှံတောင်မှ တစ်ညတာ ခွဲရတာကို ရက်ပေါင်းခုနစ်ရာ ဝေးရတယ် ထင်ကြသေးတာပဲ။ မိယဉ်လဲ ခြောက်ကပ်ကပ် ဟာတာတာ လွမ်းသလိုလိုကြီးဖြစ်လာတာ ဘာဆန်းလို့လဲ။ လောကကြီးက ဒီလိုကျတော့လဲ တရားတယ် ထင်ရပေမယ့် မတရားသေးဘူး။ တစ်ခုလိုချင်လို့ နှစ်ခုပေးရတာပဲလား၊ နှစ်ခုလိုချင်လို့ တစ်ခုပေးရတာပဲလား သိပ်မသဲကွဲလှဘဲ ဝေဝါးနေဆဲပင်။

"မင်းကွာ. . . ဩဇာသည်ရှိနေလို့ ငါသည်းခံနေတာ၊ အားကိုးအားထား ရှိတော့ မင်းက ထင်ရာစိုင်းတယ်ပေါ့၊ ဟုတ်လား သီသီ"

"ဟုတ်တယ်လေ. . . ဩဇာသည်နဲ့ ဘာမှမဆိုင်ဘူး၊ ရှင် ဧည့်သည် မထည့်နဲ့၊ ကျုပ် လုပ်ချင်ရာလုပ်တာ၊ လူတွင်ပါလို့ နွားကျားကိုက်တာ ရှင်သိထားလိုက်"

နှစ်ယောက်လုံးကတော့ အဲ့ဒီလို သတ္တိကောင်းကြပါသည်။ သူမကို အကြောင်းပြုကာ ကာဆီးကာဆီး လုပ်၍ စကားကြိမ်း ကြိမ်းကြလေသည်။

"တော်ပြီ. . . မင်းနဲ့ငါ နောက်မှရှင်းမယ်"

"အချိန်မရွေးပဲ. . . ကြိုက်တဲ့အချိန် ရှင်းလို့ရတယ်၊ သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



မကြောင်ဘူး"

တော်လောက်ပြီ။ မိယဉ်အဖို့ ဒီအိမ်မှာ ဒီလောက်မွေ့ရရင် ကျေနပ်ပြီ။ ပညာသားပါပါနဲ့ နှိပ်ကွပ်ပြီးသွားပြီ။ ကြည့်တတ်ရင် မြင်ရမှာပဲ။ ညှော့သည်ကြောင့် အိမ်ရှင်ဘယ်လို စိတ်စနိုးစနောင့် ဖြစ်ရသလဲဆိုတာ တွေးမိလောက်ပြီ။ မိယဉ်ရဲ့ဆိုလိုရင်း ရည်ရွယ်ချက်ကို ပေါက်ရောက်ပြီ။ မနက်ဖြန်ဆိုရင်တော့ နောက်တစ်အိမ် ဆက်ပြီးကူးဖို့ ပြင်ရတော့မည်။

မသွားခင်လေးတော့ ဟိုဘက်ဒီဘက် နှစ်ဖက်မျှပြီး အနှောင့်မလွတ်သည့်စကားဖြင့် အရောက်ပို့ခဲ့ပါသေးသည်။

"သီသီက အရွဲ့တိုက်တတ်တာရယ်၊ ပြောစကားဆိုစကား နားမထောင်တတ်တာရယ်၊ ဟင်းအစပ်အဟပ် မတည့်တာရယ်ပဲ ရှိတာပါ။ သူက သစ္စာရှိရှိ ချစ်တတ်ပါတယ်"

ဒီစကားကို သီသီ့ကွယ်ရာမှာပဲ ကိုသက်နိုင်ကို သာသာနဲ့နာနာ နှက်ပြီး ပြောလိုက်တာ။ နာနာနှက်ပြီးမှ သာသာပြန်ဖြည့်တယ်ဆို ပိုမှန်လိမ့်မပေါ့။ ကိုသက်နိုင် အင်းမလုပ် အဲမလုပ် ခေါင်းကုတ်ရင်း ငြိုးတမှဲမှဲကျန်ခဲ့ပါသည်။ သူမကိုတော့ ကားဂိတ်လိုက်အပို့မှာ မိယဉ်က မိန်းမမြတ် ဩဝါဒ မိန့်ခြွေရပါသည်။

"ဒါပဲနော်. . . ညည်း သူချော့လို့ ပျော့မသွားနဲ့၊ သူ ချေးများတာ မဟုတ်ပါဘူးဟာ၊ ငါ့ရှေ့မှာ ညည်းကို လက်စွမ်းကောင်း ပြစေချင်တာဟာ၊ မိန်းမကောင်း ရတယ်ဆိုတာကို ဂုဏ်ယူချင်တာ ဖြစ်မှာ"

"သိကြရောပေါ့ ကိုသက်နိုင်၊ ဒင်းကို အိမ်ပြန်ရောက်မှ သွေးတိုးအောင် ငါးပိထောင်းနဲ့ ငံပြာရည်နိုင်းချင်း ချက်ကျွေးပစ်မယ်"

သီသီက လက်သီးကို လက်ဝါးဖြင့် ဖွဖွလေး ဖိဆိုက်ကာ ကြုံးဝါးလေသည်။ ဒင်းတို့လင်မယားတော့ မိယဉ်လို သပွတ်မနဲ့ လာတွေ့တာကံဆိုးတာပဲ။ ဘာတွေဆက်ဖြစ်ကြဦးမယ်တော့ မသိဘူး။ ငြိုးမြမြလေး





ကားပေါ် တက်ပြီး လက်ပြနှုတ်ဆက်ခဲ့ပါသည်။ သီသီကလဲ လက်ပြနှုတ်ဆက်ပြီးမှ ကြိတ်မနိုင်ခဲမရ ကားကို ငေးရင်း ကျန်ရစ်လေသည်။ ပြေးထွက်သွားသော ကားကြီးကို မကျေရော့သလား။ ကားပေါ်မှာ ပါသွားသော မိယဉ်ကို မကျေမချမ်း ဖြစ်တာပဲလား မသိပေ။ မိယဉ် မြှောက်ပင့်ရန်တိုက်ပေးတာကို အကင်းပါးပါး မသိတဲ့ ကိုသက်နိုင်ကို ဒေါပွတာက ပိုမှာပါ။ ညှော့သည်ဂယက်ကို ဘယ်အကြင်လင်မယားက ကြာကြာအရိုက်ခံနိုင်မှာတဲ့လဲ။ လွယ်တာမှတ်လို့။ အရဲစွန့်ပြီး နှစ်ကိုယ့်တစ်စိတ် ကိုယ့်ဘဝကို ထူထောင်နေရချိန်မှာ ဝင်ယူလာသော ညှော့ဆိုးများရဲ့အရသာဟာ စူးရှချိုအီလှသည်။



www.burmeseclassic.com

www.burmeseclassic.com



# DIN

ကိုစိုက်နှင့်မချောတို့ ထမင်းဆိုင်ရှေ့ ရောက်သွားတော့ လင်မယားနှစ်ယောက်လုံး အူယားဖားယား ဆီးကြိုကြသည်။

"မောင်ယဉ်. . . မင်းကို ငါမျှော်နေတာကွ၊ မျောက်လှချည်လား"

"ဟုတ်တယ်ဗျာ. . . ကျွန်တော် ဘယ်မှ မသွားဖြစ် မလာဖြစ်တော့ဘူး၊ တစ်ခေါက်ခေါက် အပြင်ထွက်ရင် ကားခကုန်လွန်းလို့ နေအရမ်းပူတော့ သွားရလာရတာ မကောင်းဘူးဗျ"

"မင်းကွာ. . . တော်တော် နေစိမ့်တဲ့ကောင်"

မောင်ယဉ် ငါးကန်စောင့် လုပ်ခဲ့စဉ်က ရင်းနှီးသိကျွမ်းရသော ဘော်ဒါဘော်ကျွတ်တွေပင်။ မောင်နှမရင်းချာကဲ့သို့ပင် သိကျွမ်းတွယ်





တာသွားရသူတွေလေ။ တစ်ကောင်ကြွက် လူပျိုဘဝက အိမ်ထောင်သည် သူတို့အိမ်ကပဲ မောင်ယဉ်အတွက် စားအိမ်သောက်အိမ် ဖြစ်ခဲ့တာပေါ့။

အခုတော့ သူတို့လဲ ကလေးနှစ်ယောက်နဲ့ ထမင်းဆိုင်လေးနဲ့ အခြေတကျဖြစ်လို့၊ မောင်ယဉ်လဲ အိမ်ထောင်ရက်သားကျလို့ အနေကွဲပြား သွေးအေးသွားခဲ့ရသည်။

မောင်ယဉ်တို့အိမ် နောက်ဆုံးရောက်ခဲ့သည်က သူတို့မိသားစုလိုက် လပြည့်နေ့ ဘုရားဖူးထွက်စဉ်ကပင်။ မိသားစုလိုက် သွားလေ့သွားထမရှိသော ကိုစိုက်က ပွဲလမ်းသဘင်ကို မသွားတတ် မလာတတ်ပေ။ သူက အချိန်ပြည့် ငါးကန်မှာ မအားမလပ်ဘူးဟု ညည်းတွားပြီး အရက်ဝိုင်းမှာ အချိန်ကုန်နေလေ့ရှိသူပင်။

"ငါထင်တယ်. . . မနေ့က တံတွေးသီးလို့ ဟင်းကောင်းပဲ စားရမလား၊ သတင်းကောင်းပဲ ကြားရမလားလို့၊ အခုတော့ မောင်ယဉ် ရောက်လာတာကိုး"

ဆိုင်ထဲမှာပင် သူ့ကို နေရာထိုင်ခင်း ပေးကြသည်။ မရွှေချောကလဲ မောင်ယဉ်နဲ့ ပြောမနာဆိုမနာ မွေးစားမောင်နှမတွေပဲ။ သူ့ကလေးတွေ ကျောင်းကြိုပို့ပေးတာကအစ၊ သူ့သားအငယ်ကောင်ကို သားဆုပန်တာအစ မောင်ယဉ်က ကူညီပေးခဲ့ဖူးသည်။ ဤသို့သော မိတ်ရင်းဆွေသဟာများပင်။

"ဘယ်လိုလဲဗျ. . . ထမင်းဆိုင်က ရောင်းလို့ကောင်းရဲ့လား၊ အဆင်ပြေကြတယ်မို့လား"

"ပြေတာပေါ့ဟဲ့. . . ငါလုပ်တဲ့အလုပ်ပဲ၊ မဖြစ်ဘူးဆိုတာ မရှိဘူး၊ နင်တို့ ကိုစိုက်သာ အားကိုးမရတာ"

သူတို့လင်မယားက ကြားဝင်ပြီး နှောင့်စရာ သိပ်မလိုပေ။ အစကတည်းက သူ့အရှိန်နှင့်သူ လည်နှင့်ပြီးသား။ ကိုစိုက်က သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



ညှံ့ကွက်ကို လူရှေ့သူရှေ့ ဖောက်သည်ချနေသဖြင့် ပေစောင်းစောင်းဖြင့် မချောကို ကြည့်ကာ ငြိမ်ကုပ်နေသည်။ မချောကတော့ သူ့ဆိုင်ကလေးကို ကျေနပ်ပီတိဝေလို့ ရွှန်းရွှန်းလဲ့အောင် စီကာပတ်ကုံး ပြောပြတော်မူသည်။

"ငါက ဒီဆိုင်ကို ဖွင့်မယ် ဈေးရောင်းမယ်ဆိုတော့ နင့်ကိုစိုက်က အင်တင်တင်နဲ့လေ"

"အင်တင်တင် မလုပ်နဲ့လေ၊ ကန်ဘောင်ပေါ်က ရတဲ့ သရက်သီးကြေးတွေနဲ့ ရွှေဆင်ပေးထားတာ မိချော အသုပ်ရောင်းတော့ ကြိုးပျောက်တော့တာပဲ. . . ပြုတ်ပြုတ်ပြုန်းလို့"

အရင်က မိချော ဈေးရောင်းကောင်းလို့ အရင်းပြုတ်ပြီး ကြိုးကုံးလေး အပေါင်ဆုံးဖူးတာကို ငယ်ကျိုးငယ်နာ ပြန်ဖော်သည်။ ဘယ်ရမှာလဲ. . . မချောကလဲ ဆတ်ဆတ်ထိမခံဘဲ၊ ဘယ်နေလိမ့်မလဲ။ ပြန်ပြောတာပေါ့။

"ငါတင်ပဲလား မောင်ယဉ်ရယ်၊ သူလဲ ရာဇဝင် မကောင်းခဲ့တာပါပဲ၊ အင်းဖော်ချိန်တုန်းက သူပဲ ပိုက်ဝယ်မယ် ဆွဲကြိုးလေး နားကပ်လေး ရင်းလိုက်ဆိုလို့ ပလုံဖူးသေးတယ်လေ၊ အဲ့ဒီနှစ်က ဘာမှ ဟုတ်တိပတ်တိ ပိုက်မချဖြစ်ဘဲနဲ့ ချမ်းတာ အကြောင်းပြပြီး မူးနေတာနဲ့ သူများဖော်လို့ ကုန်တာပဲလေ"

သူတို့လင်မယားမှ တကယ့် မောင်ယဉ်တို့လင်မယား အကြီးစားပဲ။ အတူတူနဲ့အနူနူကို အပြန်အလှန် အပြစ်တင်ဖို့ ဆုံးမကြတာလေ။ ကိုစိုက် ပါးစပ်နဲ့ ပိုက်ချပြီး တံငါမုဆိုး လုပ်မယ်ဆိုတဲ့နှစ်က မောင်ယဉ်လဲ ပါတာပေါ့။ လူမိုက်က ကိုစိုက်ဆိုရင် အဖော်က မောင်ယဉ်ပဲလေ။

မှတ်မိသေးတယ်၊ အဲ့ဒီတုန်းက ကန်အစပ်မှာ ပိုက်ချဖို့ စောင့်ရင်း ဖေပုလင်းတွေ ထောင်ကြတာ။ ပိုက်ချဖို့ ဟန်ပြင်လိုက် "တစ်နှစ်သုံး





ချမ်းသေးတယ်" အော်လိုက်နဲ့ ဖေပုလင်းအခွံနဲ့ ပိုက်ခွံဟောင်းလောင်းသာ ကျန်တယ်။ အင်းဖော်ချိန်ကုန်တော့ နီးရာတံငါသည်ကို ပိုက်အဖိုးလိုက် ပြန်ရောင်းပစ်လိုက်ရတယ်။ မချောရဲ့ ဆွဲကြိုးနားကပ်ကတော့ ပလုံတော့တာပဲ။

"ဟုတ်တယ် ကိုစိုက်၊ မချော ပြောတာလဲ မှန်တယ်၊ ခင်ဗျား အဲ့ဒီတုန်းက လိုသွားတယ်"

"ဟော့ကောင်. . . မင်းလဲ အတူတူ သောက်ခဲ့တာလေ"

"အင်း. . အဲ. . ဟုတ်တယ် မချော၊ အတူတူနဲ့ အနူနူပဲ၊ နှစ်ငါးယောက်လုံးကြောင့်ဖြစ်တာ"

တစ်ဖက်ဖက်ကို အလေးပေးလိုက်လို့ မရဘူး။ မလစ်ရင် မလစ်သလို မျှမျှတတ ဘက်မလိုက် လုပ်ရတာပေါ့။ ကွယ်ရာကျမှ တို့ထိတို့ထိဘေးတီးတာကတော့ ချွင်းချက်ပေါ့လေ။ ကြည့်ကောင်းအောင် ပြောရမယ်။ စားကောင်း၊ သွားကောင်း၊ လာကောင်း၊ သောက်ကောင်းအောင်ကောင်းလေးကောင်းနဲ့ ညီမျှစေဖို့ပဲ။ ကျွေးမွေးမယ့်လူ သဒ္ဓါပေါက်အောင် ပြောရမှာက ဧည့်သည်တို့ ဝန်တာ။

"ဟဲ့. . . နင်ဘာစားပြီးပြီလဲ၊ အဲ့ဒီမှာ ထမင်းထည့်ဟာ၊ ကြိုက်တဲ့ဟင်းနဲ့သာ ထည့်စား"

အခုမှပဲ စားရသောက်ရမယ့်အလှည့် ရောက်တော့တယ်။ ပြေပြေလည်လည် ပြောမှ မချောက သိတတ်တာ။ အိန္ဒြေပင် ဆောင်မနေတော့ဘဲ ထမင်းခူးခပ်၍ ဟင်းသုံးလေးမျိုးလောက် ပစ်ထည့်ကာ တော်ကြီးကျပစ်လိုက်သည်။

"မချောပြောတာ သဘာဝ ကျတယ်၊ အခုချိန်မှာ ဒီထမင်းဆိုင်က ရပ်တည်နိုင်အောင် လုပ်ပေးထားတာပဲ၊ ဘာပဲဖြစ်ဖြစ် မချော ဦးဆောင်မှုနောက် လိုက်သင့်တယ်"

စားကောင်းသောက်ကောင်း ထမင်းမြိန်တော့လဲ လို့ဆိုပါတာ



www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုမြောက်ပြောမိတာပေါ့။

"ဟဲ့. . . မောင်ယဉ်၊ ကြက်သည်းမြစ် ထည့်စားလေ"

အမြောက်ကြိုက် အမျိုးပေကိုး။ အရင်းမစိုက် လေ့ထိုးလိုက်တာ လေကလေး စိုက်ရုံနဲ့ မိုက်တယ်။

"ဒါပေမယ့်ကွ. . . ငါလဲ သူ့ဆိုင်မှာ စားနေရတာပါပဲ၊ သူ လမ်းမမှားရအောင်တော့ ငါက ညွှန်ကြားပေးရမှာပေါ့၊ အိမ်ထောင်ဦးစီး မှာလဲ တာဝန်ရှိတာပဲလေ"

"အင်း. . အဲ. . အဲတာလဲ ဝုတ်ဒယ်"

ပလုတ်ပလောင်းနဲ့ မလွှဲမရှောင်သာ ထောက်ခံလိုက်ရတော့ မချောမျက်နှာ ရှစ်ခေါက်ချိုးနဲ့ စူပုပ်ပွလို့။

"မလှူတတ်ရင် ဈေးရောင်းတဲ့ဗျ၊ အခု ဈေးရောင်းတော့ ဖောဖောသီသီ လှူတဲ့အကျိုးအမြတ်က ရောင်ပြန်ဟပ်တာပဲလေ"

"အဲ့ဒါကို ပြောချင်တာ မောင်ယဉ်ရေ၊ ဒီဆိုင်ကို ဖွင့်ဖို့က အတိုက်အခံလုပ် ပြောပြီး ဖွင့်ခဲ့ရတာ၊ နင်ပဲ စဉ်းစားကြည့်၊ ကလေးနှစ်ယောက် တွဲလောင်းဖက်သီနဲ့ ငါ့မှာ လုပ်လိုက်ရတာ၊ ရေတစ်ပုံးတောင် ကူမဆွဲချင်ဘူး"

"ဆွဲပေးလိုက်လေဗျာ. . . မောင်တစ်ထမ်း မယ်တစ်ရွက်"

မောင်ယဉ်က ကိုစိုက်ဘက် လှည့်၍ ကျပ်လိုက်သောအခါ ခြားဦးက ကိုယ့်ကိုယ်ကို ပြန်ထိုးသလို ဖြစ်သွားသည်။

"မလိုတော့ဘူးလေကွာ. . . အခု မင်းရောက်နေပြီပဲ၊ မင်းဆွဲပေါ့ကွာ. . . မဟုတ်ဘူးလား၊ တို့ရွှေညီအစ်ကိုတွေပဲ၊ ပြောနေရမယ့်လူတွေမှ မဟုတ်တာ"

"အယ်. . ."

ကိုယ့်ရှူး ကိုယ်ပတ်ပြီ။ တစ်လုပ်စားဖူး သူ့ကျေးဇူးက ပါးစပ်ပွဲစား အာချောင်ရုံနဲ့ မရတော့ဘူး။ နည်းပညာ မြင့်မားတာနဲ့အမျှ လှုံ့လ





ဝီရိယစိုက် လက်တွေ့ပြရချေတော့မည်။ အစကတည်းက ကိုယ့်အန္တရာယ် ကိုယ်မရှောင်ဘဲ စွတ်တင်ပြီး ရန်တိုက်ပေးလိုက်တာ။ အခုတော့ ရှုန်းမရ ကျုံးနစ်လို့ သေမယ်ဆို သေလို့ရပြီ။

"အဲ့ဒါပဲ နင်ကြည့်တော့. . . လက်တွေ့ပဲ၊ တော်နေကြာရင် သူသွားတော့မယ် ဘုံဆိုင်ကို၊ ငါ့ကို အယုံအကြည် လုံးဝမရှိဘဲ ဒီဆိုင်ကို ကျားကန်ပြီး ဖွင့်လာတာ၊ အခုတော့ သူက ဆိုင်ရှင်သူဌေးသား ကျနေတာပဲ"

"စိတ်ဓာတ်မကျပါနဲ့ မချောရယ်၊ ခင်ဗျားက ကလေးနှစ်ယောက်နဲ့ ဖခင်အိုကြီးကို လုပ်ကျွေးနေရတဲ့ အပျိုကြီးပေါ့"

"အေး. . . ငါက အဲ့ဒီလို ဖြစ်နေတာပေါ့၊ သူ့ကို အားကိုးနေလို့ကတော့ ငါ ဟိုအတန်း ရောက်လောက်ပြီ"

"ဒါပေါ့. . . သူကျောင်းဆက်ထားပေးရင် တက္ကသိုလ်တောင် ရောက်နေလောက်ပြီ"

"တော်ကွာ. . . မင်းတို့မောင်နှမတွေ လျှောက်မပြောနဲ့၊ အိမ်ထောင်ဦးစီး ငါမရှိဘဲ ဘာမှမဖြစ်ဘူး၊ အဟန့်အတား လင်တစ်ယောက်ဆိုတာ မောင်တစ်ကျပ်ထက် အဆတစ်ရာ သာတယ်တဲ့. . . ငါကြားဖူးတယ်"

"အဲ့လိုပဲ ပြောကြတာပဲ၊ ငါ့ဘကြီးလဲ အဲ့လိုပြောပြီးတော့ ရှောသွားတာပဲ"

ကိုစိုက်ရဲ့စကားကို မချောက အဲ့ဒီလို ပျက်ရယ်ပြုပြစ်တာပါပဲ၊ သူတို့လင်မယားကြားမှာ ထမင်းစားရတာ ပျော်စရာလဲ ကောင်းသလို စားလို့လဲ မြိန်ပါရဲ့။

"တော်ပါတော့ဗျာ. . . ဟိုမှာ ဆရာသမားတွေ လာနေပြီ ထမင်းစားမယ်ထင်တယ်"

ထမင်းဆိုင်ထဲသို့ စားသုံးသူတွေ ဝင်လာလို့သာ စကားမ ပြတ်



www.burmeseclassic.com

www.burmeseclassic.com



သွားရတာပေါ့။ ဒီလိုမှ မဟုတ်ရင် ပေတစ်ရာ ရှည်ဦးမည်။ ကိုရီးယား ကား စီးရီးတွဲကြီးဖြစ်ဦးမည်။

"တော်ပါတော့ မချောရယ်၊ ပြီးရင် ကျွန်တော်ပဲ ရေဆွဲပေးပါ့မယ်"

စားသုံးသူတွေ စိတ်အနှောင့်အယှက် မဖြစ်ရအောင်သာ မီးစကို ရေနဲ့ ငြိမ်းသတ်လိုက်ရတာ။ ပြိုင်ပွဲက အတော်မြိုင်ဆိုင်ပြီး ကြည့်ကောင်းနေပြီ။

ဆိုင်မှာ လူကျနေသဖြင့် ထမင်းစားနေတာကို အမြန်လက်စသတ်ပြီး မောင်ယဉ်က ဝင်ရောက်ကူညီလိုက်သည်။

"ဆရာတို့ဝိုင်းက ဘာနဲ့စားမလဲ"

"ကြက်သား၊ အမဲနှပ်၊ ဝက်ချို၊ ငါးမြင်း၊ ငါးဖယ်၊ ဘဲဥ၊ ဆိတ်သား၊ ငါးရှဥ့်ခြောက်စပ်၊ ကြက်ဥမွှေကြော်၊ လက်ဖက်ထမင်း၊ ဘာနဲ့စားမလဲ အစ်ကို"

"အမဲလိုက် တူးမယ်ဟေ့၊ ဒီဝိုင်းကို တစ်ရှူးဗူး ချပေးပါဦး၊ ငပိရည် တို့စရာ လိုမယ်"

ဆိုင်ကလေးထဲမှာ ဆူညံပွက်လောရိုက်ကာ စည်ကားပြည့်ကျပ်သွားသည်။ ဇယ်ဆက်သလို မပြတ်မနား အော်ဟစ်ပြီး ချွေးပြန်အောင် ဝိုင်းကူလိုက်ရပါသည်။ ချွေးမထွက်ဘဲ ထမင်းစားရတာဆိုလို့ ဆန်ကုန်မြေလေးတွေပဲ ရှိပေမပေါ့။ အဲ. . . ကိုစိုက်ကို ရည်ရွယ်သလို ဖြစ်သွားလား မသိ။ မရည်ရွယ်ရပါဘူး။ မောင်ယဉ့်အစ်ကိုကြီး ကိုစိုက်က အိမ်ထောင်ဦးစီးနေရာက မိန့်မိန့်ကြီး နေရတာလေ။ အိမ်ထောင်ဦးစီးဆိုတာ ပိုဆိုးသတဲ့။ စဉ်းစားရ ကိုင်တွယ်ထိန်းသိမ်းရလွန်းလို့ ဉာဏ်ကိုလွှာသုံးလို့ နဖူး နားထင်က ချွေးပြန်ရသူတွေပင်ဖြစ်သည်။

(မှတ်ချက်- မှတ်နော်၊ အိမ်ထောင်ဦးစီးများ၊ ကမ္ဘာပေါ်မှာ ရှိသော အိမ်ထောင်ဦးစီး ယောကျ်ားမှန်သမျှ အဲ့ဒီစကားလုံးနဲ့ ကိုင်





ပေါက်လို့ရပါသည်။)




ဆိုင်မှာ လူရှင်းသွားတော့ ကိုယ်တို့လူ ကိုစိုက်က ကြက်ပျောက်ငှက်ပျောက် ပျောက်သွားချေပြီ။

"မချော. . . ကိုစိုက်လဲ မတွေ့ပါလား"

"သွားပြီလေ. . . ကြွပြန်ပါပြီ၊ ဒီအချိန်ဆို ပုံမှန်ပဲ၊ ဖောက်သည်ကြီး. . . ဘုံဆိုင်ကို အလုပ်အကျွေးပြုနေတာ"

ကိုယ်တို့လူက စောစောစီးစီး ခြေလှမ်းတွေ သွက်နေပါပေါ့လား။ နေပြင်းပြင်းနဲ့တော့ သွေးတိုးပြီး ဂိနေမှ ဟုတ်ပေ့။ အိမ်ထောင်ဦးစီးရာထူး လျှော့ရချေလိမ့်ဦးမည်။ မောင်ယဉ်လဲ ယောင်တောင်ပေါင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ညာတာပါတေးနဲ့ သူနဲ့ ထပ်ကြပ်မခွာ ခြေလှမ်းနင်းမလို့ ချောင်းနေတုန်းပဲ ရှိသေးတယ်။ ကိုယ်တို့လူက ရှုတည်တည် ရွဲစောင်းစောင်းနဲ့ ပြန်ရောက်လာပါရော။

"ဟော့ကောင်. . မောင်ယဉ်၊ ခွေးကောင်. . သွား. . အိမ်ကို ပြန်တော့. . . ဖွတ်မသား"

"ဟာဗျာ. . . မပြန်ပါဘူး၊ ကျွန်တော့်ကို အိမ်ပေါ်က မိန်းမ နှင်ချလိုက်တာ. . . ပြန်လို့မရဘူး"

ကိုစိုက်က လက်သီးနှစ်ဖက် ဆုပ်ကာ ဆွေ့ဆွေ့ခုန်၍ ပြောတော့သည်။

"အောင်မာ. . . လာဖြီးမနေနဲ့၊ မင်းတို့လင်မယား ဘာမှ ရန်မဖြစ်ဘူး၊ နှင်ချတာလဲ မဟုတ်ဘူး၊ မင်းအိမ်ကနေ ဖုန်းလှမ်းဆက်လိုက်လို့ ငါသိပြီးပြီ. . . မင်းပြန်တော့"

"ဗျာ. . . မဖြစ်နိုင်တာ၊ အိမ်မှာ ဘယ်သူမှ မရှိပါဘူး၊ ကျွန်တော်တို့ စကားများ. . များ. ."

"ဟေ့. . . တော်ကွာ. . . လျှာရိုးမရှိ ငါ့ကို လိမ်လို့ရမယ် ထင်နေလား၊ မင်းအိမ်ကို တော်တော်တည် ရောက်ပြီးသွားပြီ၊ ဖြစ်ကြောင်းကုန်စင် ပြောလိုက်ပြီ"

သူ့စကားပင် ဆုံးအောင် ပတ်ချွဲနှပ်ချွဲ ပြောခွင့်မသာလိုက်ပါ။ ကိုစိုက်က အလောတကြီး ဖြတ်ပြောကာ ဟောက်လေသည်။

"ခွေးမသား. . . တော်တော်တည်"

ကြိတ်မနိုင် ခဲမရ ဆိတ်ခေါင်းမျက်ခွက်ကို မြင်ယောင်ရင်း မောင်ယဉ် ကြုံးဝါးမိတော့သည်။





# RAID

လမ်းထဲ ပြန်ရောက်လာတာနဲ့ တစ်ရပ်ကွက်လုံးက ပြုံးဖြီးဖြီးနဲ့ ဆီးကြိုလေသည်။ သူလဲ ပြုံးဖြီးဖြီးနဲ့ ပြန်လာခဲ့ရတာပါပဲ။ မပြန်ခင် ကိုစိုက်နှင့် မချွေချောကို နောက်တီးနောက်တောက် လုပ်ခဲ့သေးသည်။ ခရီးရောက်မဆိုက် ပြန်ရတော့မည်ဆိုတော့ မချောက ကြောင်အမ်းအမ်း မယုံသင်္ကာ မောင်ယဉ်ကို ကြည့်သည်။ ဒါကို အရေးစိုက်မနေဘဲ စိတ်လွတ်ကိုယ်လွတ် ဒေါင်ချာစိုင်း မူးနေသော ကိုစိုက်ကို လက်ခုပ်လက်ဝါး တီးကာ မြှောက်ပေးလိုက်သည်။

"ကိုစိုက်ရေ. . . ကျွန်တော်တို့ တစ်ပုဒ်လောက် ကစ်လိုက်ရအောင်ဗျာ"

"လုပ်လိုက်လေ. . . ဆက်ဆွဲရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပေးရင် ဟိုဒင်းဖြစ်အောင် ကတတ်တဲ့ ကိုစိုက်က မချောရှေ့မှာ ဟန်ပြင်လေသည်။

"ဟေ့. . ဘာတဲ့. . ကောင်လေးရ ဘုရားဖူးတွေ ကြွလာပြီဆို ဒါလေးက ဘူလေးလဲဟေ့. . . ဘူလေးလဲ"

ကိုစိုက်က မချောကို လက်ညှိုးနှစ်ချောင်း လှည့်ထိုးကာ ကလေသည်။

"ဘူလေးလဲဟေ့. . . ဘူလေးလဲ"

"ဘူလေးမှ မဟုတ်ဘူးဟေ့. . . နင့်မယားဟဲ့"

ငေါက်ဆတ်ဆတ် ဟောက်ထုတ်လေမှ ကွေးနေအောင် ကနေသော ကိုစိုက်လဲ အကရပ်တော့သည်။

ကွေးကလိမ်ကောက်တာ ဖြောင့်သွားလေတော့မှ မောင်ယဉ်လဲ ဆက်ပြီးမပင့်မြှောက်ရဲတော့ဘဲ လစ်ထွက်လာခဲ့ရတော့သည်။ ယင်းမြင်ကွင်းကိုပင် တစိမ့်စိမ့် တွေးရင်း ပီတိပြုံးနဲ့ ကြည်နူးကာ မောင်ယဉ် ပြန်လာခဲ့သည်။

ယခု လမ်းထဲ ရောက်တော့ အပြုံးချင်း သွားဆုံသည်။ ရပ်ကွက်ထဲက လူတွေ ပြုံးကြတဲ့အပြုံးကတော့ လှောင်ပြုံးရုံသက်သက်ပါ။ သူ့အပြုံးနဲ့ မတူဘဲ မူကွဲသွားသည်။ အိမ်ပေါ်က ဆင်းတုန်းက မာနကြီး တစ်ခွဲသားနဲ့ အပြတ်ပဲ သဘောထားကာ ဒေါင်းတင်မောင်းတင် ဆင်းလာခဲ့တာ။ အခုတော့ ဟိုဖွတ်မသား ငတော် မွေလို့ သူက မနေနိုင်ရက် သူအဖြစ် အစွယ်ကျိုးကျကာ ပြန်လာရချေပြီ။ မထူးတော့ပြီမို့ ရောကောသောကောဖြင့် ရှက်ပြုံးကလေးပါ တစ်ဆက်တည်း ပြုံးမိလေသည်။

ခြံထိပ်ရောက်တော့ ခြေလှမ်းများ အလိုလို တုံ့ရပ်မိသွားသည်။ မောင်ယဉ်နဲ့ မျက်နှာချင်းဆိုင် တစ်ဖက်ခြံထိပ် လမ်းမပေါ်မှာလည်း မိယဉ်ကို တွေ့လိုက်ရသောကြောင့်ပင်။ တုံ့ဂိုဘာဝေ လေးပင်တွေဝေစွာ လျှောက်လာရင်း သူမလဲ မောင်ယဉ်ကို မြင်သွားသည်။ နှစ်ယောက်





သား အံ့သြတကြီး ကြည့်ကာ တစ်စစ နှုတ်ခမ်းများ တွန့်ကွေး အပြုံးချင်း ဖလှယ်မိကြသည်။ နှစ်ဦးစလုံးရဲ့မျက်နှာမှာ ရှက်ရိပ်တွေစို တွဲလဲခိုလို့။

အားရဝမ်းသာစွာပင် ဟန်မဆောင်နိုင်ဘဲ ပြေး၍ဖက်မိကြသည်။ ခပ်ညံ့ညံ့ ဟာသကားများထဲကလို လူတစ်ယောက်လုံး လွဲချော်သွားတာမျိုးတော့ မဖြစ်ပါ။ နှစ်ဦးသား တင်းကျပ်စွာ ပွေ့ဖက်လိုက်ပြီး အမောတကော မေးစမ်းမိကြတော့သည်။

"ဘာဖြစ်လို့ ပြန်လာတာလဲ ဒါလင်"

"မသိဘူးလေ. . . ဒါလင်ရော သတ်မှတ်ထားတာထက် ပိုစောပြီး ဘာလို့ပြန်လာသလဲ"

နှစ်ယောက်သား ရွှေလက်တွဲယှက်လို့ ခြံထဲ ဝင်လိုက်ကြသည်။ ဘေးအိမ်တွေက "အခုတော့လဲ သူ မဟုတ်သလိုပါပဲလား" လို့ မဲ့ကာ ရွဲ့ကာ ပြောချင်လဲ ပြောပါစေတော့။ လွမ်းရေးခက်လွန်းလို့ ဒီအပြောတွေကိုလဲ သူတို့ မမှုနိုင်တော့ပါဘူးလေ။ ကိုယ့်လွမ်းနာ ကိုယ်သာသိ မဟုတ်လား။

"ဒါလင်နဲ့ အကြာကြီး မခွဲနိုင်လို့ပေါ့ကွယ်"

တကယ်တော့ ဘယ်ဟုတ်မလဲ။ ဟိုဖွတ်ကျားငတော် မွေလို့ အိမ်ပေါက်စေ့ မလည်ရဘဲ လမ်းခုလတ်မှာတင် လှည့်ပြန်လာခဲ့ရတာလေ။

"ညီမလဲ ဒါလင့်လိုပဲ ရင်ထဲမှာ ဟာတာတာနဲ့ လွမ်းသလိုကြီး ဖြစ်လို့ အိမ်ကို တစ်ခေါက်ပြန်လာကြည့်တာ"

လက်တွေ့ ကွင်းဆင်းလိုက်တော့လဲ ဧည့်သည်လုပ်ရတာ ထင်သလောက် မကောင်းမှန်း သိရတော့လေသည်။ အနည်းငယ် အာသာပြေသွားပေမယ့် မျှော်လင့်ထားသလောက် ပျော်စရာ မကောင်းတာကို သိလာခဲ့ရလေသည်။ ကြာလေကြာလေ တဖြည်းဖြည်းနဲ့ ဒီအိုးဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



ဒီလင်ဒီမယား မခွဲမခွာ ညောင့်ထောက်နောက်ခံ ပြုနေရတာကမှ ပိုပြီး သာယာသလို ဖြစ်သွားရသည်။ အထီးကျန် သီးခြားဆန်ရတာ သေတာ တစ်ခုကလွဲပြီး ဘာမှ မကောင်းဘူးဆိုတာ ရိပ်မိလာသည်။

အခုတော့ တိုင်ပင်မထားဘဲ နှစ်ယောက်သား တက်ကြွသော ခြေလှမ်းများဖြင့် အိမ်ပေါ် တက်လှမ်းလိုက်မိကြတော့သည်။ ဝေးကွာခဲ့ ရသော၊ ဟန်ဆောင်ရန်ဖြစ်ကာ ခွဲခွာခဲ့ရသော လစ်ဟာမှု၊ မလုံခြုံ မနွေးမြမှုတွေအတွက် အတိုးချပြီး အလွမ်းသယ်ရပေတော့မည်။

အိမ်တံခါး စေ့ထားတာ မြင်တော့ သူမက မျက်လုံးပြူးကာ အထိတ်တလန့် ရေရွတ်သည်။

"ဟောတော့. . . ဒါလင်၊ အိမ်ဖောက်ခံရပြီ ထင်တယ်"

သူ မေ့ကျန်ခဲ့သော သော့ဖြင့် ငတော် အိမ်ထဲ ဝင်ကာ ထင်ရာ စိုင်းနေပြီမှန်း သိပါသည်။ ဒါကြောင့် သူမကို တိုးတိုးဖွဖွ ကြိတ်တိုင်ပင် ကာ ငတော်ကို လှည့်ကျပ်လိုက်ပါသည်။ သိကြပြီပေါ့ ငတော် သပွတ် ကောင်ရာ။

ꩫ ꩫ ꩫ ꩫ





မိယဉ် အိမ်တံခါးကို အသာတွန်းဖွင့်၍ ဝင်သွားသည်။ တံခါး ထောင့်မှ တံမြက်စည်းနှုကို ကောက်ကိုင်ကာ ခြေသံဖွဖွဖြင့် ချဉ်းနင်း ဝင်ရောက်သွားသည်။ မောင်မင်းကြီးသား ငတော်က ကိုငှက်ကြီးရဲ့ အမ်ပီသရီးသီချင်း တအေးအေးဖြင့် ဗိုက်ကျကာ မှိန်းနေသည်။ မိယဉ် ငတော်၏ခေါင်းတည့်တည့်ကို ချိန်ရွယ်၍ တံမြက်စည်းဖြင့် အုပ်ထည့် လေတော့သည်။

"ဖုန်း. . ."

"သူခိုး. . သူခိုး. . သူခိုး. . . သာခို. . . သာခို"

ပါးစပ်မှ ကယောင်ကတမ်း ရေရွတ်ကာ တဖုန်းဖုန်း မြည် အောင် ဆော်ပလော်တီးထည့်လေသည်။

"အား. . . အဘား. . . ဘား. . . ဘား"

ကမန်းကတန်း အထိတ်တလန့် ထကာ လက်များဖြင့် အစွမ်း ကုန် ကာလေသည်။ ကြည့်ဖူးသော တရုတ်သိုင်းကားများထဲက အတိုင်း ကော့ကိုင်းကိုင်း သိုင်းကွက်ဆွဲလေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . မိယဉ်၊ ငါပါဟဲ့ . . . တော်တော်တည်လေ"

"ဟင် . . . မသိဘူးလေ၊ ရှင်က ဘယ်လိုရောက်နေတာလဲ၊ ကျုပ်ယောကျ်ား မရှိဘဲ ဒီအိမ်ထဲ ခိုးဝင်လို့ သူခိုးထင်တာပေါ့လို့"

မိယဉ်တို့ သရုပ်ဆောင်ချက်ကတော့ ကွက်တိပဲ။ သိသိကြီးနဲ့ မသိသိကြီး လုပ်ကာ ဆော်ပလော်တွတ် လွှတ်တာလေ။ အူကြောင်ကြား ငတော်က အခုမှပဲ စိတ်အေးရဟန်ဖြင့် ပြင်ထားတဲ့ သိုင်းကွက်ကို ပြန်ရုပ်လိုက်ပြီး ရှင်းပြလေတော့သည်။

"နင့်ယောကျ်ား လိမ်ဆင်လုပ်ပြီး ငါ့အိမ်ကို လာတယ်လေ၊ အမေနဲ့ ငါ့ညီမနဲ့ကို ငါနဲ့ ရန်တိုက်ပေးပြီး အဲ့ဒီကောင် ထွက်သွားတယ်"

"ဘာကို လိမ်ဆင်လုပ်ရမှာလဲ၊ ကျုပ်ယောကျ်ားက ကံငါးပါး လုံပြီးသားပဲ"

"ဘာလုံတာလဲ . . . နင်တို့လင်မယားက ဒေါင်းတွေလို ဟိုဒင်း မလုံဘူး၊ ဒေါင်းယောင်ဆောင်တာ မဟုတ်ဘူး . . . ကျီးယောင်ဆောင်တဲ့ဒေါင်း"

ကက်ကက်လန် အပြစ်တင်နေပုံထောက်ရင်တော့ ကိုယ်တို့လူ အိမ်မှာ အတော်ဇယားငြိလာပုံရသည်။ အလွန်အကျွံလဲ အသည်းနာနေသည့်သဘောပင်။

"သူ မေ့ကျန်ခဲ့တဲ့သော့ကို ငါက ပြန်လာပေးရင်း ငါလဲဟာ အမေနဲ့ ခွန်းကြီးခွန်းငယ် ကြီးကြီးကျယ်ကျယ်တွေ ပြောပြီး အိမ်ပေါ်က ဆင်းလာခဲ့တယ်"

"ဟင် . . . ဟုတ်လား၊ ရှင် အိမ်ပေါ်က ဆင်းလာတာ ရှင်ကိုယ်ဉ်က အသုံးမကျလို့ နေမှာပေါ့"

ကျိန်လိုက်ကွ ကျားလေးရ။ အဲ့ဒါမှ မိယဉ်အစစ်။ ရှင်းရှင်း ဘွင်းဘွင်း ဟုတ်တာမှန်တာ ပြောထည့်လိုက်တော့ ငတော် မျက်နှာပြင် နီရဲသွားပြီး မခံချိမခံသာ ဆတ်ဆတ်တုန်လှုပ်လို့နေတော့သည်။





"ငါ ဒီရောက်တော့ ဘာပန်းကန်တစ်ချပ်မှ ကွဲနေတာ မတွေ့ဘူး၊ သူကွဲသွားပြီ ပြောတဲ့ ငါ့လက်ဖွဲ့ ကော်ဖီကြွေခွက်ကလေးတွေလဲ အကောင်းအတိုင်းပဲလေ၊ ပြီးတော့ အမှိုက်ပုံးထဲက ဖန်ချောင်းတွေ တွေ့လိုက်မှ ငါသဘောပေါက်သွားတယ်၊ ဘာကို မုန်လာဥ လုပ်ဦးမလဲ"

ငတော်က လက်ညှိုးတထိုးထိုးဖြင့် တစ်ထစ်ချ ပိုင်ပိုင်နိုင်နိုင် ပြောလေသည်။ မိယဉ်က ဒီတော့မှ လေသံဖျော့ လျှော့လိုက်ပြီးတော့ သပ်မံ လိမ်လည်ရတော့သည်။

"ဟုတ်တယ် . . . သူက မာန်ပါအောင် ပိုပိုသာသာ စိတ်နာနာနဲ့ ပြောတာနေမှာပေါ့၊ ကျုပ်တို့ ဘာတစ်ခုမှ မခွဲမရိုက်ဘဲ ရန်ဖြစ်ခဲ့ကြတာ"

"ဟော . . . ဂလိုလား"

"ဟုတ်တယ် . . . ဂလိုဘယ်လိုက်ဖေးရှင်းမြင်းပဲ"

မိယဉ် ရွဲ့တဲ့တဲ့ဖြင့် ဒေါင်းတင်းမောင်းတင် ပါးစပ်ထဲ တွေ့ကရာတွေ ရေရွတ်ငေါက်ငမ်းပစ်လိုက်သည်။ ဒီတော့မှ ငတော် ဇက်ကလေးပု ပခုံးလေး ကျုံ့ကာ ခေါ်ချမှိုခံ့မှာ အသာလေး ထိုင်ချသည်။

"သွားပြီဟာ . . . ငါက ဒီကောင် ဂွင်ဆင်တယ်ထင်ပြီး ကိုစိုက်ဆီတောင် လှမ်းသတိပေးလိုက်မိသေးတယ်၊ ငါ့ကောင်ကြီး အတော်ဒုက္ခရောက်မှာပဲ"

လာလာချည်သေးတယ်။ မိုးလင်းမှမိုးချုပ် တလောကလုံး လှည့်ပတ် ဒုက္ခတွေ မျှဝေနေတဲ့ကောင်ကများ။ ကရုဏာတရားတွေ ထားကာ ဝါနာမှုနဲ့ နောင်တရနေသေးသည်။ စုပ်စမြုပ်စ နွံကျွံနေတဲ့ လူက ဖေးမကယ်ကူမယ် တကြော်ကြော် ကြွေးကြော်သလို ဖြစ်နေပြီပေါ့လေ။ လူက ပုံလဲကျတော့မယ်။ လေက မလျှော့တဲ့ကောင်။ ဒါကြောင့်လဲ တရေးဆာရာဖြစ်နေတာ နေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းထဲ ချဉ်စူးစူးအနံ့ ဝင်လာသဖြင့် မိယဉ် နှာခေါင်းရှုံ့ကာ ဟိုဒီကြည့်မိသည်။ တော့်လက်ချက်ပင်။ အန်ဖတ်တွေက ကြမ်းပြင်မှာ အပုံလိုက်။

"ဆောရီးပဲဟာ. . . ငါအထင်. . ."

သူ့ကိုပင် စကားဆုံးအောင် ပြောခွင့်မပေး၊ မိယဉ် စိတ်ပေါက်ပေါက်နဲ့ အော်မိတော့သည်။

"တော်ပြီ. . . တော်လိုက်တော့. . . တော်တော်တည်၊ . ရှင်စကားကို ပြီးမှ ဆက်ပြော၊ အန်ဖတ်တွေ အရင်ကျုံးလိုက်ပါဦး၊ ကျုံးပြီးမှ ဆက်ပြော"

"အော်. . အေး. . ဆောရီးဟာ၊ ငါမှားသွားတယ်"

ဘယ်တုန်းကများ နည်းတာ ရှိဖူးလို့လဲ။ သူကပဲ တစ်ခါတလေ ဖြစ်သလိုလို ဘာလိုလိုနဲ့။ ဒီပါးစပ်က အသောက်ပက်စက်သလောက် အပြောရဲသေးသည်။ သူမို့ အရှက်မဲ့ ပြောထွက်သည်။ တော်ကြောနဲ့ ရှက်ကြော ပြတ်ပြီး မွေးလာတဲ့ကောင်ပဲ ထင်ပါရဲ့။

မျက်နှာထားတင်းတင်းဖြင့် စိတ်ဆိုးမာန်ဆိုး မိယဉ် တံမြက်စည်း တဆဆ လုပ်နေသဖြင့် အမှိုက်ပုံး ယူကာ တော်က အန်ဖတ်တွေ ကုန်းရုန်းပြီး ကျုံးရှာပါသည်။ ကိုယ့်အန်ဖတ် ကိုယ်မလျက်ခိုင်းဘဲ ကျုံးခိုင်းတာပဲ ကျေးဇူးတင်ရမှာပေါ့။ အန်ဖတ်များကို ကျုံးပြီး သူက မချိသွားဖြဲ ရယ်ကာ နှာခေါင်းရှုံ့လေသေးသည်၊ သောက်တုန်းကတော့ ဒီရုပ်မဟုတ်ဘဲနဲ့ အခုမှ နှာခေါင်းရှုံ့ရတာနဲ့ လက်တွန့်ရတာနဲ့ ဖြစ်နေလိုက်တာ။ မိယဉ်ကလဲ အိမ်အောက်မှာ သွေးကြွအောင် စွတ်တင်မြှောက်ပေးလိုက်သည့်အတိုင်း တစ်စက်မှ မလျှော့။ အားမနာ လျှာမကျိုး အပြတ်အသတ် မျက်နှာရှစ်ခေါက်ချိုး မာန်တင်းထားသည်။ ကျုံးပြီးသွားလို့ လက်ကို ဆေးကြောသုတ်သင်ပြီးကာမှ တောက အရှက်ပြေ ရယ်လေသည်။





"ငါ ခန့်မှန်းပြီး အထင်လွဲမိတာ မှားသွားတယ်ဟာ. . . အဟဲ ငါက ဒီကောင် ကလိမ်ကျပြီ ထင်တာ"

မိယဉ်က နှာခေါင်းရှုံ့ပြီး လက်ကို ဝှေ့ယမ်းခါပစ်ရသည်။ ချဉ်စော်နံ့က စွဲနေတာမို့ မပျောက်ချင်သေးပေ။ ရေဘူးယူကာ ဝှေ့ယမ်း းလိုက်ရသည်။

"ရှင်က ဘယ်နှစ်ခါများ မှန်ဖူးလို့လဲ"

"မှန်တော့မှန်ဖူးပါတယ်ဟ မိယဉ်ကလဲ၊ ငါ့ကို အထင်သေးလို့ ငယ်ငယ်က ငှက်ပစ်တာ ကိုရင့်သပိတ်ကို လောက်စာမှန်တယ်လေ ပြီးတော့. . ."

"ပြီးတော့ ဘာဖြစ်သလဲ၊ ကိုယ့်လက်မကို မှန်အောင်ပစ်တာလား"

မိယဉ်က ခပ်ရွဲ့ရွဲ့ပင် ငေါ့ပြီးမေးလိုက်သည်။ တော်က ရှက်ရှက်ဖြင့် ဖြီးဖြီးဖြဲ ရယ်ကာ ခေါင်းကုတ်သည်။

"မဟုတ်ပါဘူးဟ. . . နင်ကလဲ. . . အထင်သေးလို့၊ ပရီးမီးယားလိဂ်(၃၈)ပွဲမှာ ငါခန့်မှန်းတာ တစ်ပွဲမှန်ဖူးပါတယ်ဟ. . . ဟဲ. . ဟဲ. ."

"ဟင်. . . တစ်ပွဲကြီးတောင်မှပါလား"

မိယဉ် လက်ညှိုးတစ်ချောင်း ထောင်ကာ အံ့ဩပြလိုက်ရပါတော့သည်။ သိပ်မှန်တဲ့ ကိုယ်တို့လူပဲ။



www.burmeseclassic.com

www.burmeseclassic.com



# NIL

ပလာစေချင်သော ဒည့်ဆိုးတွေ၊ အပိုအမြှောင်တွေ အရှုပ်ထုပ်တွေကို ရှောင်ကြဉ်သောနည်းက အလွယ်လေး။ လက်တွေ့မှာ သိပ်မခက်ခဲပေ။ ဧည့်လာဂမုန်းပင် စိုက်စရာမလိုဘဲ ဧည့်ပေါ်ဧည့်ကြွယ်သူများအဖို့ ဧည့်ရှောင်ဧည့်ပထုတ်ခြင်းကို အိမ်မှာနေရင်းနဲ့ အဆင်တပြေ ပြုလုပ်လို့ရသည်။

တခြားမကြည့်နဲ့၊ ကိုယ်တို့လူ တော်တော်ဘည် လက်လှန်ပြီး အိမ်ပေါ်က ဆင်းပြေးရလေပြီ။ အပီအပြင် သရုပ်ပါ မိယဉ်က ထော့လုံးခြောက်လုံးများဖြင့် ဇာတ်နာအောင် အကွက်ဆင်၍ မောင်းချလိုက်ခြင်းပင်။ ငတော်ခမျာ နောက်ကြောင်းပင် လှည့်မကြည့်ရဲဘဲ ဖနောင့်နဲ့တင်ပါး တသားတည်း ကျအောင် သုတ်ခြေတင် လစ်ပြေးလေတော့သည်။





ငတော့်ရန်က အေးသွားလေမှ သူ အိမ်ပေါ်ကို ပြုံးခွင်စွာတက်လာနိုင်တော့သည်။

“ဝူး. . . အခုမှပဲ စိတ်အေးရတော့တယ် ဒါလင်ရေ၊ ဒီကောင်ကြီးကိုတော့ လက်ဆင်ကောင်းကောင်းပေးလိုက်နိုင်ပြီ၊ နောက်လာမယ့်ဧည့်ဆိုးတွေကိုလဲ ဒီလိုလုပ်ရမယ်”

အခုမှ ချမ်းသာခြင်း အစစ်အမှန်ကို ရှာဖွေတွေ့ရှိနိုင်သူတွေလိုနှစ်ယောက်သား လက်ဝါးရိုက်မိကြသည်။ အုမြူးကာ ကျေနပ်ကြည်နူးရတော့သည်။ ဒီလိုဆိုပြန်တော့လဲ လောကကြီးဟာ တရားမျှတပြီး ပျော်စရာကောင်းမနေပြန်ဘူးလား။ ကံကြမ္မာကို ပြန်လည်စူးစမ်းရန် မေးခွန်းနိုလာပါသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ရာသီဉတု ကြည်လင်သာယာသော တစ်နေ့မှာတော့ ငမိုက်သားနှစ်ယောက် သားကောင်အဖြစ် ရောက်လာသည်။ သူဇာနှင့်ဒါလီ ညီအစ်မနှစ်ယောက် မိယဉ်၏ဘော်ဒါဘော်ကျက် ကဲဖော်ကဲဖက်များ။ မိယဉ်ကို မြှောက်ပင့်ပြီး ရှော့ပင်းစင်တာ၊ ဗျူတီပါလာ၊ ရှိုးပွဲတွေ ခေါ်သွားတတ်သည်။ အိမ်ထောင်ရှင်မ ဖြစ်နေပြီမို့ မိယဉ်က အစစအရာ ရာ ဖြီးဖြန်းခြွေတာပြီး ထိန်းသိမ်းနေရသည်။ သူတို့နဲ့ ဖက်ပြိုင်ပြီး ကိုက်ရအောင်လဲ အမြီးပေါက်နေသော တယ်ရီယာမလေးများ မဟုတ်။ ပခုံးချင်းယှဉ် တုပပြီး လိုက်သုံးနေလို့ မဖြစ်ပေ။

အကြီးမ သူဇာက အစားသောင်းကျန်းသည်။ အိမ်ကို လာလျှင် ဟိုဟာစားချင် ဒီဟာစားချင်ရတာနဲ့၊ အသုပ်နဲ့ အတင်းတုပ် ပါးစပ်နဲ့ အစားမပြတ်တတ်ပေ။ အငယ်မ ဒါလီကျတော့ တစ်မျိုး။ "မမယဉ် ဘဲကြီးက လျှံပါတယ်၊ မိဘအမွေတွေ ကိုယ်မှ မဖြုန်းရင် ဘယ်သူဖြုန်းမလဲ" ဟု မြှောက်ပင့်ပြောကာ ရုပ်ရှင်လိုက်ပြခိုင်းသည်။ ပွင့်လင်းရာသီ ပွဲခွင်တွေလဲ ပွဲခွင်တွေမို့ သူပဲ မပြတ်ကြည့်တတ်လေသည်။ အပြောလေး





ကတော့ ချိုနေတာပဲ။

"သမီးက ကျောင်းသူဆိုတော့ ကျောင်းမုန့်ဖိုးနဲ့ မလုံလောက်လို့ပါ မမယဉ်" တဲ့လေ။

တွေ့ကြလေပြီပေါ့။ ဒင်းတို့ မျောက်ကြောက်ပြေး ညီအစ်မနှစ်ယောက်နဲ့သူနဲ့။ မိယဉ် မျက်နှာနာရမယ့်သူတွေကို ချစ်လင်ဖြစ်သောသူနဲ့ လှည့်တွေ့ပေးလိုက်ရုံပဲ။ ဒါကြီးက မိယဉ်ရဲ့လက်ကိုင်တုတ်ပဲလေ။ အစားသောင်းကျန်းသလောက် အသုံးအဖြုန်း ကြီးမားသော ညီအစ်မနှစ်ယောက်ကို ဒီနည်းနဲ့ လက်ဆင်ပေးရမည်။ ဒါဟာ အကောင်းဆုံးသော ဧည့်နှင်နည်း မဟုတ်ပါလား။

"မမယဉ်ရေ. . . မမယဉ်. . . ညီမလေးတို့ လာပြီနော်"

အခေါ်အပြောလေးတွေကတော့ ညက်နေတာပဲ။ ခေတ်ကာလ သားသမီးတွေလို့ မပြောရဘူး။ လူက လျှပိုးလောက် ရှိပေမယ့် အပြောက မိုးလောက် ဆိုတာတွေပင်။

"ဘယ်သူတွေလဲဟေ့. . . မိယဉ် မရှိဘူး"

မျက်နှာထားတင်းတင်း လေသံမာမာဖြင့်ပင် မောင်ယဉ်က တစ်ပြန်နှုတ်ဆက်လိုက်ပါသည်။ စိတ်စနိုးစနောင့်ဖြစ်ကာ တန့်နံ့ အခဲမကျေရှုပ်ထွေးနေလေဟန် မျက်နှာကို စူပုပ်လို့။

"ဟော. . . ကိုမောင်ယဉ်ကြီးပါလား. . သမီးတို့ပါ၊ အဟဲ. . မမယဉ် ဘယ်သွားလဲ"

"မရှိဘူး. . . ဘယ်ရောက်လို့ ဘယ်ပေါက်ပြီလဲ မသိဘူး၊ ငါ့ကို စိတ်ဆိုးအောင် လုပ်လို့ အိမ်ပေါ်က နှင်ချလိုက်တယ်"

အထိတ်တလန့်ဖြစ်ကာ သူဇာ မျက်လုံးမျက်ဆန်ပြူးပြီး ကြည့်သည်။ ဒါလီကတော့ ရင်ဘတ်ကလေးကို ဖိပြီး မအူမလည် နားမလည်နိုင် ဖြစ်နေရှာပါသည်။

"ဘယ်လိုဖြစ်ရတာလဲ ကိုမောင်ယဉ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရမှာလဲ. . . ငါ့ကို ရုပ်ကွဲက်က ဂန်ဒူးလို့ အပြော ခံရအောင် စလင်းဘတ်အိတ်ကြီး လွယ်ခိုင်းတယ်လေ၊ ဘယ်စျေးက ဝယ်လာတာကြီးလဲ မသိဘူး"

အရှိုက်ထိသွားသော စကားလုံးမြှားတွေကြောင့် ငတိမ နှစ်ယောက် ဇက်ပုကာ ကိုယ်ကျုံ့သွားကြရလေသည်။

"ဟောတော်. . . မမယဉ်လေး သနားပါတယ်၊ ကိုမောင်ယဉ်ကို သိပ်ချစ်တာ၊ ဘယ်သွားမယ် ပြောသွားလဲဟင်"

ဒိုင်ကြောင်တွေနဲ့ လွတ်ပြီးတော့ ဒါလီက မေးစမ်းနေသေးသည်။ သူဇာက မယုံသင်္ကာဖြင့် မျက်လုံးဝေ့ဝဲကြည့်သည်။

"ဟဲ့. . . ရန်ဖြစ်ပြီး ဆင်းသွားပါတယ်ဆိုနေမှပဲ ဘယ်တက္ကသိုလ် အတန်းရောက်ပြီး ဘယ်သန့်စင်ခန်းမှာ ပေါက်ပေါက် ငါ့ကို ပြောပါတော့မလား"

"အဟီး. . . ဟုတ်သားပဲ"

ခပ်ရွဲ့ရွဲ့ ပြောလိုက်ပါမှ ပြုံးဖြဲဖြဲကလေး ရက်စနိုး ရယ်ပါသည်။ မျက်နှာတွေကိုက မချိုမချဉ်နဲ့။ အနာဂတ်ကမ္ဘာထက် ဖက်ရှင်အဝတ်အစား၊ အလှအပ၊ မင်းသားတွေကို လွန်ကဲစွာ စိတ်ဝင်စားနေတဲ့ ဟာမတွေ။

"ငါအပြတ်ပြောလိုက်တယ် မိယဉ်ကို"

"ဘာပြောလိုက်တာလဲဟင်. . . တပြတ်ပြတ် မည်အောင် ပါးစပ်လှုပ်ပြီး ပြောတာလား"

သူဇာမက မအူမလည်နဲ့ ပြန်မေးလိုက်ပုံက သူ့ကို အရှိုက်ပြန်ထိစေသည်။ ဒင်းလုပ်မှပဲ သူ့ခမျာ အမြီးတန္နန္န တပြက်ပြက် စားတတ်သော ဟိုဒင်း အယ်ဖေ့ရှင်းကို ဖြစ်ကရော။

"မဟုတ်ပါဘူး. . . ငါစိတ်နာနာနဲ့ ပြောလိုက်တာ၊ နင် ကိုရီးယား ဘာသာစကား တတ်ကျွမ်းမှ အိမ်ပြန်လာခဲ့လို့ ငါ ဆက်တယ်လိုက်





တာ လာတဲ့ကားတွေ ကြည့်မလို့ဆိုပြီး ပြောလွှတ်တာ"

"အော်. . . ဟုတ်လား၊ ကောင်းတာပေါ့ ဘာသာစကား၊ သမီးတို့တောင် အားနေတာနဲ့"

"အားနေရင် သွားသင်လေ၊ ဒီမှာ ဘာလာလုပ်တာလဲ၊ နင်တို့ မေယဉ် မရှိဘူး"

"ဟဲ. . ဟဲ. . တက်ရမှာ ပျင်းလို့ ကိုမောင်ယဉ်ရဲ့"

"ဟုတ်တယ်. . . သမီးလဲ ဘာသာစကားသင်ရင် လျှာခလုတ်တိုက်မှာစိုးလို့"

ဖွတ်ကျားမကလေးတွေ ဝေ့လည်ကြောင့်ပတ်နဲ့ ရမယ်ရှာကာ အပျင်းကြီးကြသည်။ ဇာတ်နာအောင် သာသာနဲ့နာနာ ပိုပြီးထည့်ပြောရတာပေါ့။

"အဲ့ဒါ သူက ပြောသွားသေးတယ်၊ ကိုရီးယား ဘာသာစကား တတ်သွားရင် ရှင့်ဆီ ပြန်မလာတော့ဘူးတဲ့၊ ချစ်စံအိမ်ထဲက မင်းသားရိန်းဆီပဲ သွားမယ်တဲ့"

"ဟင်. . . ဟုတ်လား. . . သနားပါတယ်၊ ကိုမောင်ယဉ်က သူစိတ်နာအောင် ပြောလိုက်လို့ ဖြစ်မှာပေါ့"

"ပြောရမှာပေါ့. . . နင်တို့ပဲ စဉ်းစားကြည့်လေ၊ ရှော့ပင်းသွားတယ်၊ ရုပ်ရှင်ကြည့်တယ်. . . ပွဲသွားကြည့်တယ်၊ ငါမပါဘဲ သွားတာနော်၊ ဒါတွေက အပျိုတွေအလုပ်လေ၊ ညည်းတို့အနေနဲ့ဆို မပြောလိုပါဘူး"

ထိန်းထိန်းသိမ်းသိမ်း ယုတ္တိယုတ္တာဆန်ဆန်ပဲ ပြောရသေးသည်။ ဖေးဖေးမမ မျှမျှတတ ပြောမှ သဘာဝကျ ပီပြင်ပေမပေါ့။

"အခုတော့ အပျိုတွေ လုပ်ရမယ့်အလုပ်ကို အိမ်ထောင်ရှင်မက လုပ်လို့ဟာ. . . ဘယ်သင့်တော်မလဲ၊ ညည်းတို့လို ကျောင်းစာကလွဲပြီး ဘာမှ စိတ်မဝင်စားရင် ကောင်းတာပေါ့. . . ဘယ်နှယ့် သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာသင်တန်းမှလဲ ဆက်တက်ဖို့ စိတ်ကူးမရှိဘူး"

ရှည်ရှည်ဝေးဝေး ဖွဲ့နွဲ့ပြီး အပြစ်တင်လိုက်ပါသည်။ သူက လောက်စာတစ်လုံးနဲ့ ငှက်နှစ်ကောင်တင်မက သုံးကောင်မှန်အောင် ပစ်နိုင်လေပြီ။ ဟိုငတိမတွေ နေရထိုင်ရခက် မိုးတိုးမတ်တတ်ဖြင့်ပင် ရှိုးတိုးအမ်းတမ်းတွေ ဖြစ်ကုန်ကြလေသည်။ ကဲ. . . ဘယ်နှဲ့ ရှိသေးစ။ သေဖော်သေဖက် ညှိပြီး လန်းလန်းလတ်လတ် ဖြစ်ချင်တဲ့ ဟာမတွေ။ အခုတော့ မိုက်ဖော်မိုက်ဖက်ကြီး ဘက်ပဲ့၍ တစ်အားလျှော့ရလေပြီ။

နှုတ်ခမ်းတပြင်ပြင် စပ်ဖြိုးဖြိုးဖြင့် သူဇာမက အဆာပြေ တစ်ခုခု မျှော်ကိုးနေသေးသည်။

"နေပူကြီးထဲ ဖြတ်လာရတာ မောလိုက်တာ ကိုမောင်ယဉ်၊ အအေးလေးဘာလေး ရှိရင် တိုက်ပါဦး"

"မိယဉ် မရှိကတည်းက ငါဘာမှ ဝယ်မထားတော့ဘူး၊ အရက်ပဲ ထိုင်သောက်နေတာ၊ ညည်းသောက်ချင်ရင် ဗီစကီ ရှိတယ်၊ သောက်သွားလေ"

"ဟာ. . . အဲ့ဒီကိုမောင်ယဉ်က အရမ်းကပ်စေးနဲတာပဲ၊ မမယဉ်နဲ့ ကွာပ၊ အရက်တော့ မသောက်ဘူး၊ ရေအေးအေးလေး တစ်ခွက်လောက်"

သူ အလျင်အမြန် ထ၍ ခပ်ပေးလိုက်ရပါသည်။ နို့မဟုတ် အားမနာ လျှာမကျိုး တက်သောက်နေပါလျှင် အချောင်သက်သက် အိပ်ခန်းထဲမှာ ပုန်းနေသော မိယဉ်ကို တွေ့သွားနိုင်ပါသည်။

ဒါတောင်မှ အငယ်မ ဒါလီက အထွန့်တက်ဖြစ်အောင် တက်လာလိုက်သေးသည်။

"ကိုမောင်ယဉ်ကြီး. . . သမီးတို့ အိုင်စီရှိုးပွဲ ကြည့်ချင်လို့ မုန့်ဖိုးလေး မစပါလားဟင်"

"ဟေ. . အေး. . ရော့ရော့. . ကြွကြွ"





တစ်ခါ ကပ်စေးနဲပြီးသွားပြီ။ နှစ်ခါအပြောခံလို့တော့ မဖြစ်။ အသာပြေ မုန့်ဖိုးတော့ ထုတ်ပေးလိုက်ရသည်။ မြန်မြန်ဆန်ဆန် ပြီးပြီး ရောပေါ့။ မျှော်မှန်းလစာ မရ၍ အလုပ်ထွက်သွားကြသော စာရေးမတွေလို စူပုပ်ပွ၍ ပြန်သွားကြသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# GIN

"ဒါလင့်ညှော်သည်တစ်ယောက် ပေါက်ချလာပြီ. . . မြန်မြန်ပုန်းပေတော့"

လက်တို့ရေရွှတ်ကာ သူမ သတိပေးသဖြင့် မောင်ယဉ် ကမန်းကတန်း အိပ်ခန်းထဲ ပြေးဝင်ပုန်းရသည်။ ပုဆိုးမနိုင် ပုဝါမနိုင်ဖြင့် ဖျာလိပ်ထဲ အတင်းဝင်ကာ ငုတ်တုတ် ထောင်ထားရသည်။ မလှုပ်ရဲ မယှက်ရဲ။ လေတောင်မှ ကျယ်ကျယ် မလည်ရဲ။ အသက်ကို အလုအယက် ယူငင်ရှူကာ ဇောချွေးပြန်ရပါသော ညှော်သည်ရှောင်နည်းကြီးပါလားနော်။ ညှော်သည်ကို မျက်နှာပြောင်တိုက်သူက တိုက်ပြီး မျက်နှာလွှဲ ခဲပစ်သူက ပစ်ကြရသည်မှာ မြို့ပြအထာ။ မမွတာပင်။ အဆက်ဆက်





တယ်လဲ ဝင့်ဒုက္ခကြီးမားလှပါသည်။

ဤပုံကို ကြည့်ပါ။ ဝေးဝေးကပင် မြင်နိုင်ပါသည်။ ပုကွကွင်တိုတို လေထွားကြီးကျယ်အမျိုး ဖူလူးမော်ကာဆိုတာ အတိအကျပင်။

"မောင်ယဉ်တစ်ယောက် ပျောက်ချက်သားကောင်းနေပါလားဟေ့၊ ဟိတ်ကောင်ကြီး. . . ငါလာပြီဟေ့"

ဒီအသံကြီး ခွေးချီသွားတာတောင် မှတ်မိတယ်။ အိမ်နံဘေးကသစ်ပင်မှာ ငှက်ဆိုးလာထိုးရင်တောင်မှ ဒီထက်ပိုပြီး အသံသာသေးသည်။ ရုက္ခစိုး ငိုချင်သံကြီး။ တို့တော့မယ်ဟေ့ ဆိတ်တော့မယ်ဟုမောင်းတင်လာသော ဒင်းအသံကြီးကို သိပ်မှတ်မိလှသပေါ့။

"ဘာကေ့စ်ရှိလို့လဲ ကိုမော်ကာ"

"ရှိုးကေ့စ်ရှိတယ်. . . အာ. . . ဟုတ်ပါဘူး၊ ဟဲ. . . ဟဲ. . . မတွေ့တာကြာလို့၊ မြို့ထဲလဲ မလာဘူး၊ ဒေါင်ဆိုင်မှာလဲ ပျောက်နေလို့"

"ကိုကြီးမော်ကာက မောင်ယဉ်ဆီ လာတာလား"

"ဆိုပါတော့ဟာ. . . ကေ့စ်ရှိမှ လာရမယ့်အိမ်မှ မဟုတ်တာ၊ ဟဲ. . ဟဲ. . ဟဲ၊ မောင်ယဉ်နဲ့ တွေ့ချင်လို့"

ပြုံးဖြဲဖြဲ ပြောင်စပ်စပ်နဲ့ အပိုးမကျိုးစွာ စကားကို ကုလားဖန်ထိုး၍ ပြောလေသည်။ လူပုသလောက် သိပ်စကားကြောရှည်တဲ့လူအေးလေ. . . သူ့ခမျာလဲ ရှည်လို့ရတာ ဒါပဲ ရှိတာကိုး။ ဟိုဟာတွေဘိုလာခဲ့ရသမျှ အတိုးချပြီး စုပုံကာ စကားကြော ရှည်ရရှာတာ။ ရှိစေတော့။ ရှည်ပါစေ။ စကားကြောတင်မကလို့ မြီးညှောင့်ရိုး၊ နှာခေါင်းနဲ့လည်ပင်းတွေ ရှည်မယ်ဆိုလဲ ရှည်ပလေ့စေပေါ့။ ကြည်ဖြူမှာပါ။

"မောင်ယဉ်နဲ့ တွေ့မှဖြစ်မှာလား၊ ညီမနဲ့ တွေ့ရင်တော့ မဖြစ်ဘူးလား၊ သူက အရေးပါပြီး ညီမက အရာမရောက်ဘူးပေါ့လေ၊ နှာသားလို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . မဟုတ်ပါဘူးဟာ၊ နင်ကလဲ အရေးပါ အရာရောက် ပြီးသွားပါဟာ. . ဟဲ. . ဟဲ၊ သူနဲ့ မတွေ့လဲ ဖြစ်ပါတယ်၊ နင်နဲ့ တွေ့ရ တာက မောင်ယဉ်နဲ့ တွေ့ရသလိုပဲပေါ့ဟာ"

သူမက ဝေ့လည်ကြောင်ပတ်ဖြင့် လိုရာဆွဲလာပြီးမှ ပြောလိုရာ သို့ ရောက်သောအခါ ယတိပြတ် ဖြတ်ချလိုက်သည်။

"အဲ့ဒါဆိုလဲ ပြီးတာပဲ၊ မောင်ယဉ်မရှိဘူး"

"ဟင်. . ."

ဟိုဝေ့ဒီလည် အင်းမလုပ် အဲမလုပ် ပြောနေရင်းမှ မော်ကာ တိုင်ပတ်ကာ နင်သွားရသည်။ ဒီလစ်မစ်နဲ့ဆို သေချာတယ်။ သူ့မျက် လုံးတွေ ကျွတ်ကျ ပြူးအစ်သွားမှာ။

"ကျုပ်နဲ့သူနဲ့ ရန်ဖြစ်တာ သောက်ချိုးမပြေလို့ အိမ်ပေါ်က နပန်ကျင်းပြီး နှင်ချပစ်လိုက်တယ်"

"ဟဲ့. . . သောက်ခွေး၊ ရိုက်ချက်ပြင်းလှချည်လား မိယဉ်ရယ်၊ နာမည်က ယဉ်သလောက် လက်သိပ်ယဉ်တာပဲ"

မော်ကာကြီး မြင်ယောင်ကြည့်ရင်းနဲ့ ကြက်သီးတဖြန်းဖြန်း ထသွားဟန်ရှိလေသည်။ မထိတ်သာ မလန့်သာ ရေရွတ်ညည်းတွားလေ သေး၏။

"ကဲပါ. . . လာပါဦး၊ အိမ်ပေါ် တက်ပါဦး၊ မောင်ယဉ် မရှိလဲ ဖြစ်ပါတယ်ဆို"

"ဟော့အေးဟာ. . . မတက်တော့ပါဘူး၊ ငါသွားစရာရှိသေးလို့ ဒါနဲ့ နင်တို့ ဘယ်လိုဖြစ်ကြတာလဲဟာ၊ ဟိုကောင်ငမူး တော်တော်ဘည် ပြောတာ မှန်နေပြီပေါ့လေ"

တော်တော်ကောင်းတဲ့ အင်ဖော်မာ ငမူးပင်။ ပိပိရိရိ. . ရှင် ဆင်လိုက်တာကို အဟုတ်ထင်ပြီး အံ့ဩတကြီး ပြောစရာကြီးတစ်ခု အဖြစ် သွားပြောတယ် ထင်သပ။ ဒီအတိုင်းဆို ထာဝရ သစ္စာရှင်ကြီး





သူမော်ကာလဲ အိမ်ပေါ် တက်ရဲတော့မည် မထင်ပေ။ သူမက မောင် ယဉ် ပစ်သွားတဲ့နောက် အပိုင်နော် ကြံလိုက်ချင်တာ တွေ့ရာလူ အမိ မ်းနေတယ်ဆိုတာ သိပြီးရောပေ့ါ။ ဘေးလူတစိမ်းအတွက်တော့ သူမ ဟာ အလတ်ကြီး ကျန်လို့ နှမြောစရာဖြစ်ပေမယ့် မျက်နှာနာရမယ့် ဘော်ဒါတွေအတွက်ကတော့ မသင့်တော်ပေ။ အားတုံ့အားနာစရာ ဟုတ်လား။ အရိပ်အကဲကြည့်ပြီး မိန်းမကြောက်သူတွေကိုမှ ခြောက် လှန့်ရတာပါ။

"သိပ်စိတ်ဝင်စားတယ်ပေ့ါလေ. . . ဟုတ်လား၊ ရှင်တို့လူက လက်နှေး၊ ဟိုဒင်းပါ လေးတယ်"

"ငါတို့လူ မဟုတ်ပါဘူးဟာ၊ နင့်လူပါ. . . နင့်ယောက်ျားပါ၊ ဘာ ဒင်းပါ လေးတာလဲ"

"အော်. . . အထ၊ အသွား၊ အလာ၊ အပြော နှေးတာကို ဆိုလို တာပါ၊ ခြုံပြီးပြောလိုက်တာ"

သူမကတော့ စောင်သဘက် အနားမှာ မရှိဘဲ ခြုံပြီး ပြောနေ ပြန်ပါသည်။

"ကောင်းပါတယ်ဟာ. . . အဲ့ဒါ လောကကြီးကို အလောတကြီး မဖြတ်သန်းတာ. . . လောဘမကြီးတာလေ. . . အေးဆေးပဲ"

ကိုမော်ကာကြီးက အကောင်းမြင်စိတ်ဖြင့် ဖာဖာထေးထေး ပြောပေးသည်။ သူ့ခမျာ ဇာတ်လမ်းပမာလဲ နားဆင်ချင်သေး။ အိမ် ပေါ် တက်ရမှာလဲ သရိုးသရီ မသိုးမသန့် ဖြစ်လို့။

"ဘာကောင်းတာလဲ. . . သူ အဲ့ဒီလို လက်နှေးနေလို့ ကျုပ်က မောင်ယဉ်ကို ပြန်ခိုးခဲ့. . ပြေးခဲ့ရတာလေ၊ သူ့အိမ်က ပေးစားတာနဲ့ မယူခင်"

"အဟီး. . . ဟုတ်သားပဲ"

ရာဇဝင်နောက်ကြောင်းတွေ မြေလှန်ပါရင် အဲ့ဒီလို သင်တာ



www.burmeseclassic.com

မောင်ယဉ်က စိတ်အေးလက်ပျက်နဲ့ ထန်းတောမှာ ထန်းရည်သောက်နေတုန်း သူမက လာမ,လို့ အခုလို အကြင်လင်မယား ဖြစ်ရတာ။

"နေပါဦး. . . သူက လက်နှေးနေတော့ လက်မြန်ခြေမြန် နင်က နပန်းအုပ်ထည့်လိုက်တာ မှည့်သွားရောလား"

"မဟုတ်သေးဘူး. . . သူလက်နှေးနေတာနဲ့ သူ့စာရွက်စာတမ်းတွေ ပါတဲ့ အတာချိုကေ့စ်ကို ကျုပ်က ကောက်ကိုင်မိတယ်၊ အဲ့ဒါလမ်းထဲက ပါးစပ်အငြိမ်မနေတဲ့ ကာလနာတွေက ကျုပ်ကို ယောက်ျားလျာလို့ ပြောလို့"

"နင်ကလဲဟာ. . . ယောက်ျားသားက ပိုမြင့်မြတ်တာပဲ၊ ပိုတောင် ကောင်းသေးတယ်"

"ဘာမှမကောင်းဘူး. . . ယောက်ျားတွေ အလုပ်ရှားတဲ့ခေတ်ရှင်သိလား၊ ဘယ်ကုမ္ပဏီမှ စာရင်းကိုင် စက္ကတ္တေရီကို ယောက်ျားလေး မခန့်ဘူး"

အရေးထဲမှာ သူမက မိန်းမကောင်း ချီးမွမ်းခန်း ဖွင့်နေသေးသည်။

"အဲ့ဒါ ကျုပ်က သူအသုံးမကျလို့ အပြောခံရတာ ဆိုပြီးတော့ နပန်း ခုနစ်ချက် အုပ်ပြီး နှင်ချလိုက်တာပဲ"

"ဟင်. . . ဖြစ်မှဖြစ်ရလေဟာ"

မော်ကာကြီး သက်ပြင်းမော ချကာ စိတ်လက်မချမ်းမသာ ဖြစ်သွားရလေသည်။ မောင်ယဉ် ဖျာလိပ်ထဲမှ ကျိတ်မနိုင်ခဲမရ အံကြိတ်မိနေတော့သည်။ သူမကလဲ လိုအပ်တာထက် ပိုပြီးနပန်းကျင်းနေသည်။ ဘုမသိ ဘမသိ ဟိုင်တိုးကလဲ မသက်မသာ ညည်းတွားနေသေးသည်။ မောင်ယဉ်က သူတို့နှစ်ယောက် ပါးစပ်ဖျားမှာ သနားစရာ သတ္တဝါလေးတစ်ကောင် ဖြစ်လို့နေတော့သည်။ ဇောချွေးရွှဲနစ် အံတကြိတ်ကြိတ်နဲ့ မလှုပ်သာ မလူးသာတဲ့ အနေအထား။





မော်ကာ တောင်ကြည့်မြောက်ကြည့် မျက်လုံးက မြင်ပြီး တောင်ပြောမြောက်ပြော အာချောင်လိုက်သေးသည်။

"ဟဲ့. . . တုတ်တွေကလဲ မနည်းပါလား၊ ငှက်ကြီးတောင်တွေ တင်တိုတွေနဲ့ ဓါးတွေလဲ စုံလို့ပါလား"

"အင်း. . . ဟုတ်တယ်၊ ရွာက အထူးအော်ဒါနဲ့ အစ်ကို့ဆီမှာ မှာထားတာ၊ ပိတောက်သား၊ မန်ကျီးသား နှစ်တစ်တွေ အစုံပဲ၊ ဝါက်တံတွေ၊ ရပ်ဘီရိုက်တဲ့တုတ်တောင် ပါသေး၊ ဓါးတွေကတော့ ကျိုက်ထီးရိုး ဈေးတန်းက ဝယ်ထားတာ"

အခန်းနံရံမှာ အစီအရီ ထောင်ပြီး ချိတ်ဆွဲထားသော ဓါးတုတ်များကို ကြည့်ပြီး မော်ကာ ကျွတ်ကျဲလောက်သည်။

"ဟိုငှက်ကြီးတောင်ဓါးက တော်လှန်ရေး ပြီးကတည်းက အဘိုးရဲ့ သရံမှာ ချိတ်ဆွဲခဲ့တာလေ၊ သိမ်းထားတာ ကြာပြီ၊ ထက်အောင် သွေးပြီး ပြန်သုံးပေးရမယ်၊ ဒင်း ကျုပ်ကို မှိုချိုးမျှစ်ချိုး မတူမတန် ပြောသွားတာတွေအတွက် ပြန်ပြီးလက်စားချေရမယ်"

"ဟင်. . . စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ဟာ၊ နင်ကလည်း. . . တန်းစီး ခင်စိန် ကျနေတာပဲ"

"မတတ်နိုင်ဘူး ကိုမော်ကာ၊ လင်သားမရှိတော့ ဒါတွေပဲ အားကိုးနေရတာ၊ သူခိုးရန်က ပြောရတာ မဟုတ်ဘူးလေ၊ ကျွန်မကလဲ သွေးဆာနေတာ၊ သိပ်အခဲကြေတာ မဟုတ်ဘူး"

"ဂလု. . . အဲ့. . ဒီလိုတော့ မလုပ်ပါနဲ့ဟာ၊ မောင်ယဉ်က သဘောရိုး ကောင်းပါတယ်ဟ. . . နှမြောစရာကြီး၊ ဒါမျိုးက ရခဲတယ် နင်မှားမယ်နော်"

မော်ကာက ထင်ရာမြင်ရာတွေ စွတ်တွေးပြီး အစိုးရိမ်ကြီး အကဲပိုလို့နေတော့သည်။ သူမကတော့ ဂွင်ထဲ ဝင်လာတာနဲ့ သိမ်းကြုံးတန်တော့တာပဲ။

www.burmeseclassic.com



"ဘာလဲ. . . ကျုပ်ကတော့ ဒင်း အိမ်ပေါ် ပြန်တက်ရဲတက် ကြည့်၊ တွေ့ရာသင်္ချိုင်း ဓါးမဆိုင်းပဲ၊ သူက ရှင့်ကို ရှေ့နေငှားပြီး ကျေး စေတမန် လွှတ်လိုက်တာလား"

"မဟုတ်ပါဘူး မိယဉ်ရယ်၊ ငါက မဖြစ်သင့်တာ မဖြစ်ရအောင် ပါဟာ"

သူမ တောက်ခေါက်သံကို ကျယ်ကျယ်လွင့်လွင့် ကြားလိုက်ရ သည်။ ခိုးနားထောင်နေတဲ့ မောင်ယဉ်တောင် တုန်တက်သွားရသည်။

"မရတော့ဘူး ကိုကြီးမှော်ကာ၊ မိယဉ်တို့က ဟင်ဆိုရင် ပြန် လှည့်ကြည့်တာ မဟုတ်ဘူး. . . ဆေးမမှီတော့ဘူး၊ ဒီတစ်ခါတော့ လက် ဝါး အနာခံပြီး နပန်မကျင်းတော့ဘူး. . . ကစ်ရှော့ပလိုက်မယ်"

သူမက လည်ပင်းကို လက်ဝါးနဲ့ ဖြတ်ပြလိုက်ဟန် အသံမြည်ပြ သေးသည်။ သူ့ဂွင်ထဲ ရောက်တော့ ပြောပြီပေါ့လေ။ အလစ်ပေးပြီး အသာစီး ရသွားတာနဲ့ အဲ့ဒီလို ပါးစပ်အရသာခံပြီး ပွားတော့တာပဲ။

"မလုပ်ပါနဲ့ဟာ. . . ငါက. . . အဟဲ. . . ဟိုကောင်ကြီး ရှိ တုန်းက သုံးခဲ့တဲ့ဟာတွေလားလို့ မေးကြည့်တာပါ၊ နင့်အစွမ်းအစ ရှိမှန်း သိပါတယ်၊ နင့်ဟာတွေဆို မမေးပါဘူး"

"ကျုပ်အခဲမကျေဘူး. . . ဒင်းကို အကွဲအပြဲ ဆော်ရမှ ကျေ နပ်မယ်၊ ဒင်းကို မဆော်ရရင် ဆွေနီးမျိုးစပ် သွေးရင်းတွေ ဆော်ရမယ်၊ မလာ. . လာတဲ့ နီးစပ်ရာကို ကိုင်မယ်"

"အဲ. . အဲ့လိုတော့ မလုပ်နဲ့လေဟာ၊ ငါ မပါဘူးနော်. . . အဟီး၊ ငါက နင်နဲ့လဲ သူငယ်ချင်းပဲ"

မျက်နှာချိုသွေးကာ ချော့လဲရောထိုင် ပြောနေတော့ စကား တွေလဲ မပီတော့ပေ။ အဲ့ဒီလို "ဇ" ရှိပြီး သတ္တိကောင်းသော ယောက်ျား ကောင်း သူငယ်ချင်းပင်။

"သိပါတယ်. . . ကိုကြီးနဲ့ညီမက သူငယ်ချင်းပဲ၊ ညီမဆီ





အလည်လာတာပဲ၊ မောင်ယဉ် မရှိလဲ ရပါတယ်၊ ဟုတ်တယ်မို့လား. . . သွားကြောင်မနေပါနဲ့"

"မကြောင်ပါဘူး. . . ညည်းက မောင်ယဉ်ကိုတောင် နဂ်ဇင်း ကျန်တာ ဆိုတော့ ငါလဲ လန့်ဖျားရုံလေးတင်ပါ. . . ဟဲ. . ဟဲ"

မှော်ကာကြီးက မာန်တင်းတာ အရှက်ပြေ စကားတင်း ဆိုလေ သည်။ မျက်နှာလေး ဖီးရွက်လောက် ငယ်နေတော့မှာကို မောင်ယဉ် ကြည့်ပြီး လှောင်ချင်လိုက်တာ။ အသည်းကို ယားလာစေတော့သည်။

"အေးပါဟာ. . . ဒီကောင်ကလဲ လွန်ပါတယ်၊ ငါသွားတော့ မယ်ဟာ၊ ဝင်စရာလေးတစ်ခုရှိလို့"

အရှုံးကွက်နင်းကာ စပါးရောဖွဲရောဖြင့် လစ်ပြေးဖို့ သူကြိုးပမ်း သည်။ သူ့ကြိုးပမ်းချက်ကို လက်သင့်ခံချင်ရက်နဲ့ ပိုမိုအရောက်ပို့နိုင် အောင် သူမက ထပ်ကျပ်သည်။

"ဘယ်သွားမလို့လဲ. . . နေဦးလေ၊ ထမင်းစားပြီးမှ ပြန်ပေါ့၊ ရောက်တုန်းရောက်ခိုက် အရင်လို နှစ်ညအိပ် သုံးရက်နေပေါ့. . . ဘာဖြစ်လဲ"

"ဟမ်. . . မနေဘူး၊ ရတယ်. . . မစားတော့ဘူး၊ အိမ်က အဝ စားလာခဲ့ပြီးပြီ. . . သွားတော့မယ်"

မိယဉ်က မိန်းမကြမ်းကြီးအသွင်ဖြင့် မျက်စချီကာ မြန်မြန်လစ် ပြေးစေမယ့် စကားကို ရွေးပြောတော့သည်။

"နေပါဦး. . . ဝက်သားအိုး တည်ထားတယ်၊ ဝက်သားနူးမနူး ကြည့်ပေးဦးလေ"

"ဟာ. . . တော်ပြီ၊ ရတယ်. . . မကြည့်တော့ဘူး"

ကိုမှော်ကာ အကြောက်အကန် ငြင်းဆန်ပြီး ခြေဦးလှည့်ပြင် လေသည်။ မိယဉ် ရယ်သွမ်းသွေးလျက် ထပ်ပြောပြန်တော့သည်။

"နေပါဦး. . . ဝက်သားဟင်း နူးအောင် ကြည့်သွားပါဟး



www.burmeseclassic.com

www.burmeseclassic.com



လာပါ ကိုမှော်ကာရယ်"

"ဟာ. . . မလာဘူး၊ အဘားဘား. . . သားသား ကြောက်ကြောက်"

မချိမဆန့် အော်ပြီး ယုန်ထင်ကြောင်ထင်ဖြင့်ပင် ကိုမှော်ကာ လစ်ပြေးလေတော့သည်။ ကြောက်အားတကြီး ပြေးသွားသော သူ့ကို ကြည့်ကာ မောင်ယဉ့်ရယ်သံက ဖျာလိပ်ကြားမှ လှိုင်တက် လွင့်ပျံ့သွားလေတော့သည်။

"ဟား. . ဟား. . ဟား. . ဟား. . ဟား"

BURMESE CLASSIC .com





# GIRD

ပေါ ကြောင်ကြောင်နဲ့ မိယဉ်သူငယ်ချင်းမလေး အိမ်ရှေ့မှာ ယောင်တောင်ပေါင်တောင် ဖြတ်လျှောက်နေပါသည်။ လမ်းမမှတ်မိ တာရယ်၊ ရပ်ကွက်လမ်းရှုပ်တာရယ်၊ သူမကိုယ်တိုင်က မှတ်ဉာဏ် ချို့ ယွင်းတာရယ်ကြောင့် အိမ်မမှတ်မိဘဲ ဖြစ်နေသည်။ ခြံရှေ့မှာ ခေါက်တုံ့ ခေါက်ပြန် သုံးလေးခေါက် လျှောက်ပြီး မျက်စိလည်နေသည်။ သူ့ဟာသူ လည်ပြီး ပြန်သွားရင်လဲ အကောင်းသား။ အခုဟာက လည်တယ် ပူ တယ်နဲ့ အိမ်ရှေ့မှာ ဝေ့ဝဲနေသည်။

"ပြန်သွားပြီလား ဒါလင်"

"နင့်အမေဂလိန်း. . . မပြန်သေးဘူး၊ အသံမထွက်နဲ့"

အိမ်ခန်းတံခါးကြားမှ မိယဉ်က အသံပြု စပ်စုနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းဟောက်ရသေးသည်။ ဟောက်လို့မှ မဆုံးသေးဘူး၊ ငတိမလေး အိမ်မှတ်မိသွားပြီး ဝင်လာသည်။

“လာနေပြီ. . . အသက်မရှုနဲ့၊ လေမလည်နဲ့. . . ငြိမ်”

သတိပေးစကား ပြောလိုက်ပြီး သူ မျက်နှာထား တည်လိုက်ရပါသည်။ လှေကားရင်း ရောက်မှ မြင်သလိုလို ဘာလိုလိုနဲ့ ဆီးကြိုနှုတ်ဆက်လိုက်ရသည်။

“ဟာ. . . နွယ်ချိုပါလား၊ အတော်ပဲ. . . ငါကွမ်းစားနေတာ တစ်ခုခု လိုနေပါတယ် မှတ်တာ. . . နင် မပါလို့ကိုး”

“တွေ့လား. . . ဦးမောင်ယဉ်ကြီးက လူကို တွေ့လိုက်တာနဲ့ နောက်တော့တာပဲ”

သွားကျဲကလေးနဲ့ ရယ်ပြီး ရှက်သမ်းသမ်းဖြင့် သူမ ပြောပါသည်။ ငယ်ငယ်က ဘယ်လောက်အချိုကြိုက်ထားလဲ မသိပေ။ မျက်နှာလေး နို့ဆီလို ဝင်းဝါနေပြီး ချိုသလောက် သွားပိုးစားကျဲတောက် ပါးစပ်ကြီးနဲ့။

“အဟီးဟီး”

လူတွေ့ရင် အဲ့လို သွားထဲက လေထွက်ပြီးတော့လဲ ရယ်သေးတယ်။ အဲ့ဒီကောင်မလေးပဲပေါ့။ အပြောချိုသလောက် အချေးအငှား သိပ်ထူတာ။ အလှူပွဲ မင်္ဂလာဆောင် ဝတ်ဖို့ ဆွဲကြိုး၊ လက်ကောက်၊ နားကပ် စသည်ဖြင့် မကြာခဏ လာငှားလေ့ရှိသည်။ မိယဉ်က အပေါင်းအသင်းရင်းမို့ အားနာတာနဲ့ မပြောရက်လို့ ငှားနေရတာ မလွှဲသာ မရှောင်သာ။ သူလာရင် လက်ထပ်လက်စွပ်ကို ဝှက်ထားရတာလဲ အမော။ အခုလဲ ဘာတွေ ငှားပြီး ဘာလက်ဆောင် တောင်းဦးမလဲ မသိ။

တစ်ခါကလဲ ပုဆိုး လပေးလာရောင်းတဲ့ ဈေးသည်ကြီးဆန်နီ မမြင့်မော်ရှေ့မှာ မိယဉ် ကျလောက်အောင် လာချူဖူးသေးသည်။ ပုဆိုး





တွေ့ မြင်ကာမှ မဆီမဆိုင် စကားမစပ် ကောက်ပြောသည်။

“ဟယ်. . . အဆင်လေးတွေက လှလိုက်တာ၊ ဒီအဆင်လေးတွေ ဒယ်ဒီနဲ့ သိပ်လိုက်မှာပဲ မိယဉ်. . . သိလား၊ ဒယ်ဒီက ဘောင်းဘီ လုံးဝကြိုက်တာ မဟုတ်ဘူး၊ ဒါလေးသာ သူ့ကို ဝယ်ပေးလိုက်ရင် သိပ်ကျေးဇူးတင်မှာပဲ”

သူ့ဟာသူ ပုဆိုးမကလို့ ထဘီပဲကြိုက်ကြိုက်ပေါ့။ မိယဉ်နဲ့ ဘာဆိုင်လိုက်တာလိုက်လို့၊ ဒါလေးများ လာပြီးပြောနေရတယ်။ ဘာဆိုင်တာမှတ်လို့။

“ဟယ်. . . အရောင်လေးတွေ ဆန်းတယ်၊ ဒယ်ဒီက ပုဆိုးပဲ အမြဲဝတ်တာ၊ ပုဆိုးလေးတွေ လှမှလှပဲ”

ဖစ်မှ ဖစ်ရလေ အကြီးရယ်။ သူ့ဒယ်ဒီက ပုဆိုးမဝတ်လို့ ဘာဝတ်သလဲ။ လူတိုင်း လုံးတီးနေတာကျလို့။ မနေသာတော့ဘဲ အားနာပူဆူလာသော မိယဉ်က ကြားကပဲ ဝင်ပြီးအကြွေးခံပေးလိုက်ရသည်။

“နွယ်ချို ယူချင်ယူလိုက်လေ၊ ကျုပ်က လေးလေးကို ကန်တော့တယ်လို့သာ ပြောလိုက်ပါ”

“ဟယ်. . တကယ်ပြောတာလား မိယဉ်ရယ်၊ အရမ်းအလိုက်သိတာပဲ၊ အဲ့ဒါတွေကြောင့် ချစ်နေရတာ၊ ဒယ်ဒီကလဲ ညည်းကို ကျေးဇူးတင်ပြီး ဆုတွေ တသီကြီး ပေးမှာပဲ”

ဟာ. . ပေးလို့ကိုမရဘူး။ အလှဆုံးအဆင်ကို ဘယ်အချိန်ကတည်းက ချောင်းနေမှန်းမသိတဲ့ မျက်လုံးနဲ့ ရွေးထားပြီးသား။ အသင့်ပြင်ထားတဲ့လက်က ခပ်သွက်သွက် လှမ်းယူလိုက်တယ်။ ချီးမွမ်းဥပကာရ စကားတွေလဲ လိုတာထက် ပိုပြီးတော့ ရွှန်းရွှန်းဝေအောင် ပြောတော့တာပဲ။ မှိုရတဲ့မျက်နှာနဲ့ အရသာပေါ် ယစ်မူးနေတဲ့ ပါးစပ်ကြီးနဲ့ တောက်လျှောက်လွှတ်တော့တာပဲလေ။

အဲ့ဒါတွေကြောင့် သူ လက်ဆောင်တောင်းမှာကိုလဲ ကြောက်ရ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ အမြှောက်မကြိုက်မိအောင်၊ အားမနာရအောင်လဲ ကိုယ့်ကိုယ်ကို မပြတ်သတိပေးနေရသည်။

"မိယဉ် ရှိလား၊ သူ့ဆီ မရောက်တာကြာလို့ စိတ်ဆိုးနေပြီလား မသိဘူး"

ဝေးလေကောင်းလေကိုများ သူက ကြံဖန်ပြီး စိုးရိမ်နေသေးတယ်။ ပူပန်စရာ ရှားလို့။

"မရှိဘူး. . . ငါ ဖနောင့်နဲ့ ပေါက်ပြီး ကန်ချလိုက်လို့ လှေကားထစ်က ခေါင်းနဲ့ ဆင်းပြေးပြီ"

"ဟင်. . . ဟုတ်လား၊ သနားပါတယ် ဦးမောင်ယဉ်ကလဲ နည်းနည်းပါးပါး မိန်းမသားကို အလျှော့ပေးမှပေါ့၊ ခွင့်လွှတ်နားလည်တယ် ယူဆပြီး လက်ထပ်ထားတာကိုး"

"သနားမနေနဲ့. . . အဲ့ဒီဟာမ လွန်ကိုလွန်တယ်. . လူလွန်မ အလျှော့ပေးတာတွေ များနေပြီ"

"တစ်ခါတလေတော့ လင်မယားပဲ. . . နွဲ့ဆိုး,ဆိုးတာ ရှိမှာပေါ့၊ မိယဉ်က ချစ်စရာကောင်းပါတယ်"

လေသံအေးအေးလေးနဲ့ ပြေပြေပြစ်ပြစ် ပြောပြီး ဧည့်ခန်းဆက်တီခုံမှာ ဝင်ထိုင်လေသည်။

"တော်စမ်းပါဟာ. . . အဲ့ဒီမိန်းမအကြောင်း မပြောစမ်းပါနဲ့၊ ငါနားခါးလွန်းလို့၊ သူ့အကြောင်း ငါ ဘာတစ်ခွန်းမှ မကြားချင်ဘူး၊ ယဉ်ဆိုရင် ဘာယာဉ်မှ မစီးဘူး၊ သွားချင်လာချင်ရင် ခြေကျင်ပဲ သွားတယ်"

နွယ်ချိုက မျက်လုံးလေး ပြူးကာ လျှာလေး တစ်လစ်ထုတ်၍ မျက်နှာချိုသွေးလေသည်။ သူကတော့ မျက်နှာရှစ်ခေါက်ချိုးဖြင့် ညစ်ကျယ်ကျယ် ပြောလေသည်။ လိုအပ်တာထက် ပိုပိုသာသာ အဆကဲလို့ ဖောဖောသီသီ ရက်ရက်ရောရောပင်။ မသိတာကျလို့။ မိယဉ်အလှည့်





ဘုန်းက ပြောထားသမျှ ပြန်ပြီး မှိုချိုးမျှစ်ချိုး လက်စားချေတာလေ အတုံ့အလှည့်ဆိုတာ ရှိတော့လဲ အလှည့်ကျတော့ မနွဲ့စတမ်းပေါ့ မိယဉ် တံခါးကြားမှ ကြိတ်မနိုင်ခဲမရ ငြိမ်ကုတ်နေရသည်။

"သိကြသေးတာပေါ့ မောင်ယဉ်ရယ်၊ နွယ်ချို ပြန်သွားမှ အကြောင်းသိအောင် ပြရသေးတာပေါ့"

ဟု တီးတိုး စိတ်ထဲမှ ရေရွတ်မိသည်။ သူကတော့ မှင်မောင်းကောင်းကောင်းနဲ့ ဆက်ပြီး ဖောတော့တာပဲ။

"ဒါဖြင့်ရင် ဦးမောင်ယဉ်ကြီးက တော်တော်စိတ်နာနေပုံပဲ၊ ဘာလို့ အသဲနာနေရတာလဲ. . . လင်မယားချင်းပဲဟာ"

"ဒီလိုပါပဲ. . . သိပ်တုံးတဲ့. . မိန်းမဟာ၊ ရပ်ကွက်ထဲမှာ ဟိုလူ့ကို ဟိုဟာချေး ဒီဟာငှားရတာနဲ့၊ အားတုံ့အားနာရတာနဲ့. . . မွှန်မွှန်လင်းလင်းကို မရှိဘူး"

သူ့စကားတွေက သူမကို ခလုတ်တိုက်သွားလေရော့ ထင်သည်။ နွယ်ချိုမ လက်မလေး ကိုက်ကာ ဇက်ကလေး ပု၍နေလေတော့သည်။

"သူ နာတာက အရေးမကြီးဘူး၊ အိမ်မှာ အထိနာတယ်၊ ငါပန်းနာတယ်ဟ၊ ဘယ်ရမလဲ. . . ငါလဲ မှတ်လောက်သားလောက်အောင် ကျားနာခဲ့ ခဲပြီး ဘယ်ပြန်ညာပြန် ပါးကြီးပဲ လှိမ့်ရိုက်ပစ်လိုက်တာ ဂန်းနာမ မော်တောင် မကြည့်ဝံ့ဘူး"

"ဟိုလေ. . . သူက ဘယ်တော့ပြန်လာမှာလဲ၊ ဦးမောင်ယဉ်က ရော. . ဘယ်တော့ စိတ်ပြေ ပြေ ပြေ. . ."

သူမကို စကားပင် ဆုံးအောင် ပြောခွင့်မပေးဘဲ သူက ဖြတ်ဟောက်လိုက်သည်။

"မပြေဘူး. . . ဘယ်တော့မှ မပြေဘူး၊ အပြီးနှင်လိုက်တာ လုံးဝပြန်မလာဘူး. . . လုံးဝလဲ ခွင့်မလွှတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကေသရာဇာ ခြသေ့်ထုံး နှလုံးမူပြီး စိတ်လိုက်မာန်ပါ သူ ဟိန်းဟောက်သည်။ ဒီလောက်ပြောနေတဲ့ကြားထဲက သူမကလည်း ကြံကြီးစည်ရာ မျှော်တွေးပြီး မေးနေတာကိုး။ သူ့မျက်လုံးတွေက နာကျင်ခြင်းအရောင်တွေ တောက်နေသည်။ အသဲကွဲသမားတွေနဲ့ အမြဲအရက်သောက်နေတဲ့သူပဲ။ ဒီလောက်တော့ ပိုင်မှဖြစ်တော့မပေါ့။ အတော်ကြီးစိတ်နာစွာ ရေရွတ်နေသည်အထင်ဖြင့် သူမက စကားလမ်းကြောင်းလွှဲဖို့ ဝေလည်ကြောင်ပတ် ကြည့်လေသည်။

စားပွဲပေါ်မှ သူမ လက်လှမ်းမမီသည့် ရှက်ကီရာပုံကို ကောက်ကာ ပြုံးပြုံးကြည့်သည်။ သူမက သီချင်းဆိုလျှင် မြန်မာပြည်တွင် လုပ်သည်များကိုသာ နားထောင်တတ်သူ။ အဲ့ဒီဘက်ပိုင်းမှာ အော်ရီဂျင်နယ်တွေ၊ ကော်ပီတွေ ဘာမှန်းမသိ ညာမှန်းမသိ။

“ဒါ ဘယ်သူ့ပုံလဲ ဦးမောင်ယဉ်၊ ဒီအစ်မကြီး ဘယ်ရွာကလဲ၊ တစ်ခါမှ မမြင်ဖူးဘူး”

သူမ ပြသောပုံကို ကြည့်ပြီး သူက ရယ်ကျဲကျဲ မပွင့်တပွင့်ဖြင့် ပြန်ပြောလေသည်။

“မှန်းစမ်း. . . အေး. . . အဲ့ဒါ ငါ့အမေ သဘောတူထားတဲ့ ကောင်မလေးပေါ့၊ ငါ မိန်းမအသစ် ထပ်ယူဖို့ ကြိုးစားနေတာ၊ အခု ငါက ဒုတိယမ္ပိ လူပျိုကြီး ဖြစ်နေပြီလေဟာ”

ပြောပြောဆိုဆိုနဲ့ သူက သူမကို စွေစောင်းပြီး မလုံမလဲဟန်နဲ့ ကြည့်လိုက်သေးသည်။ အဲ့ဒီလို အကြည့်ကြောင့်ပဲ သူမလဲ သရိုးသရီဖြစ်ကာ ကြောင်အမ်းအမ်း ရှုံးတို့ရှန်းတန်း ဖြစ်သွားလေတော့သည်။

“အဲ့ဒါ အခုတော့ အဲ့ဒီဓါတ်ပုံထဲက တောသူမနဲ့ပဲ ယူပါတော့မယ်ဟာ”

“ဟွန်း. . . ဦးမောင်ယဉ်က သူ့ကို မယူချင်ဘူးလား၊ လှပါတယ်. . . ချစ်စရာလေး”





မယားတရူး ငပိန်နဲ့ ဆပ်စလူးစိန် ခါတ်ဗူးပိန်တို့ကတော့ မိယဉ်ကိုမှ အားမနာလျှာမကျိုး။ မိယဉ်ကို ဘေးဖယ်ထားပြီး လေပေးဘဖြောင့်ဖြောင့် ဆွေးနွေးနေလိုက်ကြတာ။ တံခါးကြားမှာ ကုပ်နေရတာ သောင်းရတဲ့ကြားထဲ နားကြားပြင်းက ကတ်သေးသည်။ မြင်ပြင်းလဲ တေန်တဆ ကတ်စရာ ကောင်းလေစွ။

“ငါက သူ့မယူချင်ပါဘူးဟာ၊ ငါက မြို့သူမှ ယူချင်တာဟ၊ အထူးသဖြင့် မိယဉ်နဲ့ မလွဲသာလို့ လမ်းခွဲရတယ်ဆိုပေမယ့် သူ့အငွေ့အသက် ပါတာမျိုးပေါ့”

“အော. . . အင်း. . . ဟုတ်လား”

သူမက မနေတတ် မထိုင်တတ်ဖြစ်ကာ လှုပ်လှုပ်ရွရွဖြင့် နေရာရွှေ့ထိုင်လေသည်။ သူကတော့ ကလိတိတိဖြင့် လန့်အောင် ငြိအောင် ရှိနေလေပြီ။

“ငါစဉ်းစားမိတာကတော့ဟာ သူ့လို စိတ်ဓာတ်တူ ကိုယ်တူ သူငယ်ချင်းတစ်ယောက်ယောက်ကို ပြေးမြင်မိတာပဲ၊ သင့်တော်တယ် မဟုတ်လား”

“ဟင့်အင်း. . . မတော်ဘူး၊ အဲ. . တော်တယ်. . အဟီး”

အယောင်ယောင် အမှားမှား စကားတွေ ချော်ချွတ်ပြီး ဖြေမိလေသည်။ လုပ်ကွက်ကတော့ လှနေပါပြီ။

“ဘာပဲဖြစ်ဖြစ်ဟာ. . . ငါကတော့ မမိ,မိတာ အမိဖမ်းရမှာပဲ၊ ဟိုတောသူမကို ငါလုံးဝမယူနိုင်ဘူးဟ. . . တိုက်ဂေါ်ကြီး၊ နင့်မို့လို့ ငါ ပွင့်ပွင့်လင်းလင်း တိုင်ပင်တာနော်”

“အော. . အင်း. . အဟင်း. . ဟုတ်ကဲ့”

ကောင်မလေးခမျာ မအီမလည် မကြည်မသာဖြင့် ရယ်ရခက် ခက် ပြုံးရမလွယ် ဖြစ်ကာ နေတော့သည်။ မြားဦး သူ့ဘက် လှည့်လာ မှာကိုတော့ ငတိမက ကြောက်တတ်သားပဲ။ မိယဉ် ရှိနေလျှင် အရာရာ



www.burmeseclassic.com

www.burmeseclassic.com



ကို လိုချင်မျက်စိဖြင့် ကြည့်တတ်သောမိန်းမ။ အခုတော့ ဘာတတ်နိုင်သေးလဲ။ အထိတ်ထိတ် အပြာပြာ အသည်းငယ်နေရချေပြီ။ သူကတော့ ပြောချင်ရာတွေ အသားယူပြီး ဖွတ်တရွတ် ပြောကာ လက်ဆစ်များပင် တဂျွတ်ဂျွတ်မြည်အောင် ချိုးနေလိုက်သေးသည်။ ရုပ်ကိုက ခုတ်မယ် ထစ်မယ် ပါးပါးလှီးမယ်၊ ဂုတ်သွေးစုပ်မယ်၊ အသားကို ဝါးစားပြီး အရိုးကိုက်ကာ ခွေးကျွေးမယ့်ပုံစံ။ ဟောလိဝုဒ် သရဲကားများထဲက ရုပ်ရည်ကြမ်းကြီးနဲ့ နွဲ့ပြည့်ငင်လို့။

"အဟီး. . . ကောင်းပါတယ်၊ မိယဥ်များ ရှိမလားလို့ လာခဲ့တာ. . . ပြန်လိုက်ဦးမယ်နော်"

"ပြန်တော့မလို့လား. . . နေဦးလေ၊ အိမ်ပြန်လက်ဆောင်လေးဘာလေး ယူသွားပါဦးလား"

"ဟင့်အင်း. . . မယူတော့ပါဘူး. . . အားနာစရာ"

"ယူသွားလိုက်ပါဟာ. . . အိမ်ရောက်တော့ နင့်ဒယ်ဒီကို မျက်နှာလုပ်လို့ရတာပေါ့"

"တော်ပါပြီ. . . မျက်နှာမရချင်နေ. . . ခြေထောက်ရနေမှ မိယဥ်လို ခေါင်းနဲ့ ဆင်းနေရမယ်"

သူက ကော်လံကလေး ကိုင်လှုပ်ကာ တခစ်ခစ်ဖြင့် ပြုံးချိုလျက် ရင်ဘတ်ပုတ်နေသဖြင့် လှည့်ပင် မကြည့်ရဲဘဲ သူမ ငြင်းဆန်သည်။ အကြောက်အကန်ပင်။ ဒီလိုလက်ဆောင်မျိုးကျတော့ ငြင်းတယ်တဲ့လား နှယ်ချိုမရယ်။

ဤသို့ဤပုံဖြင့် နှယ်ချိုတစ်ယောက်၏ ချေးငှားမည့်ဘေးမှလဲ လွတ်အောင် ကလိမ်ဉာဏ်ဆင်၍ ကြံဆောင်ကြရပါသည်။





# DARN

"မင်းတို့လင်မယားကလဲကွာ. . . ကြံကြီးစည်ရာ၊ အိမ်ထောင် ပြုပြီးကာမှ သဲသဲလှုပ် နာမည်တူအောင် ပြောင်းရတယ်လို့၊ ဘယ်သူက ဘယ်သူနဲ့ တူအောင် လိုက်ပြောင်းတာလဲ"

မလွှဲမရှောင်သာ ရပ်ဝေးညှေ်သည် ခိုကိုးရာမဲ့ ကြွက်စုတ်မောင်ငြိမ်းချမ်းမို့ လက်ခံလိုက်ရသည်။ ခရီးရောက်မဆိုက် သူက နာမည်တူနေတာကို ဇာချဲ့ပြီး ပြောသေးသည်။ ပြောမယ်ဆိုလဲ ပြောရာပင်။

"မဟုတ်ဘူးကွ ငါ့ကောင်ရ၊ ငါတို့က မွေးကတည်းက နာမည်တူကြတာ၊ ငါက ယဥ်မောင်နိုင်. . . သူက ယဥ်ကျေးဝေ"

"ဟော. . . တိုက်တိုက်ဆိုင်ဆိုင် ဖူးစာဆုံတာပေါ့၊ မသိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ငါက ဒေးဗစ်ဘက်ခမ်းရဲ့နောက်လိုက်ပြီး ဇစ်တိုရီးယားဘက်ခမ်း ပြောင်းသလို ယဉ်နောက်ကို ယဉ်က ထပ်လိုက်တယ် ထင်လို့ကွ"

ရှမ်းပြည်နယ်မှာ တာဝန်ကျနေသော မိဘနဲ့အတူ လိုက်နေရသော ငြိမ်းချမ်းကြီးက အသားအရည်တွေပါ ပြောင်းလဲသွားသည်။ မျက်နှာလည်း ပြကွဲအောင် ဝဖီးလာရာ မူလရုပ်ရည်နှင့် အများကြီးကွာဟပြောင်းလဲသွားသည်။ နေရာထိုင်ခင်း ပေးပြီး အမျှင်မပြတ်သေးသောစကားကို ဆက်ပြီးပြောဖြစ်ကြလေသည်။

"ငါနဲ့သူ ဖူးစာဆုံပုံကတော့ သူများတွေနဲ့ မတူဘူး၊ လူချင်းမမြင်ခင် နာမည်ချင်း စပြီးရင်းနှီးတာကွ၊ ယဉ်နဲ့ယဉ် တိုက်ပြီးမှ တွေ့တာ"

"အင်း. . . အဆန်းပါလား၊ လုပ်စမ်းပါဦး. . . ယာဉ်တိုက်မှု ဖြစ်ပြီးမှ ဖေးမရင်း ခင်သွားတာလား"

"ထပ်သရီး. . ဖွီး. . . နမိတ်မရှိ နမာမရှိကွာ"

ထင်ရာတွေ စွတ်ပြောနေလို့ မနည်းဘရိတ်အုပ်ယူရသည်။ သူပြောသလိုသာဆို ဖူးစာဆုံအောင် ကားချင်းဆိုင်ပြီး တိုက်ရမယ့်ပုံစံပင်။ ဟက်ပီးဝေါလ်မှာ တိုက်ကား သွားမောင်းရင်တော့ ဖြစ်နိုင်ပါသည်။

"မဟုတ်ဘူးကွ. . . ငါးဒိုင်မှာ ငါးသွားသွင်းတော့ ငါက ကန်ကကိုယ်စားလှယ်၊ သူက အဝယ်ဒိုင်မှာ စာရင်းကိုင်၊ အဲ့ဒီမှာ သွားဆုံတာ"

"ဒီလိုကြီးလား. . . မင်းတို့ဟာကလဲကွာ. . . ငါးတွေ ဗန်းပြပြီး ငန်းကြောထတာပေါ့"

အအေးခွက် လာချပေးရင်း သူမက ပြုံးပြုံးမြမြပင် ဝင်ပြောသည်။

"ဟုတ်တယ်. . . ကိုငြိမ်းချမ်းတို့ သူငယ်ချင်းတွေက ငန်းကြောသန်တဲ့ ငန်းကြောင်ကြီးတွေပဲ"

"အဟား. . ဟား. . ဟုတ်တာတွေ ပြောနေပြန်ပြီ"





ဟက်ဟက်ပက်ပက် အားပါးတရ ရယ်ကာ သူ သဘောကျသွားလေသည်။ နောက်ပြောင်နေတာနဲ့ လိုရင်းမရောက်သေးဘူး၊

"ငါးကန်ကနေ ဖုန်းလှမ်းဆက်တယ်ကွာ၊ ငါးဒိုင်ကို ယဉ်မောင်းနိုင် ငါးလာပို့မယ်ပေါ့၊ အဲ့ဒီမှာ ဖုန်းလက်ခံတာက သူပဲ၊ ကန်ပိုင်ကလဲ ငါ့ကို မှာလိုက်တယ်၊ ယဉ်ကျေးဝေ ငွေရှင်းပေးလိမ့်မယ်ပေါ့"

"အော်. . . ဒီလိုကိုး၊ ယဉ်ချင်း သွားတူနေပြီ"

"ဟုတ်ပ. . . အဲ့ဒီမှာ နာမည်အစချင်း တူနေတာ သတိပြုမိပြီး နာမည်ချင်း ကိုယ်စီကိုယ်ငှ စတင်ရင်းနှီးကြတာရယ်"

ချစ်ခြင်းအစ နာမည်ကပဲဟု ပြောရလောက်အောင် သူမက ဝင်ရှင်းလေသည်။ အခုမှ နားရှင်းသွားဟန်ဖြင့် ငြိမ်းချမ်းက ခေါင်းတငြိမ့်ငြိမ့်လုပ်ကာ ပြုံးပါတော့သည်။

"အဆန်းကြီးပါလား. . . ဒါဆို တို့က ယဉ်မိသားစုပေါ့၊ မင်းတို့ကလေးမွေးရင် ယဉ်ကောင်လို့ နာမည်ပေးကွာ"

သူမက သဘောတကျပင် တသိမ့်သိမ့် လှုပ်ရယ်ပါသည်။ လွတ်နောက်တဲ့ကောင်။ တကယ်လဲ သူပြောချင်စရာ ဖြစ်လောက်အောင်ကို ယဉ်ကို ရင်ခုန်ခဲ့ကြမိတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ALIGN

ဈေး မှအပြန် လမ်းခုလတ်မှာတင် တွေ့လို့ မျက်စိသူငယ် နားသူငယ်ဖြင့် တောင်ငေးမြောက်ကြည့် ဖြစ်နေသော ကေခိုင်ကို မိယဉ် အိမ်ခေါ်လာခဲ့ရသည်။ လမ်းမှာ ရွာအလယ်တွင် နားအလည်လွန် သွားပုံ အကြောင်းကို ကေခိုင်က ရင်ဖွင့်ပါလေတော့သည်။

"နင်တို့အိမ်ကလဲဟာ. . . မေးရကျပ်လိုက်တာ"

"ဟဲ့. . . ဘာဖြစ်လို့လဲ၊ ငါတို့အိမ် မသိသူ မရှိပါဘူး"

"အေး. . . အဲဒီလို မသိမရှိလို့ ခက်တာပေါ့၊ ကျုပ်က မိယဉ်တို့ အိမ် ဘယ်နားမှာလဲ မေးတဲ့ဟာကို. ."

"ဟုတ်လား. . . အဲဒါကို တည့်တည့်လမ်းမညွှန်လိုက်ဘူးလား၊ ဘယ်မှာ မေးတာလဲ"

"ညွှန်တော့ညွှန်တယ်ဟေ့၊ သူက မောင်ယဉ်တို့အိမ်ကို ပြော





တာလားတဲ့လေ၊ ကျုပ်မှာ မောင်ယဉ်မဟုတ်ဘူး. . . မိယဉ်လို့ မနည်း ပြောယူရတယ်. . . မှားမှာစိုးလို့"

ဖြစ်ရမယ်။ မိကေခိုင် လုပ်လိုက်ရင်တော့။ သူမလဲ မိယဉ် ဆက်ထပ်ဖြစ်တာကို သိပဲ သိလိုက်ရသူပင်။ မိယဉ်ယောကျ်ားနာမည် မောင်ယဉ်ဆိုတာ မသိသေး။

"မိန်းမရယ်. . . သူပြောတာလဲ ဟုတ်တာပဲလေဟာ၊ ငါ့ ယောကျ်ားက မောင်ယဉ်၊ အတူတူပဲ အိမ်က"

"အေး. . . သူတို့က အတင်းလမ်းညွှန်လိုက်တာ၊ ငါက သိပ် ယုံချင်ဘူး၊ နင်တို့ကလဲ မောင်နဲ့မိ နှစ်လုံးတည်း ကပ်လွဲပြီး နောက်ပိတ် တူနေတာကိုး"

တော်တန်ရုံ အကြောင်းမသိလျှင် ယဉ်စံအိမ်ကလေးက ဤသို့ နားရှုပ်ကာ မျက်စေ့လည်တတ်ပါသည်။ သူပြောသလို ထိပ်စည်း စီနီယာ ဖြစ်ပြီး နောက်ထိုင် တူနေတတ်ပါသည်။ တစ်ယောက်တည်းနဲ့ ယောကျ်ားမိန်းမ စိတ်နှစ်ခွ ဖြစ်နေသလိုကြီးပေါ့။

"ဖြစ်ရမယ် မိကေခိုင်၊ လောကမှာ မကြုံဖူးသေးတာတွေ အများကြီး ကြုံရမယ်၊ နင်မသိသေးတာတွေလဲ အများကြီး ရှိသေးပါ သားနော်"

စကားတပြောပြောဖြင့်ပင် မိယဉ်က အိမ်ပေါ် ဦးဆောင်၍ တက်လာလေသည်။ ဒီတစ်ခါတော့ မောင်ယဉ်က ရွှန်းရွှန်းစားစား မျက် ဝန်းကြီးများဖြင့် ကြိုဆိုမနေပါ။ ရန်အောင် ရှုံးလောက်တဲ့ မျက်လုံးရွဲကြီး တွေကို ထုတ်မသုံးတော့ပေ။ ကာရန်ကို ရိုးအီနေသော မော်ဒန်ကဗျာ ဆရာတစ်ယောက်လိုပင် ပြောင်းလဲပြင်ဆင် ဖောက်ထွက်၍ နည်းနာ အသစ်သုံးလေသည်။ စကားအချိတ်အဆက်မိ လေရနေသော ငြိမ်း ချမ်းကို ကပ်တိုးလေး ပြောကာ လှော်ပေးလေတော့သည်။

ဘာညာသာရကာတွေ ပြောမှာပေါ့။ မိယဉ်နဲ့ ထပ်ကြပ်မတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပါလာတဲ့ ကေခိုင်မက သေသေသပ်သပ် ပျပ်ဝပ်စွာ အိနြွေဆယ်လို့။ ဒါကိုပင် မောင်ငြိမ်းချမ်းက ခေါ်တော ဆယ်သိန်းဖိုးအား ပြည့်ဝသောမျက်လုံးများ ကျွတ်ကျမတတ် ငေးလို့။ အပျိုနဲ့လူပျို ဘာဂလိုတိုတို တွေ့ကြလေပြီ။ သူတို့လင်မယားက အဲရှိလို ငါးမွေထိုး လုပ်တာပေါ့။

စျေးခြင်းကို ချပြီး ငြိမ်းချမ်းနဲ့ကေခိုင်ကို မိတ်ဆက်ပေးလိုက်သည်။

"ကိုငြိမ်းချမ်း. . . ဒါ မိကေခိုင်လေ၊ ကျွန်မသူငယ်ချင်းပဲ၊ ကျောင်းတုန်းက တွဲဖက်တွေ"

"ဟုတ်တယ်. . . ငြိမ်းချမ်းတဲ့ မကေခိုင်၊ မှတ်ထားနော်. . . သူလဲ ကျွန်တော့်သူငယ်ချင်းပဲ၊ မိတ်ဆွေရင်းတွေလို သဘောထားပေါ့၊ လူလူချင်းပဲ"

အပွေးမြင် အပင်သိ၊ အရိပ်ပြ အကောင်မြင်သော သူက မိယဉ် ပါးစပ်ဟလိုက်တာနဲ့ ဘယ်လမ်းကို ဖော်လိုလိုက်ရမယ်ဆိုတာ သိပြီးသားပင်၊ လင်ကိုယ်မယား နှစ်ယောက်ပဲ။ အသွင်တူလို့ အိမ်သူဖြစ်နေကြတာ။ ဒီလောက်မှ ခာတ်မပေါက်ရင် ပလပ်ပေါက် ကိုင်ပြီး အကြောပြေ သေဖို့ပဲ ရှိတော့မပေါ့။ သူတို့ချင်း ကြွိုင်လို့ရအောင် ဂျိုင်းပေးလိုက်တယ်လေ။

"ကျွန်မသူငယ်ချင်းက (Eco)ကွင်းနော်၊ စာလဲ အရမ်းတော်တာ၊ လက်ရှိ မိဘပိုင် ပွဲရုံမှာ ကူလုပ်နေတာ၊ အံကိုက်သိပ်ဖြစ်တာ"

သွားရည်ယိုလောက်အောင် မိယဉ်က မက်လုံးပြ ဖော်ကောင်လုပ်တော့ ကေခိုင်မက ရှက်ရမ်း,ရမ်းကာ တားမြစ်လေတော့သည်။

"ဟဲ့. . . မိယဉ် ဘာတွေ လျှောက်ပြောနေတာလဲ၊ အဲလောက်လဲ မဟုတ်ပါဘူးဟယ်"

ဘယ်ရမလဲ. . . သူကလဲ အားကျမခံ ဝင်ပြီး အမွှမ်းတင်အရောက်ပို့တော့တာပေါ့။





"ကျွန်တော့်သူငယ်ချင်း ငြိမ်းချမ်းက တစ်ဦးတည်းသောသားဗျ၊ ဘွဲ့ရ လူရည်သန့်"

ပေါ်တင်ကြီးမှန်း သိသာပေမယ့် မပေါ်တင်ဟန်ဆောင်ပြီး ခပ်တည်တည် လိုမ့်ရတာပါပဲ။ ဒီယုန်မြင်လို့ ဒီခြုံထွင်နေမှန်းလဲ ခေတ်လူငယ်များပီပီ သူတို့ သဘောပေါက်ကြမှာပေါ့။

ခဏချင်းအတွင်း ဆိုသလိုပင် သူတို့ချင်း ရင်းနှီးသွားကြလေသည်။ လူမှုရေး ကျွယ်ပြန့်သော ငြိမ်းချမ်းက မိတ်ကောင်းဖော်မွန်ကို လွယ်လင့်တကူ စည်းရုံးနိုင်လေသည်။ ဒီလောက် လမ်းဖောက်ပေးထားတာမှ မလျှောက်လျှင်လဲ အမိုက်နင့်ပြွင် ရှိဦးမလားပေါ့။

သူနဲ့မိယဉ်က မီးဖိုထဲမှာ ကြိတ်ကြိတ်,ကြိတ်ကြိတ် တီးတိုး တိုင်ပင်ကာ အရိပ်အကဲ ကြည့်လေသည်။ အိမ်ထောင်သည်ဘဝဖြင့် ကိုယ်တွေချည်း ဒုက္ခရောက်ကြရတာကို နောင်တမရနိုင်။ သူတကာကိုလည်း ဒုက္ခတွင်းထဲ ရောက်အောင် ဆွဲခေါ်၍ အရောက်ပို့ကြသေးသည်။ လူလူချင်း တန်းတူ သူသူကိုယ်ကိုယ် အခွင့်အရေးတန်းတူပဲပေါ့။ စေတနာ လူးထားတဲ့ ဝေဒနာတွေလေ။

ဟိုနှစ်ယောက်တော့ ရှိုးတိုးရှန့်တန်း အမူအရာနဲ့ ရှိန်းတိမ်းဖိန်းတိမ်းဖြစ်ကာ အိမ်ရှေ့ကပြင်မှာ စကားလက်ဆုံကျနေလေရဲ့၊ စကားအမျှင်ပြတ်သွားလိုက်၊ ပတ်ဝန်းကျင်ကို မသိုးမသန့် ကြည့်လိုက် အဓိပ္ပါယ် မရှိတဲ့ စကားစတွေ ရှာကြံပြောလို့ပင်။

"ကျွန်မ ကမာရွတ်မှာ နေဖူးတယ်၊ ဩဂုတ်စတင်းကျောင်းထွက်ပဲ၊ (၁၆)လမ်းထဲမှာ နေခဲ့တာလေ"

"ဟုတ်လား. . . အဲဒါဆို ကျွန်တော်နဲ့ တစ်လမ်းပဲ ခြားတာပေါ့၊ သတိမထားမိလို့ဗျ. . . ကျွန်တော်တို့ကျောင်းနဲ့ အဲဒီကျောင်းနဲ့က အပြိုင်အဆိုင်လေ"

ထွေရာလေးပါး လျှောက်ပြောနေကြသည်။ အတော်အသင့်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရင်းနှီးပွင့်လင်းကာ နောက်ပြောင်နိုင်ကြပြီး ဖြစ်လေသည်။ ဒီတစ်ခါတော့ တယ်ပြီးနိပ်လှသကိုး။ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်စရာ မလိုဘဲ ဇာတ်ပို့နဲ့ လွှတ်ပေးထားလို့ရပြီ။

အချိန်များစွာ တယ်မကြာလှပါဘူး။ ငြိမ်းချမ်းနဲ့ကေခိုင် ဘာဂလိုတိုတို အီစီကလီတွေ ဖြစ်ကုန်သည်။ အရင်းမစိုက် လှေထိုးလိုက်ထုံး နှလုံးမူတာလေ။ ကိုယ့်လူတို့က တပ်လန်မသွားတဲ့အပြင် အိမ်ပေါ်မှာတင် ခိုင်မြဲပြီး "သံယောဇဉ် မပြတ်ဘူး" ဖြစ်နေကြပါရောလား။ ခေတ်လူငယ်တွေပဲ။ ပွင့်ပွင့်လင်းလင်း ပြေပြေလည်လည်ပေါ့။ ရပ်ဝေးဒည့်သည်မို့သာ ကိုယ့်ရှူးကိုယ်ပတ် တင်ထားရတယ်။ သူတို့က မေတ္တာသံသရာ ဝက်ပါ ဖောက်ပြီး ဒေဝဥယျာဉ် မှတ်ထင်နေချင်ကြတာရယ်။ တစ်ချိန်လုံး မှန်ခဲ့တဲ့ တွက်ကိန်းကလဲ ဒီနေရာမှာ ထင်သလောက် မပေါက်ဘဲ လွဲရှာတာပေါ့။

ကိုယ်တိုင်တောင်မှ ချစ်လွန်းလို့ အိမ်ထောင်ပြုထားတာပဲ။ ကိုယ်ချင်းစာရတာပဲပေါ့။ ဘာတတ်နိုင်မှာလဲ. . . သူတို့နှစ်ယောက် အဆင်ပြေလေ ငြိမ်းချမ်းနဲ့ ကေခိုင်မတို့မှာ ပိုမိုအဆင်ပြေလေလေပင်။

သို့သော် ကိုယ်တို့လူအတွက် စရိတ်စကတွေကတော့ တရိပ်ရိပ် တက်လို့နေတော့သည်။ ရက်တွေ ကြာလာသည်နှင့်အမျှ ကေခိုင်မက ခွင့်ပြုရက် ကျော်လွန်ကာ မဟားတယား အလည်ကျွံနေမိသည့်အလျောက် အိမ်ပြန်ပြေးသည်။ ကိုယ်တို့လူလဲ အရှုပ်အထွေးဖြင့် မနေသာဘဲ လစ်ပြေးပြန်သည်။

ဒီတော့မှ စိတ်ဖြောင့်ဖြောင့်ဖြင့် မောင်ယဉ်တို့နှစ်ယောက် သက်မ,ချကာ နေသာလေတော့သည်။ များမကြာမီ ကိုယ်တို့လူ မိဘသဘောမတူသဖြင့် ခိုးယူပေါင်းသင်းရန် အိမ်သို့ ပြန်ဆိုက်လာလေသည်။ ဒင်းတို့ဟာက ဘာထူးသေးလို့လဲ။ ဒီပဲ ပြန်ရောက်ပြီး ဒီဘူတာ ပြန်ဆိုက်မယ့်ဟာကိုများ ကိုယ်စီကိုယ်ငှ အိမ်ပြန်သွားကြသေးသည်။





အခုတော့ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်ကာ နှစ်ယောက်သား သောင်တင်ရန် ဆိုက်ရောက်နေကြပြန်လေသည်။ နှစ်ဖက်မိဘများက သာဆိုးသေးသည်။ အညောင့်ထောင် လှေကားဆင်ပေးသော မိယဉ်နှင့်သူ့ကို တရားစွဲမည် တကဲကဲ အဝေးမှ လှမ်း၍ ခါးကြိမ်းကြိမ်းသည်။ ဖုန်းတဂွမ်ဂွမ်ဖြင့် နားမဆံ့အောင် ပွမ်လေသည်။ ကိုယ့်သားသမီးဖြင့် ကိုယ်နိုင်အောင် မဆုံးမနိုင်ဘဲ။ မိယဉ်တို့တော့ သာခွေယိုင်လဲ ဖြစ်ရချေပြန်ပေါ့။ သူကဆို ခေါင်းတကုတ်ကုတ်နဲ့ "မိတ်ပျက်ပါပြီကွာ" လို့ ညည်းတော့တာပဲ။ ဒါကို မြင်တွေ့ကြုံရတော့ ခပ်ပျော်ပျော် ရွှတ်နောက်နောက် ငြိမ်းချမ်းက မလုံမလဲ မေးသည်။

"ဘာလဲကွ. . . ငါတို့ရှိနေလို့ မင်းရွာက ဧည့်သည်တွေ အားနာတာနဲ့ လှည့်ပြန်ကုန်လို့လား"

"မဟုတ်ပါဘူးကွာ. . . အဲလိုဆို သာတောင်မှ ကောင်းသေးတယ်၊ ငါတို့ လင်မယားအရေးကိစ္စပါ"

မဆီမဆိုင် လင်မယားအတွင်းရေး လှည့်အကြောင်းပြပြီး ဖုံးဖိလိုက်ရပါသည်။ ကိုယ်တို့လူကတော့ အဟုတ်ထင်မှတ်ကာ အလိုက်သိ နှုတ်ဆိတ်၍ ထပ်မစူးစမ်းတော့ပေ။ သူတို့လင်မယားကပဲ ပို့မယ့်ဘူတာကိုရောက်အောင် ပို့ကြရတော့သည်။ တရားရုံးသွား လက်ထပ်ခြင်းနဲ့ အကျဉ်းရုံး မင်္ဂလာဆွမ်းကျွေး၊ သူငယ်ချင်းများကို အသိအမှတ်ပြုစေသည့်ပွဲလေး ဦးစီးကျင်းပပေးခဲ့ရသည်။

မိတ်ပေါင်းဖော်သဟာရဲ့အနှံ့တာဆိုတာ အဲ့ဒီလို ခံရတာ။ မရှိမကောင်း ရှိမကောင်း စာရင်းဝင်လာတဲ့ မိတ်ဆွေတွေအနိုင်ကို ခံရတာလဲ ဖွတ်ဖွတ်ညက်ညက်ကျေပေါ့။ အားနာပါးနာနဲ့ အခန်းတံခါးပိတ်ပြီး နှစ်ယောက်သား ကြိတ်ပြီး တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုး အပြစ်ဖို့ရတော့တာပဲ။

"အဲဒါ ရှင့်ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဘယ်လိုမှ ဆေးမမှီတော့သည့်အခြေ ဆိုက်လေပြီ။ ကံကြမ္မာတရားက ကယ်လေမှ သူနဲ့မိယဉ်ဘဝ စိတ်သက်သာရာ ရပေတော့မည်။ တကယ်လဲ ကံကြမ္မာတရားကြီးက မျှတစွာ လက်ပိုက်ကြည့်မနေပါ။ သကောင့်သားနဲ့ မယ်မင်းကြီးမကို ကယ်မ ဆယ်ထုတ်သွားလေသည်။

နှစ်ဖက်မိဘများထံမှ အားမတန် မာန်လျှော့ သားသမီး(မပြတ်သော သံယောဇဉ်)ချစ်စိတ်ဖြင့် အမွေဖြတ် ကြေငြာချင်ကြသည်။ သို့သော် ကြော်ငြာခ ထည့်ရမှာ နှမြောဟန်ရှိလေသော ကပ်စေးနဲ မိဘများက စိတ်လျှော့ကာ သဘောတူကြလေသည်။ အိမ်ကို အသာတကြည် ပြန်ခေါ်ကာ ခမ်းနားတင့်တယ်စွာပင် မိဘတို့ ဝတ္တရား ရှိတော်မူသည့်အတိုင်း ထိမ်းမြားလက်ထပ်ပေးကြလေသည်။ အမွေဖြတ်ကြေငြာတယ်ဆိုတာ ရုပ်ရှင်တွေထဲမှာပဲ ရှိတာလေ။ တကယ်လဲ ပြတ်နိုင်တာ မဟုတ်ဘဲနဲ့။ လက်တွေ့ဘဝမှာတော့ အဲ့ဒီခေတ်က ကုန်သွားပါပြီ။





# GLAND

အတော်အသင့် အထိုက်အလျောက် အဆင်ပြေ ချောမွေ့သွားရသည်။ သူငယ်ချင်း အပေါင်းအသင်းများ၏နှိပ်စက်ကလူပြုမှုများ ကျော်ပါးကာ သာယာနေချေပြီ။ သာတောင့်သာဆဲ အခြေအနေ အခါ သမယလေးကို ဝင်နှောင့်မည့် လေပွေကတော့ ပေါ်လာစမြဲပင်။

အိုက်တင်ကောင်းကောင်းနဲ့ မိယဉ် ပထုတ်လိုက်တာကို အဟုတ်ထင်မှတ်ကာ မော်ကာကြီး လျှောက်ဖွတော့သည်။ အိမ်မှာလဲ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်လို့၊ ရွာကိုလဲ ပြန်မရောက်၊ သူငယ်ချင်းတွေထံပါးမှလဲ ပျောက်ချင်းမလှ ပျောက်နေတဲ့ မောင်ယဉ်ကို စိုးရိမ်တာလဲ ပါရှာမပေ့။ ဒီသတင်းဟာ ကိုယ်စီကိုယ်ငှ နှစ်ဖက်သော အသိုင်းအဝိုင်း ရွာတွေထိ ပျံ့လွင့်သွားတော့သည်။ အိမ်က အမေနှင့်အမေ



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက် လိုက်လာသည်။

သူ့ကို တွေ့တွေ့ချင်း ကရုဏာမျက်ဝန်းတွေနဲ့ မာတာမိခင်ကြီးက မသက်မသာ ညည်းလေသည်။

"မထိတ်သာ မလန့်သာ ရှိလိုက်တာ မောင်ယဉ်ရယ်၊ ပင်ပန်းဆင်းရဲဒုက္ခကြီးလိုက်တာ အမေ့သားလေး"

ပါးလေးနှစ်ဖက်ကို လက်ဝါးနှင့် ပွတ်ကာ သူ့အမေ မျက်ရည်ကြည်ကလေး ဝေ့ဝဲနေရှာသည်။ ဘယ်နှယ့်ကလာပြီး ဒုက္ခတွင်းနက်ထဲ ကျရမှာလဲ။ ဒီမှာ လင်ကိုယ်မယားဘဝမှာ ပျော်လို့ရွှင်လို့ကောင်းတုန်း ရှိသေးတာ။ သူ နားမလည် ပါးမလည် အူလျှာလည်သွားရသည်။

မျက်နှာချိုသွေးကာ ဖော်လံဖား ပြုံးနေသော သူမကိုပင် အမေက တုံ့ပြန်ကြည်သာ ပြုံးမပေးဘဲ ပေစောင်းစောင်း ကြည့်လေတဲ့အဆင့်။ အမေ့မျက်လုံးထဲ ချွေးမကို ယောက္ခမက ဘီလူးမတစ်ကောင်အသွင် တောက်တောက်ခါးခါး မြင်နေလေပြီ ထင်ပါရဲ့။

"သားသတင်းတွေ အမေကြားရတာ တစ်စက္ကန့်မှ စိတ်မချမ်းသာဘူး၊ အမေတို့နဲ့ ပြန်လိုက်ခဲ့. . . မင်းတွယ်တာမနေနဲ့"

"ဟာ. . . မဟုတ်သေးဘူး အမေ၊ သားတို့က ဘာဖြစ်နေလို့လဲ၊ ဘာမှမဖြစ်ဘူး. . . အဆင်ပြေပါတယ်"

"မမိုက်နဲ့ မောင်ယဉ်၊ အဖေတို့ အားလုံးသိပြီးပြီ၊ ငယ်ရာကနေကြီးလာတဲ့ မင်းကို မွေးတဲ့အဖေပါကွ၊ ငါတို့ရှေ့မှာ ဟန်ဆောင်မနေနဲ့၊ အခုချက်ချင်း လိုက်ခဲ့"

အရေးထဲမှာ အဖေကလဲ လူစွမ်းလူစ ပြပြီး ထင်ရာမြင်ရာ ခွတ်စက်ပြောကာ သူ့ကို အိမ်ပြန်ခေါ်သည်။ သူမ တုန်လှုပ် စိုးထိတ်ကာ မျက်စိမျက်နှာပျက်ရလေပြီ။ ဟိုဖွတ်ကျားတွေကို ဖိန့်ကောင်းကောင်းနဲ့ လှိမ့်ထားတာ။ အခုတော့ ဒီအရှုပ်ထုပ်ကြီး ဘယ်လိုရှင်းရပါ့မလဲ။

"မဟုတ်ဘူး အမေ၊ သား ရှင်းပြမယ်၊ အဖေတို့အမေတို့ ထင်





သလို တစ်ခုမှ မဟုတ်ဘူး"

"မောင်ယဉ်. . . မင်း အဲဒီလောက် မအ,ချင်စမ်းနဲ့ကွာ၊ တစ်ခါတစ်ကြိမ်လဲ အဖေတို့နဲ့ ဆန့်ကျင်ပြီး မင်းမှားပြီးပြီ၊ အကြိမ်ကြိမ်အခါခါ မှားယွင်းတဲ့လူမိုက် ဖြစ်ချင်လို့လား"

တိုင်ပတ်ပြီ။ ရှင်းပြတာကိုလဲ လက်မခံ၊ အတင်းအကျပ် စီမံလို့ မိုက်ကြေးခွဲနေကြပြန်သည်။

"ဒီမယ်. . . ငါ့သား၊ မင်း သံယောဇဉ် မပြတ်နိုင်လို့ တွယ်ကပ်သည်းခံပြီး နေချင်တာ အမေသိတယ်၊ ပြတ်သားစမ်းပါ သားရယ်"

"မဟုတ်ဘူး အမေရ၊ အမေတို့ ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး၊ သားတို့ ဘာမှမဖြစ်ဘူး"

စိတ်ပျက်လက်ပျက် ညည်းတွားကာ သူငြင်းချက်ထုတ်မိသည်။ သူမကလည်း ကြားထဲက အချောင်သက်သက် လူကြမ်းတစ်ယောက်အဖြစ် အထင်အမြင်သေးတာ ခံနေရသည်။ ဝမ်းနည်းဆို့နင့်ကာ နာကျင်ရလေသည်။ ချစ်ခြင်းကို မခွဲကြပါနဲ့ အရပ်ကတို့ရယ်။ အခက်ကြီး ကြုံလို့ ရတက်မီးဟုန် ပွားရရှာပြီ။

"လိမ်မနေပါနဲ့ သားရယ်၊ အဖေတို့မှာ မြင်သောနား ကြားသော မျက်စိတွေ ရှိပါတယ်"

"မလိမ်ပါဘူး အဖေရယ်၊ သားတို့မှာလဲ စားတဲ့ပါးစပ် ယိုတဲ့အပေါက်တွေ ရှိပြီးသားပါ"

စိတ်ပေါက်ပေါက်နဲ့ပဲ ရွဲ့ငေါ့ကာ ပြောပစ်မိတော့သည်။ ကာယကံရှင်ထက်ပဲ သူတို့က ပိုသိရမတဲ့လား။ ဂရုစိုက်လွန်းတဲ့ ဖူးဖူးမှုတ်မိဘနှစ်ပါးရယ်။

"သားတို့နှစ်ယောက် မခွဲနိုင်မခွာရက် အရမ်းချစ်ကြတယ် မဟုတ်လား"

"ဟုတ်တယ်. . . သိပ်ချစ်တာပဲ၊ မဆိုးဘူး. . . မေမေက



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတရားကို ကိုယ်ချင်းစာ နားလည်ပြီး သဘောပေါက်လာပြီ. . . လိမ္မာလာပြီ. . . ဟဲဟဲ”

မေမေက တွေးတွေးဆဆ ထင်ကြေးပေးလာသဖြင့် သူ အားတက်သရော ထောက်ခံလိုက်ပါသည်။ သူတို့အဖြစ်သနစ်က အချိန်မီသာ ပြင်ဆင်ခွင့်ရှိမှ အဆင်ပြေမှာလေ။ အခုတော့ မိဘတွေက စေ့စပ်ညှိနှိုင်းတာ မဟုတ်ဘဲ နားစွန်နားဖျား ကြားထားတာတွေနဲ့ ရောက်လာကာ အတင်းခွာပြီအောင် လုပ်နေတာ။

အားတက်သရော ဝင်းလက်သွားသော သူ့မျက်နှာကို ကြည့်ကာ သူ့စကားကို ချင့်ချိန်ပါသည်။ ပြီးတော့မှ ထင်ကြေးစကားကို ပြင်ဆင်ပြောသည်။

“မခွဲနိုင် မခွာရက်ကြပေမယ့်လဲ ခွဲခွာဖို့ အချိန်တန်သင့်နေပြီလေ၊ ဒီလိုကြီးပဲ ဆက်နေရင် နှစ်ယောက်လုံး စိတ်အနာတရ လိပ်ခဲတည်းလည်းနဲ့ လုံးပါးပါးကုန်မှာပေါ့”

သူ့နဖူးသူ လက်ဝါးဖြင့် ပြန်ရိုက်မိလေသည်။ ဖိုင်နယ်လ်ကုတ်ရောက်ကာမှ အလဲအကွဲ အထိုးခံရသူ ဖြစ်ချေပြီ။ ခေါင်းတွင်တွင်ခါ၍ ငြင်းမြဲငြင်းနေမိသည်။

“မေမေတို့ ထင်သလို မဟုတ်ဘူး၊ အဲဂလောက်ထိ မဆိုးဝါးဘူး၊ ပြောရရင် သားတို့ ဟန်ဆောင်ကြတာ ”

“ငါသိတယ်. . . ဟိုမိန်းမ နှိပ်စက်သမျှ ငြိမ်ကုပ်ခံနေရပြီး ငါတို့လာမှ နင်က ဟန်ဆောင်တည့်ပြနေတာ နင့်အစား ငါရှက်တယ် မောင်ယဉ်၊ ဘယ်လိုစိတ်ဓာတ်နဲ့ ငါ့သားလုပ်နေတာလဲ၊ ဟော့ဒါ ကျွန်မသားပါလို့ ပြောရမှာတောင် ရှက်တယ်”

မေမေက အားပါးတရပင် ရင်ဘတ်ကို ပုတ်ကာ ဟစ်ကာကြွေးကြော်လေသည်။ မသိနိုးနား ရှောင်ဖယ်နေသော မိယဉ်လဲ ချက်ကောင်း ထိခံရသူလို တဆတ်ဆတ်ခါ နာကျင်လေပြီ။





“အရီးပြောတာတွေ လွန်နေပြီနော်၊ ကျုပ်က ဘာတွေ မတော်မဘရား နှိပ်စက်နေလို့လဲ”

“အောင်မာ. . . ညည်းက နှုတ်သီးကောင်းလှချည်းလို့၊ ဒီတော့ကို မာယာနဲ့ ဖျားယောင်းပြီး ညည်းလုပ်ချင်တိုင်း လုပ်ရုံမက ငါ့ကိုပါ မရိုမသေစကားဆိုလို့”

ဒေါ်အေးလေးတို့ကတော့ ငယ်မူငယ်သွေး ငယ်ဇတွေ ဖော်ကာ ကက်ကက်လန် ရန်တွေ့ချေပြီ။ သားထိတော့ မချိအောင် နာရုံမက သူမကိုယ်တိုင်ကို အထိခံနေရပြီလို့ အထင်ရှိနေမှပဲ။ ဦးသန့်ဇော်ကတော့ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ဆုံးဖြတ်တတ်လေ့ရှိသော ဟန်ပန်သဘာဝအတိုင်း အေးဆေးစွာ ကိုင်တွယ်သည်။

“ကဲပါ အေးလေး. . . ဖက်ပြီးကိုက်မနေပါနဲ့တော့၊ တို့လာရင်းကိစ္စကိုက သားကို ပြန်ခေါ်ဖို့ပဲ မဟုတ်လား၊ လူကြားသူကြားမကောင်းအော်မနေပါနဲ့”

“တော်ကြပါတော့ အမေတို့ရယ်၊ မဖြစ်သင့်တာကို မဖြစ်အောင် တားရာမရောက်ဘဲ မဖြစ်ဖြစ်အောင် ဝင်နှောင့်သလို ဖြစ်နေပြီ တော်ကြပါတော့”

စိတ်ပျက်လက်ပျက် ငိုမဲ့မဲ့ ရှုံ့တွတွဖြင့် သူကြားက ဝင်အော်တားမိလေသည်။ အရှုပ်အထွေးတွေနဲ့ သူတစ်ခွန်း ငါတစ်ခွန်း ဆူညံကျက်လောရိုက်သွားသည်မှာ ဧရဲပြည်က ဆီပူဒယ်အိုးကြီး ကျနေတာပဲ

“နင့်လိုမိန်းမမျိုးနဲ့ ဆယ်ခါပြန် သဘောမတူဘူး. . . ငါခွဲတယ် ငါ့သားကို နင့်လိုမိန်းမ ဆယ်ယောက်မက ပေးစားလို့ရတယ်. . . သိလား”

“ကျုပ်ကလဲ တော့်သားထက် သာတာ ဆယ်ယောက်မက ယူလို့ရတယ်. . . ကြီးကျယ်မနေနဲ့”

“ဟော့ကောင် မောင်ယဉ်. . . မင်းပြန်လိုက်ခဲ့တာ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ၊ မင်းအမေ စိတ်ချမ်းသာအောင် လိုက်ခဲ့"

"မလိုက်ဘူးဗျာ. . . လုံးဝမလိုက်ဘူး"

သိမ်းကျုံးကာ ကုန်းရုန်း၍ အသံကုန် ဟစ်အော်ပြီး ထိုင်ခုံမှာပင် ခိုင်မာပြတ်သားစွာ ထိုင်ချလိုက်သည်။ အားလုံးက သူ့ကို မျက်လုံးအပြူးသားနဲ့ ဝိုင်းကြည့်ကြသည်။ ရုန်းရင်းဆန်ခတ် ဆူညံပွက်လောရိုက်လို့ အရှိန်ပြယ် အငွေ့ပျံစပင် ရှိသေးသည်။ မိယဉ်၏မိဘများလဲ ရောက်လာသည်။ ကြောက်ရတဲ့ ယောက္ခမနဲ့သားမက်တော်တို့ တွေ့ကြပြန်လေပြီ။ သူမကတော့ မိဘများကို မြင်မြင်ချင်း ရှိုက်ကြီးတငင် ငိုချလေသည်။

"အဟီး. . . သမီးကို ပြောတယ်. . . မှို့ချိုးမျှစ်ချိုး အမေတို့သမီးလေးကို"

"ဒီမှာ. . . ကျုပ်တို့ ကြားသင့်သလောက်လဲ ကြားပြီးသွားပြီချင် ကလေးတွေကိစ္စကို ဘာမှဝင်စွက်ဖက်စရာ မလိုဘူး၊ ရှင့်သားကိုကသန္ဓေမကောင်းတာ"

"ဘာသန္ဓေမကောင်းရမှာလဲ. . . ငါ့သားက ဖြူဖြူစင်စင်လေးနင့်သမီးနဲ့ တွေ့မှ ပျက်စီးရတာ"

"ကျုပ်သမီးကို ဘာမှလာပြောစရာ မလိုဘူး၊ ကိုယ့်သားကိုယ်နိုင်အောင်ထိန်း"

"မဆိုင်တာတွေ မပြောနဲ့ကွဟေ့၊ ကျုပ်တို့က သမီးရှင်ဗျ၊ သူတို့အိမ်ထောင်ရေးကို ဆယ်ခါပြန် ခွဲရဲတယ်"

"သောက်ပိုတွေ မပြောနဲ့၊ မင်းတို့က ဘာတွေမို့ မောက်မာနေရတာလဲ၊ ဟေ့. . ဘယ်လောက်လျော်ရလျော်ရ လျော်ကြေးပေးပြီး ခွဲပစ်မယ်"

အားလုံး ရှုပ်ယှက်ခတ်ကုန်ပါပြီ။ မြင်းကမလှုပ် ခုံကလှုပ်အိုးကမပူ စလောင်းက ပူလို့၊ လူငယ်ချင်း ကာယကံရှင်ချင်း ဘာမှ





မပေါက်ကွဲ မပြင်းထန်ရဘူး။ သူတို့ လူကြီးချင်းက မဆီမဆိုင် ပြိုင်ဆိုင်မှုပြင်းထန်ကာ ခက်ထန်အရှိန်ပြင်းနေလေသည်။

နိုင့်ထက်စီးနင်း စကားလုပြောနေကြသော အသံဗလံများကြား သူတို့၏တားဆီးထိန်းမတ် တောင်းပန်သံကလေးများက တိုးတိမ်ဖျော့တော့ အားငယ်လို့ ထင်ပေါ်ခွင့်မရဘဲ လွင့်ပြယ်နေရလေသည်။

"ဖယ်စမ်း မိယဉ်၊ နင်အသာနေစမ်း. . . ဒါမျိုးကို တို့က ဘယ်တုန်းက အတင်စီးခံဖူးလို့လဲ"

"တော်. . . တိတ်၊ နင် ဒီလို ခေါင်းငုံ့ခံနေလို့ ငါတို့အမျိုး ဂုဏ်ငယ်တာ၊ မျက်နှာငယ်ရတာ"

အဖေနဲ့အဖေချင်း အမေနဲ့အမေချင်း ရင်ဆိုင်တွေ့ကာ တစ်ပြားသားမှ မလျှော့၊ လေသီးလေမောင်းတန်းလို့ နေကြပါသည်။

အခြေအနေကတော့ လုံးဝမဟန်တော့သည့် အခြေအနေအချိန်အခါသမယ ဆိုက်ရောက်ချေပြီ။ လူကြီးတွေက သူ့အရှိန်နဲ့သူရှေ့ကိုသာ မဲပြီး ရန်တွေ့အငြင်းပွားကောင်းနေစဉ်မှာပင် အခွင့်ကောင်းယူကာ လစ်ပြေးရှောင်ထွက်ရန် သူမကို မျက်စလှမ်းပစ်ပြလိုက်သည်။ ဒါကိုလဲ သူမက အကင်းမပါး။ နှစ်ဖက်မိဘကြား ဗျာများစိတ်အိုက်ရတာနဲ့ပဲ ဂရုထားပြီး အာရုံမစိုက်နိုင်။ သူနှင့် အကြည့်ချင်း ဆုံလိုက်သူက မျက်စပစ်ကာ မျက်နှာရိပ်မျက်နှာကဲ ဟန်ပန်ပြသောအခါအကြည့်လွှဲသွားလိုက် ဖြစ်နေသည်။ အလွဲလွဲ အချော်ချော်ပင်၊ စိတ်ပျက် ညစ်ညူးကာ သူ ခေါင်းကုတ်၍ ထိုင်နေမိသည်။

"လာ. . . သမီး၊ ဒီလိုဟာတွေနဲ့ မပတ်သက်နဲ့"

စိတ်ပေါက်ပေါက်နဲ့ ပြောကာဆိုကာ မဲ့ကာရွဲ့ကာဖြင့် ဒေါ်မြခင်က သူမလက်ကို ဆွဲခေါ်သည်။

"သမီးမလိုက်ပါရစေနဲ့ မေမေရယ်၊ ဘုရားစူး မိုးကြိုးပစ်. . . သမီးတို့ ဘာမှ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com





"ကျားကိုက်တာတောင်မှ ဆင်သေကို ဆိတ်သားရေနဲ့ မဖုံးချင်ပါနဲ့ အမိုက်မရယ်၊ ဖေဖေတို့နဲ့ ပြန်လိုက်ခဲ့စမ်းပါ၊ ညည်းတို့သတင်းတွေကြားနေရတာ နေ့စဉ်နဲ့အမျှ စိတ်မချမ်းမြေ့ရဘူး. . . လာပါကွယ်"

သူတို့သမီးကို အတင်းအကျပ် ချော့မော့ ဖျောင်းဖျကာ ဆွဲခေါ်သွားကြသည်။ သူမကတော့ မလိုက်ချင်လိုက်ချင် အင်တင်တင်ဖြင့်





မျက်ရည်အရွဲသားနှင့် ပါသွားရှာသည်။

"လာ. . . မင်းလဲ ဖေဖေတို့နဲ့ ပြန်လိုက်ခဲ့တော့"

စိတ်ပျက်လက်ပျက် သေချင်စော် နံနေသော သူ့ကိုလဲ ချိုင်းမှ ဆွဲမ,ကာ ခေါ်လေတော့သည်။ ဘယ့်နှာကြီးမှန်းကို မသိရသော သူတို့အဖြစ်သနစ်ပင်။ မယုံနိုင်စရာကောင်းလောက်အောင် အကျိုးအကြောင်း ကြုံဖန်စီရင်လာလေသောအခါ ဘာများ တတ်နိုင်လိမ့်ဦးမည်နည်း။ စိတ်ညစ်ညူးကာ သုန်မှုန်နေသောမျက်နှာဖြင့် ညည်းတွားမိသည်မှာ မသက်မသာအသံဖြင့်ပင်။

"အသေသာ သတ်လိုက်ပါတော့ အမေတို့ အဖေတို့ အရပ်ကတို့ရဲ့၊ အမငီး. . . သေချင်ပြီ"

စိတ်တိုဒေါပွနေတဲ့အချိန် မသေသေးတဲ့ မေမေကတော့ သူ့အပူကို ထူးပြီးဂရုမစိုက်မနေနိုင်ပါဘူး။ ဖေဖေကတော့ အတွေ့ကြုံရင့်ဝါရင့်လူကြီးပီပီ နှစ်သိမ့်လေသည်။

"နောက်တော့ အဆင်ပြေသွားမှာပါ သားရယ်၊ ခွဲကာစကဒီလိုပဲလေကွာ၊ နောင် သေတောင် မမြင်ချင်တော့ဘူးဆိုပြီး စိတ်နာသွားမှာပါကွာ"

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းငုံ့ချကာ မချိတင်ကဲ ငိုမိတော့သည်။ အိပ်စက်မရဘဲ တနှံ့နှံ့ ဝမ်းနည်းနေရသည်။ ရွာဦးကျောင်းက အုံးမောင်းခေါက်သံ ကြားရသဖြင့် အာရုံတက်ချိန် ရောက်ပြီဆိုတာ သိလိုက်ရသည်။ အိမ်ပြတင်းတံခါးကို ဖွင့်ဟပြီး ငေးမောကြည့်လိုက်မိတော့ အဝေးဆီမှ ဘုရားစေတီအား လျှပ်စစ်မီး ပူဇော်ထားသည်ကို မြင်တွေ့ရသည်။ နှင်းပျို့လတ်ဆတ်သော လေနုအေးတို့က တိုက်ခတ်တိုးလှုပ်လာသဖြင့် သူ မျက်ဝန်းကို မှေးမှိတ်လိုက်ပြီး လေကို တဝကြီး ရှူသွင်းလိုက်သည်။ စေတီ၏ထီးတော်မှ မီးသီးအရောင်လေးဖြင့် ရွှေရောင်တလက်လက် ဝင်းပြောင်နေသည်မှာ သပ္ပာယ်ပြီး ကြည်ညိုချင်စရာကောင်းလေသည်။ ဝန်းကျင်တခွင်လုံး သစ်ပင်အုပ်ဆိုင်းများက မှုန်ဝါးမဲမှောင် မှိုင်းပြဆဲပင်။

အမှောင်ထုသည် အားကောင်းစွာ အရှိန်ယူ၍ ကြီးစိုးထားဆဲပင်။ အုန်းလက်များ လှုပ်ခတ်ကာ အုန်းပင်မှာ ယိမ်းနွဲ့နေသည်။ ကြက်ဖတွန်သံကို အဆင့်ဆင့် ကြားရသည်။ လွမ်းလို့အူတဲ့ ရင့်ကျူးသံဟုသာ ရင်ထဲမှာ ထင်မြင်လာသည်။ ဟာတာလစ်လပ်သောအသိတို့ ထုံမွမ်းပြီး





ခြောက်သွေ့စွာ လွင့်လျှားနေရသည်။ လူမနေတဲ့အိမ်လေးကိုလဲ လွမ်းရသည်။ ညှင်းညှင်းသွဲ့သွဲ့ ရယ်သံကလေးတွေကိုလဲ လေပြေတိုးဝှေ့သံကြားမှာ အသည်းအသန် လိုက်ရှာမိသည်။

နံနက်ခင်းလေးက အပြစ်မဲ့ တိတ်ဆိတ်အေးချမ်းစွာလဲလျောင်းအိပ်စက်လို့ကောင်းဆဲ။ သူကသာ ကြယ်တွေနဲ့ စကားပြောနေမိသည်။ အိမ်ရှေ့မှာ သူ့လိုပဲ နိုးထလှုပ်ရှား အလွမ်းရဲ့အညောင်းတွေ ဆန့်နေသော ပိတောက်ပင်အိုကြီးနဲ့ တီးတိုးစကားတွေ ဖလှယ်သည်။

အိမ်ခြံဝိုင်းများ၊ သွပ်မိုးများကို ဟိုတစ်စု ဒီတစ်စု မသဲမကွဲ မဲမဲမှောင်မှောင်ပင် မြင်နေရသည်။ ဝါးရွက်ခြူသံက တရှဲရှဲ လှုပ်၍ မြည်လာပြန်သည်။ အဲ့ဒီအသံတွေက အသည်းဆိုင်ကို ပွတ်သပ်သည့်အလား ယားကျိကျိ ဖြစ်ရလောက်အောင် အခံရ ခက်စေပြန်သည်။ လူခြေတိတ်ချိန်တိုင်း ဒီလို ငူငေါင်ငေါင်နဲ့ အစိပ္ပါယ်မဲ့ ထထိုင်နေမိတာ ဘယ်နှစ်ည ရှိပြီလဲ။

အလင်းမဲ့ဘဝထဲ ပြုတ်ကျသွားရသူတစ်ယောက်လို စိတ်ဝယောင်ချောက်ခြားနဲ့ မပျော်မွေ့နိုင်။ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရလေအောင် အခြေအနေအရပ်ရပ်က ပွတ်သပ်ကျီစယ်နေကြသည်။ ဒါကို သူ ဘယ်လိုဖြေသိမ့်နိုင်မှာလဲ။ အဘယ်သို့သော လိုက်လျောညီထွေမှုနဲ့ စီးမျောသွားရမှာလဲ။ အဝေးက ကြယ်တွေလဲ အသက်ရှင်ရုံတမယ်လောက် မှိန်တလှည့် လင်းတစ်ခါဘဝ လက်တွဲဖော် မရှိတဲ့ နေ့ညတွေဟာ သူ့အဖို့တော့ ရှင်လျက်နဲ့ သေနေရတဲ့ဘဝတွေချည်းသာ ဖြစ်လေသည်။ ယုံကြည်မျှော်လင့်ချက်တွေ မနက်ဖြန်တွေ အနာဂတ်တွေ အလိုလို ကျပျောက်သွားသလို ထိတွေ့ခံစားနေရပါသည်။

ဒီပစ္စက္ခတ် အခြေအနေကို ပြုပြင်ပြောင်းလဲနိုင်အောင် သူ ကြိုးစားရမည်။ အလွမ်းနဲ့ မတည့်တဲ့ နှလုံးသားလေးအတွက် ခံစ္တာ



www.burmeseclassic.com

www.burmeseclassic.com



ချိုရင်းစွဲ နေ့ရက်များအဖြစ် မသေမချင်း မဆုတ်မနစ်ဖွဲ့ဖြင့် ပြုပြင်ပြောင်းလဲပစ်ရမည်။ အထင်လွဲအမြင်လွဲ တလွဲဆံပင်ကောင်းသော လူကြီးတွေရဲ့မာန မဲနက်နက်ကြီးကို ထိုးဖောက်လင်းရှင်းပစ်ရမည်။ ကာထားသော အမှောင်တံတိုင်းကို ကျော်လွှားဖြတ်သန်းသွားရမည်။

ကောင်းကင်မှာ လင်းလက်ဆဲဖြစ်သော မောင်ရင်ဆိုင်းထမ်းကြယ်ကလေးကို မြင်တော့ သူ့အဖြစ်နဲ့ တိုက်ဆိုင်စွာ တူညီနေလို့ ရင်နင့်ရပြန်သည်။ အခုချိန်ဆို မိယဉ်တစ်ယောက် ဘယ်လိုနေရှာမလဲ မသိပေ။ သူ့လိုပဲ အိပ်မပျော်နိုင်ရာက မျက်လုံးကြောင်ပြီး တောင်တွေးမြောက်ငေး လွမ်းမောနေလေမလားဘဲ။







မိယဉ်အကြောင်း သူ အသိဆုံးပဲ၊ သိပ်အရွဲ့တိုက်တတ်တဲ့ ကောင်မလေးတစ်ကောင်ပင်။ တွေးရင်းပင် သူမအတွက် ရင်မောဖိုးထိတ် ပူပန်လာရပြန်ပါသည်။ ဝေးရင်းမောရင်းပင် မိုးကလဲ လင်းစပြုလာသည်။ ရောင်နီ ဦးထွက်ပြူစ ပြုလာသည်။ နွားလှည်းဖြတ်မောင်းသံ လှည်းဘီးအီသံ၊ နွားခလောက်သံ ကြားရပြန်သည်။ အောက်အီးတွန်သံ ကြားရပြန်သည်။ သူမရဲ့ခြေသံတိုးဖွဖွကို ကြားယောင်သည်။ အသံနွမ်းခေါ်သံချောက်ချောက်ခြားခြား ထပ်မံဆက်ကာ ကြားမိရသည်။

ရင်ထဲမှာ အတိုင်းမသိ ကြေကွဲရင်း အမျိုးအမည် ဖော်မရတဲ့ ရန့်တစ်မျိုးကို သူဆာလောင်နေမိသည်။ ခြောက်ကပ်အက်ကွဲစွာပင် သက်ပြင်းမောကြီးကို မှုတ်ထုတ်မိတော့သည်။

မိုးစက်နွယ် ပြောသလိုပေါ့။ ကမ္ဘာကြီးရေ. . . မင်းက ဘာဖြစ်လို့များ မင်းရဲ့ပခုံးတစ်ဖက်တစ်ချက်စီမှာ ငါတို့ကို တင်ထားရတာလဲ။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



နယ်ရှစ်ခွင် မင်းလွင်က မှိုင်းမှောင် ပိန်းပိတ်နေသည်။ နေရောင် ပျောက်ရှကာ မိုးသားတိမ်လိပ်တို့ အုံ့မှိုင်းနေသည်။ ဝန်းကျင်တပြင်လုံး လေငြိမ်သက် တန့်တည်နေတော့ရာ အိုက်စပ်စပ် ပူလောင်လောင် ခံစားထိတွေ့နေရသည်။

မိယဉ် မွေးမေအိမ် ပြန်ရောက်သည်မှာ ဘာလိုလိုနဲ့ ရက်သတ္တနှစ်ပတ်ပင် ပြည့်စွန်းလေပြီ။ ရွာရိုးကိုးပေါက်လည်း လျှောက်မလည်ဖြစ်ပါ။ ဘယ်သွားသွား မေမေက မျက်စိအောက်က အပျောက်မခံ၊ တကောက်ကောက် အရိပ်အခြေ မသိမသာ အကဲခတ်ကြည့်နေသောကြောင့်ပင်။ ဒီလိုပြဿနာ အရှုပ်အထွေးဆိုတာကလဲ လူကြားသူကြားလို့မှ မကောင်းပေ။ အရုပ်ဆိုး အကျည်းတန် မည်းနက်လေတော့ ဘယ်လို ရှက်ကြောပြတ်ရုပ်နဲ့ လူလုံးပြရပ့ါမလဲနော်။ မြင်ရကြားရသူအပေါင်းက နှာခေါင်းရှုံ့ချင်စရာ။ လင်မယား ပေါင်းသင်းတာမှ တစ်နှစ်မှ မပြည့်သေးဘူး။ ကွဲကွာလာတယ်ဆိုရင် သူပဲ အရှက်ရစရာ ဖြစ်နေပြီ။ မွေးမေ





ကို လုပ်ချလိုက်ရင် ရှေ့နောက်မကြည့် ဇွတ်တရွတ်ပင်။ မထားသင့်သော တလွဲမာနတွေဟာ မထားကောင်းတော့မှန်း လူကြီးပီပီ သိသင့်နေချေပြီ။ အခုတော့ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းမိမှန်းမသိ ထောင်းမိနေချေပြီ မဟုတ်လား။ ကြီးမိုက်တွေ လမ်းလွဲနေရင် ပြင်ရခက်အောင် ဇွတ်တရွတ် မှားတတ်ကြတာ အခက်သားပင်။

ဝေးကွာခဲ့သောရက်တွေမှာ မွေးမေက သူမအလိုကျ ဂရုတစိုက် ဖူးဖူးမှုတ် ဖြည့်ဆည်းပေးသည်။ မငြိုးမငြင် သည်းသည်းလှုပ်အလေးထားပြီး မေ့မေ့ပျောက်ပျောက် ဖြေသာနိုင်အောင် နှစ်သိမ့်ပေးသည်။ လင်တော်မောင် ယောကျ်ားနှင့် ဝေးလွင့်ကွဲကွာနေရပေမယ့် အိမ်မှာ ဘိုကျပြီး နေချင်သလို နေခွင့်ရသည်။ စူပုပ်ပွ မျက်နှာရှစ်ခေါက်ချိုးဖြင့် တစ်အိမ်လုံးကို ပေညစ်ညစ် ဂျစ်ကတ်ကတ် ဆက်ဆံခွင့် အထူးပေါ်ရှယ် ရလေသည်။ ဒီလို အတွေ့အကြုံ အရသာများက ရခဲလေသည်မို့ အထူးပျော်မွေ့ မြိန်ယှက်ဖွယ်ရာပင်။

စိတ်အလိုမကျ ဖြစ်ရတာကတော့ ဖြစ်ရတာပါပဲ။ အဓိကလစ်ဟာခြင်း မပြည့်ဝသရွေ့ ရွှေငွေပုံပေးတောင်မှ ပြည့်စုံတင်းတိမ်မှာမဟုတ်ဘူး။ ရွှေတွေငွေတွေ ရတာက ရတာပဲ။ ယောကျ်ားတစ်ယောက်ရဲ့အငွေ့အသက်၊ အထိအတွေ့ကို မက်မောတမ်းတတာကို ဘာတတ်နိုင်မှာတဲ့လဲ။ အဓိကဟာ အဓိကပဲမို့ သီခြားတစ်ဘာသာစီပင်။ ရွှေတွေငွေတွေ ဆင်မြန်းပြီးမှ ယောကျ်ားဆီ သွားချင်တဲ့ ခေတ်သူရဲကောင်းမလေးတွေချည်းပင် မဟုတ်လား။ လင်သားမရှိဘဲ မတင့်တယ်တာကိုလဲ မွေးမေ သိပြီးသား ဖြစ်မှာပေါ့။ သူတောင်မှ မွေးဖေနဲ့ မခွဲဘဲ တတွဲတွဲ ဘုရားသွား ကျောင်းတက်အတူ ရွှေလက်တွဲမြဲ သစ္စာခိုင်ကျဉ်နေပြီးတော့။ သူမကိုကျတော့ ကိုယ်ချင်းလဲ မစာနာရက်ပါဘဲ ခွဲရက်လေခြင်း။

တစ်နေ့ကုန် တစ်နေ့ခန်း အိပ်ရာထဲမှာ ခွေခေါက်ပြီး စိတ်ပျက်လက်ပျက် ဆန္ဒပြနေမိသည်။ မွေးဖေနဲ့မွေးမေတို့ ရှိလျှင် အိမ်ပြင်ထွက်



www.burmeseclassic.com

ထမင်းမစားဘဲ ပေပြီးအိပ်နေလိုက်သည်မှာ ရောက်စကထက် လေးငါးပေါင်လောက် တက်ပြီး မျက်နှာပင် ဝပြလာလေပြီ။ အဖေတို့ အမေတို့ အပြင်ဘက် သွားလာမှ မီးဖိုချောင် အသာသွား၍ တူမတွေ၊ ယောက်မတွေကို ကပ်ကာ ထမင်းခူးခိုင်းရသည်။ ဒီတော့မှ အလစ်ချောင်းပြီး ဆာဆာနဲ့ လိမ့်တွယ်ရတော့သည်။

တကယ်တော့လည်း ဘယ်သူ့ဘယ်သူမှာမှ အပြစ်မရှိကြပါဘူး။ သူတို့လင်မယား ဧည့်နှင်နည်းတွေ စတန့်ထွင်လိုက်တာ လက်စလက်န များသွားလို့သာ ယခုလို ဖြစ်ရတာပါ။ လင်နဲ့ဒါနဲ့ ဒါနဲ့လင်နဲ့ သပွတ်အူလို ပတ်ရှုပ်ထွေးခဲ့ရသမျှ လင်ဒါရှုံးဖို့ အကြောင်းဖန်လာခဲ့ချေပြီ။

သစ်ရိပ်ဝါးရိပ်တွေနဲ့ အုံ့အုံ့မှိုင်းပျပျ တောတန်းစိမ်းစိုစိုတွေကလဲ ဘဝင်ကို မစိုပြေနိုင်တော့ဘူး။ အေးမြငြိမ်းချမ်းတဲ့ အမေ့ရင်ခွင်၊ အမေ့အိမ်ရိပ်မှပင် ချစ်သူနဲ့ ကွန်းခိုခဲ့ရာ အိမ်ကလေးကို တမ်းတနေမိတာကလဲ အခက်သားပင်။ ဘယ်လိုမှ မမြင်နိုင် မသိနိုင်သော အံ့ဖွယ်ဆန်းကြယ်သော ထူးခြားသည့် စိတ်လှုပ်ရှားခံစားမှုဖြင့် လစ်ဟာခြောက်သယောင်းနေမိသည်။ မျှော်ကိုးရည်ရွယ်၍ ပြန်ဆုံတွေ့ချင်တဲ့ နွေးထွေးမှုကိုသာ ပြည့်စုံကြွယ်ဝမှုတွေ ပုံပိုးထားလင့်ကစား သူမကတော့ သူ့စကားသံလေး၊ သူ့ဂရုပြုမှုလေး၊ သူ့အကြည့်လေးတွေကိုသာ လိုလားနေဆဲပင်။ သူ့ပခုံးမှာ မှီနွဲ့ပြီး သူ့ရင်ခွင်မှာ မျက်နှာအပ်ထားချင်စိတ်ကသာ အစိုးမရ ကြီးမားအုပ်လွှမ်းလို့ နေတော့သည်။

တစ်မိုးလုံး အုံ့ပျ မည်းမှောင်နေပေမယ့် ရင်ထဲမှာ နေဆယ်စင်းမက ထွန်းလင်းလာသလို ပူလောင်မွန်းကျပ်နေရသည်။ ဒီဒဏ်ရာအလွမ်းနာကို ဘယ်လိုဖြေလို့ ပြေနိုင်ပါတော့မလဲ။ အချစ်နှင့် သင့်တင့်ရက်သားနဲ့ မသင့်မတင့်သော ဝန်းကျင်အနှောင့်အယှက်ကြောင့် လွှင့်လျား မဆုံစည်း ကွဲကွာရတဲ့အဖြစ်ဆိုးမျိုး မြန်မြန်ကုန်စေချင်လှပြီ။





လင်တော်မောင်တစ်ယောက်တော့ ဘယ်ဆီ ပြေးထွက်ကာ ဘာတွေများ ဖြစ်နေပြီမသိ။ သူမကို သတိမှပင် ရသေးရဲ့လား တွေးမှကာ ဗျာများလာရပြန်သည်။ သူမကတော့ သူ့ဘက်မှ အသိုင်းအဝိုင်းတွေ ဘယ်လိုပင် တားဆီးနှောင့်ယှက် ဖျက်ကြပါစေ။ အကြင်နာမေတ္တာ မပျက်ပြယ် တခုတ်တရ မြတ်နိုးတွယ်တာစွာ ချစ်နေရဆဲပင်။ ဒါတွေ သူသိတန်ကောင်းပါရဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



# NAG

မနေသာတော့သည့် ဖိုးဆိုချင် မိုက်ခဲများပင် လေညာက အသေအချာ ကြေငြာရသေးတာပဲ။ သူလဲ မိယဉ်နဲ့ တွေ့ဖို့အရေး လက်မနေးဘဲ ကြံဆောင်မိတာပေါ့။ မိယဉ်ရဲ့ရွာကို သူလိုက်သွားပြီး မိယဉ်သွားတတ်လာတတ်တဲ့နေရာတွေမှာ လျှောက်ပြီးရှာရတာပေါ့။ ရွာထဲကိုတော့ အရမ်းစွတ်ပြီး သူ မဝင်ရဲသေးဘူး။ တော်နေကြာ သူ့ကို မြင်ဖူးတွေ့ဖူးထားတဲ့ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းက ရိပ်မိသွားရင် နီးလိုလျက်နဲ့ ဝေးသွားနိုင်ပေသည်။ သူတို့အဖြစ်ကလဲ ညားပြီးကာမှ ချစ်သူတွေလို မြင်ရဆုံရ ကြုံရဖို့အရေး ကြံစည်နေရသည်။ ပြောင်းပြန် ဖောက်ထိုးကြီး ဖြစ်နေလေတော့သည်မှာ ပြောမယုံ ကြုံဖူးမှ သိမည့်အခြေအနေ။

မိယဉ်ကို နွားပွဲဈေးနေ့မှာ စောင့်ပြီးရှာမိသည်။ ဈေးနေ့မတိုင်





ခင်ကလည်း ပင်ပန်းဆင်းရဲကြီးစွာ ညဘက် တိတ်တဆိတ် ချဉ်းကပ်၍ အိမ်အနားမှာ ရစ်သီရစ်ဝဲ မသိမသာ ကပ်ရှိုးခဲ့ရပါသည်။ အခြေအနေက ဘာတစ်ခုမှ ထူးခြားမလာပေ။ မိယဉ် မပြောနှင့်။ ယင်တစ်ကောင်ခြင်တမြီးမှပင် မတွေ့ရပေ။

သူကတော့ အဆင်တပြေ လိုက်လျောညီထွေဖြစ်အောင် ဘုန်းကြီးကျောင်းမှာ လျှောက်ထားပြီး တည်းရသည်။ တီးခေါက် မေးစမ်းကြည့်တော့မှ သိရတာက မိယဉ်အား အိမ်ထဲမှအိမ်ပြင် ပေးမထွက်၊ စိတ်ရှုပ်ထွေးခြင်း၊ ရှက်ရွံ့ခြင်းတို့ကြောင့် ပေတေလှိမ့်ပိန့်ပြီး အခွဲ့တိုက်နေရဟန် တူသည်။

စနစ်တကျ အကွက်မိမိ အချိတ်အဆက်ရဖို့ အထူးလိုအပ်သည် မဟုတ်ပါလား။ မျှော်လင့်မထားသော ထောင့်ချိုးမှ လှမ်း၍ဆက်သွယ်ရလေသည်။ ကပ္ပိယကြီး လမ်းညွှန်သမှုဖြင့် မိယဉ်နှင့် အဆက်အသွယ် ရပါသည်။ ခိုးကြောင်ခိုးဝှက် ဇရပ်ထဲမှာ နှစ်ယောက်သားအလွမ်းသယ်ရင်း တွေ့ကြရလေသည်။

"လွမ်းလိုက်ရတာ ဒါလင်ရယ်"

"အခု ဘယ်လိုလုပ်ကြမလဲ ဒါလင်၊ အပျက်ပျက်နဲ့ နှာခေါင်းသွေး ထွက်ကုန်ပြီ၊ သပွတ်အူ ဖြစ်ကုန်ပြီ"

ခေါင်းကုတ်ပြီး စိတ်ရှုပ်ဟန်ဖြင့် မိယဉ်က မေးစမ်းလေသည်။ ဒီအခြေအနေရောက်မှတော့ ဘာလုပ်စရာ ရှိသေးလို့လဲ။ အမုန်းများနဲ့ဝေးရာအရပ်ကို ပြေးထွက်ဖို့ပဲ ကျန်တော့သည်လေ။ ချစ်သူခင်သူမြတ်နိုးသူရဲ့အသိမှာ အလိုလို ရှိပြီးသား ဖြစ်ရမှာပေါ့။

"အစ်ကိုတို့ ထွက်ပြေးရအောင် ဒါလင်ရယ်"

နှစ်ဦးသဘောတူ လက်ထပ်ထားပြီးသား၊ မိဘတွေလဲ အားမတန် မာန်လျှော့ကာ လက်ထပ်ထိမ်းမြားပေးပြီးသား။ သူတို့ ချစ်သူ လင်မယားအနေဖြင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကလဲ အသင့်ရှိပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ဒါကို လာချုပ်ချယ်ပြီး ပါဒလေရာ ဝင်လုပ်တာတော့ တဆိတ်လွန်လွန်းလှပြီ။ သူတို့နှစ်ယောက်ကလဲ ဝင်ပါချင်စရာ ကောင်းလောက်အောင် အချိုးမပြေခဲ့ကြတာကိုး။ မျက်စိနောက်လောက်အောင် မွှေနှောက်ခဲ့မိတာကိုး။ ဘေးထိုင် ဘုပြောချင်လောက်အောင် အဆီအငေါ် မတည့် ဖလန်းဖလန်းထပြီး ကျားကွက်တွေ ရွှေ့ခဲ့မိတာကိုး။

"ပြေးတာကတော့ ဟုတ်ပါပြီ၊ ဘယ်ကို ပြေးကြမှာလဲ၊ အိမ်ပြန်ပြေးရင် ဒီလိုပဲ ထပ်လာခေါ်မှာပေါ့"

"ဒါလင်ကလဲကွာ. . . ဒီတစ်ခါ သူတို့ မသိနိုင်လောက်တဲ့ ဆင်စခန်းကို သွားမယ်၊ ဆင်းစီးပြီး မြင်းရုံမယ်၊ ဒုတိယမြောက် ဟန်းနီးမွန်းခရီးထွက်ပစ်မယ်"

မိုက်ရူးရဲဆန်စွာပင် စိတ်ကူးတည့်ရာ သူလျှောက်ပြောပစ်လိုက်သည်။ အချစ်နဲ့ ကင်းကွာ၍ တာရှည်မနေလိုတော့ပါ။ ဘာဖြစ်ဖြစ် အမြန်ဆုံးပဲ နီးချင်လှပြီ။ မခွာနိုင် မခွဲရက်အောင် စွဲလန်းစေတတ်သော သို့ဝင်အားမှာ ပျော်ဝင်မက်မောနေမိပြီ။ မျောက်ကို အရက်သောက်နည်း သင်ပေးခံထားရသလို ကောင်းမှန်းသိနေပြီ။

"နေပါဦး ဒါလင်ရဲ့၊ အရမ်းကြီး စွတ်လုပ်လို့မရဘူး၊ တစ်လက်စတည်း ဖြစ်ကြောင်းကုန်စင် ရှင်းတဲ့စာတော့ ရေးပြီး ထားခဲ့ရမယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့၊ နောက်ကြောင်းအေးအောင်လို့"

"ဟာ. . . လုပ်မနေနဲ့. . . ကြာတယ်၊ မနက်ဖြန်ဟာ ဒီနေ့လောက် မသေချာဘူး၊ လာ. . . သွားစို့"

"နေပါဦး ဒါလင်ကလဲ၊ မလောပါနဲ့. . . အေးဆေးပေါ့၊ အခုလို တွေ့နေရတာလဲ ကောင်းတာပဲ၊ ဈေးဖိုးတောင် သက်သာသေးတယ်၊ နောက်ပြီး အဖေတို့က ညီမကို ဆွဲကြိုးတစ်ကုံး ပေးမယ်ပြောတယ်၊ အဟီး. . . အဲ့ဒါလေး စောင့်ပြီး သမလိုက်ဦးမယ်၊ လာမယ့်ဈေးနေ့ကျမှ ပြန်ဆုံမယ်လေ"







"ဟာကွာ. . . ဒါလင်ကလဲ၊ ဒါတွေ မက်မနေစမ်းပါနဲ့၊ အစ်ကို ဆင်ပေးမယ်ကွာ၊ ဆင်တင် မကဘူး၊ ကျားတွေ ခြင်္သေ့တွေပါ ပေးနိုင်တယ်၊ လာပါကွာ. . . လိမ္မာရက်သားနဲ့"

"ဒါလင့်ပိုက်ဆံ မကုန်စေချင်လို့ပေါ့၊ အခု ညာတာပါတေးနဲ့ ကပ်ခွဲလိုက်မယ်ကွာ၊ ဈေးနေ့ရောက်ဖို့ကလဲ သုံးရက်လောက်ပဲလို တော့တာ၊ ခဏလေးပါကွာ. . နော်. . နော်လို့"



www.burmeseclassic.com

www.burmeseclassic.com



မူနွဲ့နွဲ့လေး ပြောကာ သူ့နှာခေါင်းကို လက်ညှိုးဖြင့် ထိုးသည်။ အချွဲပိုတာနဲ့ပဲ နှလုံးသားကျောက်စိုင်ကြီး အရည်ပျော်ရပြန်ပြီ။ ရွှေငွေနဲ့ ပတ်သက်လာရင် မိန်းမသားတွေရဲ့မျက်ဝန်းဟာ အရောင်တောက်လဲ့လာတတ်တာ သဘာဝပါပဲလားနော်။ သူ သက်ပြင်းပူကြီးတစ်ချက်မှုတ်ထုတ်လိုက်ပြီး စိတ်လျှော့လိုက်ရပါသည်။

"ဒါဆို ပြီးရော. . . ဈေးနေ့ကျရင် ဒီကပဲ စောင့်နေမယ်၊ ရောက်အောင် လာခဲ့နော်"

ကာမပိုင် ကိုယ့်မိန်းမ ကိုယ်ပြန်ခိုးထုတ်ရတဲ့အဖြစ်က ရင်နင့်စရာပါလားနော်။

"ညီမ ဒါလင့်ထက် အဆတစ်ရာ အခုချက်ချင်း သာပြလိုက်ချင်သေးတယ်၊ ဒီကနေ တာဆုံကို သွားရင် ဆိုက်ကားဂိတ်ရော ကားဂိတ်မှာပါ ညီမအစ်ကိုတစ်ဝမ်းကွဲတွေချည်းပဲ ရှိတယ်၊ ဆိုက်ကားသမားတွေ ကားစပါယ်ယာတွေ"

"ဟေ. . . ဂလိုလား"

"ဟုတ်ပတော်. . . ဒါလင်ရောက်နေတာကိုလဲ တစ်ရွာလုံးက သိတယ်၊ ဒီအရေးကို ကြိုမြင်လို့ အမေကတောင် ရုပ်ရှင်ထဲကလို နေမကောင်းချင်ဟန်ဆောင်နေသေးတယ်"

"ဟုတ်လား. . ဘာတဲ့. . နှစ်လုံး သုံးလုံးရောဂါလား"

အံ့သြတကြီး ရေရွတ်၊ ဂုတ်ပုကာ မေးမိသည်။

"မဟုတ်ဘူး. . လေသံကြားဖမ်းတရားနာ အိပ်ချပ်ပိုး အန်(န်)ဝမ်း ပဒပ်တုပ်ကွေးရောဂါလို့ ပြောတာပဲ"

သူ တော်တော်ကြီးကို စိတ်ပျက်သွားရပါသည်။ လူကြီးများကလိမ်ကျလာရင် တော်တော် မဆီမဆိုင်ကြီးပင်ဖြစ်လေသည်။ အောင့်သီးအောင့် သက် ခံရခက်စေသည်။ ပေါ်တင်ကြီး မုသားဖြူဖြူနဲ့ လိမ်တာကို လှိမ့်ပိမ့်ခံရပါသည်။ သူ့ခေတ်ကျမှ ကြားဖူးသည်။ ပဒပ်တုပ်





ကွေးရယ်လို့။

"ငိုတောင် ငိုချင်တယ် ဒါလင်ရယ်. . . သိလား၊ မဆီမဆိုင် ပဒပ်တုပ်ကွေးရောဂါက ပါရာဂွေးနိုင်ငံက စတင်ပြီး ကူးစက်တယ်ဆိုပဲ"

စိတ်ပျက်ဖွယ်ရာ အကောင်းဆုံးအခြေအနေကို ရင်ဆိုင်နေရပါသည်။ တော်တော် မတရားတဲ့ ကံကြမ္မာပင်။ ယခုမှပဲ အခြေအနေအရိပ်အကဲအမှန်ကို သူဆင်ခြင်နိုင်တော့သည်။ လူကြီးတွေက သူတို့ထက် ခြေတစ်လှမ်း သာနေလေသည်။ ဒါကို ဘယ်လိုနည်းနဲ့ တန်ပြန်တုံ့ပြန်နိုင်မှာလဲ။ ကလိမ်ပေါ်သို့ ကကျစ်ကျရမည်လဲ မတွေးဝံ့တော့ပေ။

"အဲ့ဒါဆို အစ်ကိုတို့ ဘယ်လိုလုပ်ကြမလဲ ဒါလင်ရယ်၊ ရုံးရောက် ဂါတ်ရောက်နဲ့ အကျယ်ကျယ် ဖြစ်အောင်လဲ တရားစွဲတာတွေ ရင်ဆိုင်တာတွေ မလုပ်ချင်ဘူး"

"ညီမ ပြောသလိုသာ ခဏစောင့်ကြည့်လိုက်ပါ၊ သူတို့ပျော့ကွက်ကို ရှာပြီးမှ ဖောက်ထွက်ရမှာ"

"ကောင်းပြီလေ. . . ဒါဆိုလဲ ဒါလင့်သဘောပဲ"

အားမတန် မာန်လျှော့ကာ သူလက်လျှော့လိုက်ရပါသည်။ ဇွတ်တရွတ် ရုန်းလေ နွံမှာ ပိုကျွံလေ ဖြစ်ရမည့်အရေးမို့ မလှုပ်သာ မလူးသာ ငြိမ်နေရပါသည်။ ကျီစားသန်က ရန်များ၏ ဆိုသလိုပဲ သူတို့ အဆန်းတကြယ် ဆင်ခဲ့သော ထွင်လုံးတွေက လက်ဆများသွားသောအခါ ယခုလို ဘေးတွက်ဆိုးကျိုးတွေ ကြုံလာရလေတော့သည်။

အလွမ်းသယ်ကာ အနမ်းဖလှယ်မိကြသည်။ ဘိုထီးရဲ့သီချင်းကိုပင် သူ တိုးတိုးသက်သာ ညည်းညူမိလေသည်။

"ပျံသန်းတဲ့ငှက်ကို သူတို့မို့ ဖမ်းချင်တာ ××× ဆုံစည်းမယ့်ဘဝကို ××× သူတို့မို့ တားချင်တာ ×××× ချစ်တဲ့ကောင်းကင်ရဲ့လွတ်လပ်မှုကိုရှာ ×××× "

အတန်တန် ထိန်းမတ်နေသည့်ကြားမှ မျက်ဝန်းမှ မျက်ရည်တို့



www.burmeseclassic.com

www.burmeseclassic.com



စီးဖြာကျလာသည်။ သူမပါးပြင်မှ မျက်ရည်လေးများကို တယုတယ သုတ်ပေးမိသည်။ စိတ်အစဥ်မှာ စိုးနှောင့် ဗျာပါဝွေရင်း သူမက တတွတ်တွတ် မှာသည်။

"စိတ်လိုက်မာန်ပါ မလုပ်နဲ့နော်၊ အရာရာ သတိထားပါ ဒါလင်ရယ်. . . ခြေလှမ်းမမှားစေနဲ့နော်"

သူမ စိတ်ချမ်းမြေ့ရအောင် ခေါင်းညိတ်ပြီး နှစ်သိမ့်လိုက်ရပါသည်။ ချစ်နေရက်နဲ့များ ရေခံမြေခံ သဘာဝ ဝန်းကျင် သူမ ဆွေမျိုးအသိုင်းအဝိုင်းတွေ မကောင်းလေတော့ နီးရက်နဲ့ ဝေးရပြီ။ သူ့ပတ်ဝန်းကျင် မကောင်းတာတော့ ထည့်မပြောလိုပါဘူး။ ကိုယ့်ဘက် ကိုယ်ယက်ပြီး ဖာပေးရတာ လူ့သဘာဝပဲ မဟုတ်လား။

"အဲ့ဒီအတွက်တော့ မပူပါနဲ့ ဒါလင်ရယ်၊ မင်းအစ်ကိုတွေရဲ့ လက်စလက်န ဘယ်လောက်ရှိလဲဆိုတာ ကပ္ပိယကြီး ပြောပြထားလို့ သိပြီးသားပါကွ၊ အဲ့လောက်လဲ မောင်ယဉ်တို့က မအသေးပါဘူး"

"မအ,ဘူးသာ ပြောတယ်၊ ဒါလင် လုပ်ပေါက်က ကားဂိတ်နဲ့ ဆိုက်ကားဂိတ် နှစ်ဂိတ်လုံး သိကုန်ပြီ"

"အင်း. . . အဲ့ဒါကတော့ ဒါလင်မှ ပြောမထားဘဲနဲ့. . . သိဘူးလေ"

သူမအစ်ကိုတွေ "ဇ" က အဲ့ဒီလို ရှိတာ၊ မိန်းမကိုမရ လက်သိပ်ထိုးပြီး တစ်အိမ်လုံး သိအောင် သွားဖွတာလား၊ အစက သတိမထားမိဘဲ ဘုမသိ ဘမသိ ချစ်ခဲ့၊ ငြိမ့်ခဲ့၊ လက်ထပ်ပေါင်းသင်းခဲ့မိတဲ့ မိန်းမ။ အခုမှ ဂမ္ဘာန်တစ်ထောင် စောင့်ကြပ်တဲ့ နတ်ပန်း အာသာဝတီနွယ်မှန်း သိရတော့သည်။ လောကကြီးက မြူစိစိနဲ့ နေရထိုင်ရ တော်တော်ကျပ်လှပါကလားနော်။

"ဒါလင့်ကို အမြဲတမ်း သတိရတယ်၊ အမြဲတမ်း ချစ်နေမယ်နော်"





"ဒါလင်ရယ်. . ကျုပ်ကလဲ အမြဲတမ်း လွမ်းရတာပါပဲ၊ ထာဝရ မြတ်နိုးစိတ်နဲ့ မျှော်နေရတာပါပဲ"

တင်းကျပ်စွာ ဖက်တွယ်ထားရာမှ သူမက လက်တွေကို သပ်ယ်လိုက်ပြီး ရုန်းထွက်သည်။ လက်ဖဝါးလေးကို ဆုံးရှုံးစွန့်လွှတ်ရမှာ ကြောက်လန့်သဖြင့် ဆုပ်ကိုင်ထားမိဆဲပင် ရှိသေးသည်။

"လွှတ်တော့ ဒါလင်ရယ်၊ အိမ်က ထွက်လာတာ ကြာပြီ၊ အိမ်မှာ ခြေငြိမ်ပြနေတာ ရိပ်မိသွားရင် မကောင်းဘူး"

ချွဲနွဲ့ချော့မော့ပြောသော ဇနီးချောရဲ့ချစ်ခွန်းမှဲ့ လေသံပျော့တော့မှ ယစ်မူးပျော်ဝင်ရပြီ။

"သွားပါတော့ ဒါလင်၊ အစ်ကိုတို့ ပြန်လည်ဆုံစည်းခွင့် ရဖို့အရေး အချိန်တိုင်း သတိတရနဲ့ ဆုတောင်းနေပါ့မယ်"

မချိတင်ကဲ ပြောပြီး သူ့လက်ကလေးကို ဖြေလျှော့လွှတ်ပေးလိုက်ပါသည်။ စိတ်မကောင်းခြင်းကြီးစွာဖြင့်ပင် မျက်နှာလွှဲ၍ သူမရပ်ထဲမှ ပြေးထွက်သွားပါသည်။ ဒီလိုပြေးထွက်သွားသည့်အတိုင်း သူ့ရင်ခွင်ထဲကို ပြန်လည်ပြေးဝင်လာမည့်အချိန်ကိုသာ မျှော်လင့်ရင်းမောရပါတော့မည်။ မျက်စိတစ်ဆုံး သူမကို လိုက်လံငေးမောကြည့်ရင်း နှမြောတသမိလာသည်။ လွမ်းဆွတ်ကြေကွဲစိတ်တွေသာ ကြီးစိုးလာခဲ့ပါသည်။ တစ်ဆို့ဆို့ လွမ်းမောခြင်းကို မျိုသိပ်ရန်အလို့ငှါ တံတွေးမျိုချမိသည်။ ရင်ထဲမှာ မချိမဆန့် နာကျင်ရအောင် အလွမ်းဒဏ်ရာ ထိရှကာမျိုမကျပေ။ အခုတော့ ဘာများတတ်နိုင်ဦးမှာလဲ။ တူနှစ်ကိုယ် ယှဉ်တွဲပေါင်းဖက်ခွင့်ရရေးအတွက် မြတ်ဘုရားထံပါးနှင့် နတ်ကောင်းနတ်မြတ်တွေအပါး ခစားပြီး နားပူနားဆာ လုပ်ရတော့မှာပဲ။

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



LADING

ပျော်တတ်နောက်တတ်သော အငယ်ဆုံး ဦးလေးလူပျိုကြီးနှင့်တကွ မှော်ကာနှင့် ငြိမ်းချမ်းတို့ပါ သူ့နောက်လိုက်လာသည်။ စိုးရိမ်မကင်းသော မျက်နှာများဖြင့် အမောတကော။

"ဟော့ကောင် ငြိမ်းချမ်း၊ မင်းမိန်းမကို ဘယ်မှာထားခဲ့လဲ၊ သူရော ပါမလာဘူးလား"

"ပါလာတယ်လေ. . . သူ့ကို ရွာထဲ လွှတ်လိုက်ပြီ၊ မိယဉ်အိမ်မှာ သွားတည်းခိုင်းလိုက်ပြီ"

"နို့. . . လေးလေးကောင်းစံတို့ကရော ဘာလို့ လိုက်လာတာလဲဗျာ၊ အလုပ်မရှိ အလုပ်ရှာလို့"

"ဟကောင်ရ. . . ငါက အားအားယားယား လိုက်ရမှာလား





ကွ၊ မင်းအမေ ငါ့အစ်မက သေလုမတတ် စိုးရိမ်လို့ မင်း အိမ်က ထွက်သွားကတည်းက ငါ့လိုက်ခိုင်းတာပေါ့"

"လေးလေးလဲ သိမှာပေါ့၊ ကျွန်တော်တို့က ဒီဖွတ်ကြား ဝင်နှောင့်ယှက်လို့ ဖြစ်ရတာ"

"မသိဘူးလေ. . . ငါလဲ အဟုတ်တကယ်မှတ်လို့ပေါ့"

မှော်ကာကြီးက ရက်ရယ်,ရယ်ကာ ခေါင်းကုတ်လေသည်။ သူ မြင်ပြင်းကတ်လှစွာ ဘုရှိုး,ရှိုးလိုက်ပါသည်။ လေးလေးကောင်းစံက ကိုယ်ချင်းစာနာ ဖေးမစွာ ကြည့်ပြီး သူ့ကို မေးသည်။

"မင်းယောက္ခမတွေက ဘာတွေလုပ်လို့ ဒီလောက်ကြီးကျယ်ပြီး သွေးကြီးနေတာလဲကွ"

"အလကား ဆန်ကုန်မြေလေးတွေပါဗျာ၊ သမီးလဲ ဒီတစ်ယောက်ပဲ မွေးဖူးတယ် ထင်ပါရဲ့ဗျာ၊ ဉစ္စာခြောက်လိုက်ကြတာ၊ သေရင်ပါသွားမှာ ကျနေတာပဲ"

"သမီးဆိုလို့ ဒီတစ်ယောက်ပဲ ရှိတော့ နှမြောချစ်နဲ့ ချစ်ရှာမှာပေါ့ကွာ၊ သူတို့ မလွန်ပါဘူး"

လေးလေးကောင်းစံ အရေးထဲမှာ တရားမျှတစွာ ဖြည့်တွေးနေပြန်သေးသည်။ အဲ့ဒီလို အဖြည့်ခံ လုပ်လွန်းလို့ အခုချိန်ထိ လူပျိုကြီးဖြစ်နေတာသာ ကြည့်တော့။ သူမျက်မှောင်ကုတ်ကာ မကျေမချမ်းဖြင့် ပြန်ပြောမိသည်။

"ဘာလို့ မလွန်ရမှာလဲ၊ လေးလေးက ဘာသိလို့လဲ၊ သူတို့က ဒီသမီးလေးတစ်ယောက် ဇန်းပြပြီး အရပ်တကာလှည့် မျက်နှာပွင့်ပြနေရတာ"

မှော်ကြီးနဲ့ငြိမ်းချမ်းကတော့ သူတို့တူဝရီး အခြေအတင် အပြန်အလှန် ပြောနေသောစကားတွေကိုသာ စိတ်ဝင်တစား အငြိမ်းကလေး နားထောင်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ထားပါတော့ကွာ၊ ဒါဖြင့်ရင် သူတို့သမီးလေးကရော ဘယ်လောက်အသုံးဝင်လို့လဲ၊ အဲ. . . မင်းမိန်းမ ဘာများ လုပ်တတ်ကိုင်တတ် အရေးပါလို့လဲ"

"ဘာမှ အရေးမပါဘူး၊ အသုံးမကျဘူး၊ ကျွန်တော့်အားကိုးနဲ့ ဖူးစာစွံပြီး ကံပေါ်လို့ အားလုံးက မက်မောချင်စရာ၊ နှမြောစရာ ကောင်းသွားတာ"

လေးလေးကောင်းစံ သူ့အဖြေကြောင့် ခေါင်းတဆတ်ဆတ် ညိတ်ရင်း ဆက်မေးပါသည်။

"ကောင်းပါပြီကွာ. . . မင်းယောက္ခမတွေက သမီးကြောင့် မျက်နှာပွင့်ရတယ်၊ သူတို့သမီး မင်းမိန်းမကလည်း မင်းကြောင့် ဂုဏ်ရောင် ပြောင်ရတယ်"

"ဒါပဲလေ. . . ဒါပေါ့၊ ဒီလိုပဲ ဖြစ်ရမှာပေါ့"

သူ အားတက်သရော ထောက်ခံစကားကို မြောက်ကြွမြောက်ကြွဖြင့် ဆိုလိုက်မိသည်။ လေးလေးက သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ အငိုက်ဖမ်းပြီး မေးတော့သည်။

"မင်းကရော ဘာတွေများ စွမ်းစွမ်းတမံ ထူးချွန်နေလို့လဲ၊ ဘာများ မက်မောလောက်စရာရှိလို့လဲ"

"အယ်. . ."

သူ အကျပ်ရိုက်ကာ နှုတ်ဆွံ့အသွားရပါသည်။ အခုမှ တကယ့်ကို အီလည်လည် ဖြစ်ရတာ။

"မရှိပါဘူး. . . သားမှာလဲ ဘာတစ်ခုမှ မရှိဘူး၊ အားလုံး မိဘ စည်းစိမ် အစွမ်းအစနဲ့ ရပ်တည်နေရတာပဲ"

မချိသွားဖြပြီး ဖြေလိုက်ရသဖြင့် လေးလေး ခေါင်းကုတ်ပြီး စိတ်ပျက်ညစ်ညူးသွားရလေသည်။

"မင်းဟာက ဘာထူးသေးလို့လဲကွာ၊ မင်းအမေ မအေးလေး





စိတ်ပူမယ်ဆိုရင်လဲ ပူစရာပဲကိုးကွ. . . ခွီးမှပဲ"

ဟိုနှစ်ကောင်က နောက်မှာ ခပ်တည်တည်နဲ့ အငြိမ်မနေကြ။ လှောင်သလို ပြောင်သလို ဝင်ပြီး ရောကောသောကော ပြုံးကြသေးသည်။ ဘယ်လိုအမနာပကောင်တွေပါလိမ့်နော်။ ဂျလည်ကျတဲ့ကောင်တွေ။ သူကလဲ သူ့လေးလေး ပြောချင်စရာကို ဖြစ်လို့နေတော့သည်။

"ငါ့တူ မောင်ယဉ်. . . မင်းကို လေးလေး လာခေါ်တာ၊ ငါ့အစ်မက မင်း မပါဘဲ ပြန်မလာနဲ့လို့ ရာဇသံ ပေးလိုက်တယ်၊ ပြန်လိုက်ခဲ့ပါကွာ. . . လိမ္မာရက်သားနဲ့"

ချောမော့ဖျောင်းဖျ၍ သူ့ကို အချိုသတ် ခေါ်လေသည်။ ဒီလိုနေရာမျိုးမှာတော့ ဟိုငမိုက်သားနှစ်ကောင်က ဘာတစ်ခုမှ ဝင်ရောက်ဘားတီးပေးခြင်း မရှိ။ သူတို့ ဝင်ပံ့လှော်ရင် အပ်နဲ့ ထွင်းရမှာကို ပုဆိန်နဲ့ ပေါက်သလို ဖြစ်တော့မှာကိုလဲ သိလောက်ရောပေါ့လေ။

"သား မလိုက်ပါရစေနဲ့ လေးလေးရယ်၊ သားကို အသက်ရှင်လျက်နဲ့ လေးလေး ပြန်ခေါ်လို့ရမယ် မထင်ပါနဲ့"

သူ ပြတ်ပြတ်သားသားပင် ရဲဝံ့စွာ ပြောလိုက်သည်။ အချစ်စိတ်က ငယ်ထိပ်တက်ကာ မှန်ထူနေပြီ မဟုတ်လား။ ဒါကို အရက်သမားလူပျိုကြီးလေးလေး သိဖို့ ခဲယဉ်းလေစွ။

အသာတကြည် ချော့မော့၍ ခေါ်ရနိုင်ဟန် မတူလေတော့ လေးလေးဘက်က စိတ်လျှော့သွားသည်။

"မင်း စိတ်မပါဘဲ အတင်းအကျပ်ကြီး လေးလေး မစီစဉ်ပါဘူးကွ၊ တူတွေ တူမတွေထဲမှာ လေးလေးက မင်းကို အချစ်ဆုံးပဲ ဖြစ်နေမှကိုးကွ၊ မင်းမပါဘဲ လေးလေး မပြန်ဘူး၊ မင်းပါမှ ပြန်မယ်၊ မင်း ပါအောင်လဲ ဝမ်းနှုတ်ဆေး ကျွေးမယ်"

"ဟာဗျာ. . . လေးလေး ပိန္နောဆေးတွေနဲ့ ကလိမ်မကျစေပြနော်၊ ကျွန်တော်က ဘာကျွေးကျွေး မစားဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ အကြောက်ကြောက် အကန်ကန် ငြင်းဆိုချက်ထုတ်ကာ ပြောင်ဖွင့်ပြောပစ်လိုက်သည်။

"အလကား နောက်တာပါ ငါ့တူရာ၊ မင်း မပါ,ပါအောင် မင့် မိန်းမကို အရင်ပါလာအောင် လေးလေးကူညီမယ်"

"ဟင်. . . တကယ်ပြောတာလား လေးလေး"

"တကယ်ပြောတာပေါ့ကွာ. . . မင်းရဲ့ရိုးသားတဲ့ မျက်ဝန်းလေးတွေကို ကြည့်ပြီး လေးလေး ကိုယ်ချင်းစာမိတယ်၊ မင့်မိန်းမ မပါမချင်း ဒီမှာပဲ အတူနေပြီး ကူညီမယ်"

ဆရာတော်ဘုရားတော့ မျက်ခုံးလှုပ်လောက်ပြီ ထင်ပါရဲ့။ အစက သူတစ်ယောက်တည်း။ အခုတော့ ပါးစပ်နှစ်ပေါက်နဲ့ ဖျာနှစ်ချပ်စာ တိုးလာခဲ့ချေပြီ။ လေးလေးကောင်းစံက ဆွေးမြေ့ကြေကွဲသွားဟန် မျက်ဝန်းများဖြင့် အဝေးကို ငေးရင်း ဖြေးဖြေးလေးလေးကြီး ပြောလေသည်။

"တကယ်တော့ မင်းမှာ ကိုယ်ပိုင်အစွမ်းအစ ရှိပြီးသားပါကွာ၊ မင်း ရင်ဆိုင်ရမယ့် အသိုင်းအဝိုင်း၊ ဝန်းကျင်ကို အဲ့ဒါနဲ့ မင်း ယှဉ်ပြိုင် ရင်ဆိုင် အနိုင်ယူရမှာကွ"

"လေးလေးကလဲ လာနောက်နေပြန်ပြီ၊ သားမှာ လောလောဆယ် အလုပ်မရှိ အကိုင်မရှိ မိဘလုပ်စာ ထိုင်စားနေတာ၊ မိဘအမွေနဲ့ ရပ်တည်နေတာ၊ ဘာအစွမ်းအစ ရှိလို့လဲ"

လေးလေးက သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ နှုတ်ခမ်းတပြင့်ပြင့်ဖြင့် အချိန်ယူနေသေးသည်။

"ရှိတယ်. . . မင်းမှာ ရှိတယ်၊ အဲ့ဒါဟာ ဘာလဲဆိုတော့ မေတ္တာပဲ၊ မေတ္တာထားပြီး အနိုင်ယူရမယ်၊ မေတ္တာတရားဟူသော အရာရာကို အနိုင်ပိုင်း အောင်နိုင်စေမှာပဲ"

သူ့မျက်လုံးများ အရောင်ဝင်းလက် တောက်ပသွားရလေပြီ။ တစ်ချိန်လုံး အထင်သေးကာ အဖက်မလုပ်ခဲ့သော အရက်သမား လူပျို





သိုးကြီးပါးစပ်က တန်ဖိုးရှိသောစကား ထွက်လာလေသည်။ အရူးပါးစပ်က နတ်စကား ထွက်သလို သူ့အတွက် အသုံးတည့်သော ဆေးတစ်ခွက်ပင်။

"သူတို့ဘက်က မင်းအပေါ်မှာ ဘယ်လောက်ပဲ အကြင်နာ မေတ္တာပျက်ပျက် မင်းဘက်က မပျက်ဖို့လိုတယ်"

"ဟုတ်တယ် မောင်ယဉ်၊ မင်းဘက်မှာ မင်းမိန်းမတစ်ယောက်လုံး ရှိထားပြီးသားလေကွ"

"လက်ဝယ်ပိုင်ပိုင် ရထားတာ မဟုတ်ပေမယ့် သူ့နှလုံးသားကို မင်း ရထားတာပဲကွာ၊ ငါတို့ ကူညီမယ်"

ထင်ရာစိုင်း သူငယ်ချင်းများကလဲ အားတက်သရော ဝိုင်းဝန်းအားပေးကြပါသည်။ သူတို့ကူညီတာ ဝိုင်းသမ,မှာကိုတော့ ခပ်လန့်လန့်ပင်။

"နေစမ်းပါ ဖေသန်းရာ၊ မင်းပေးတဲ့ ကြက်ဥ မနှစ်ကလဲ အဆန်ချောင်တွေချည်းပဲ"

"အကြီးကောင်ကလဲကွာ. . . ဒါက စေတနာ အမှားလေးတွေပါကွ၊ မေတ္တာရှေ့ထားပြီး မှားမိကြတာပါ၊ ဒီတစ်ခါ စိတ်ချ၊ အဲ့ဒါမျိုး မဖြစ်စေရတော့ဘူး"

ရှုပ်ပြာသလဲ အမူအရာဖြင့် မော့ကြီးက ပြောလေသည်။ အစ်ကိုကြီးတို့ ရောက်လာမှပဲ ကျွန်မတို့ရွာလေး ဟိုဒင်းဖြစ်ရောဆိုတာထက် ဆိုးသွားနိုင်လောက်သည်။ မြွေခြောက် ဆယ့်နှစ်ကောင် အနားလာပြီး တွန်နေသလို ခံစားနေရသည်။ ဒီတစ်ခါတော့ လှုပ်လေမြုပ်လေ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ပေ။ မကူညီချင်နေ မနှောင့်ယှက်နဲ့လို့ ပြောရမည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသော. . ဖေဖေ့ ပေါက်သံကို အတိုင်းသားကြားနေရသည်။ ခြေလှမ်းဖော့ဖော့ ခြေသံ ဖွဖွနှင်းကာ တံခါးမကြီးဆီသို့ သူမ လျှောက်လှမ်းလာခဲ့ပါသည်။

မှောင်ထဲမှာ တံခါးမကြီးကို စမ်းထိမိသည်။ လက်ကို ညင်သာစွာထိကပ်၍ တံခါးဂျက်(မင်းတုံး)ဆီ ပွတ်သပ်ရွေ့ယူပါသည်။ ဂျက်ကို စမ်းမိကာမှ အသာအယာလေး လှည့်ကာ အသံမမြည်အောင် ဖြုတ်ရသည်။ ဂျက်ဖြုတ်ကျသွားသော တံခါးကို အသာလေး ဆွဲ၍ တံခါးကို ဖွင့်ဟလိုက်သည်။ ကြည်စင်ဝင်းလဲ့ တောက်ပသော မျက်နှာထားဖြင့် အိမ်ရှေ့ကပြင်မှာ ထိုင်နေသော မေမေ့ကို ဘွားကနဲ တွေ့လိုက်ရသဖြင့် ထိတ်လန့်တုန် လှုပ်သွားရသည်။

"ဟင်. . . အမေ"

"သမီး. . . ဘယ်သွားမလို့လဲ"

အေးစက်တည်ငြိမ်သော လေသံဖြင့် မေမေက ဆန်းစစ် မေးမြန်းလေသည်။





"သမီး အပေါ့သွားချင်လို့ပါ အမေ"

"အပေါ့သွားတာက အိမ်ရှေ့ပေါက်က ဆင်းရသလားအမိုက်မရယ်၊ မှန်မှန်ပြော. . . ညည်း ဟိုအကောင်နောက် လိုက်မလို့မို့လား"

သူမ ဘယ်လိုမှ မငြင်းသာပေ။ မွေးမေမိခင်က သူမထက် နှစ်ဆကွက်ကျော်မြင်နေသည်။ ဒီလိုမှန်းသိရင် အိမ်ရှေ့ပေါက်က မဆင်းဘဲ နောက်ဖေးပေါက်မှ ဆင်းပါရဲ့။ အခုတော့ ဟုတ်တိုင်းမှန်ရာသာ ဖွင့်ပြောလိုက်ရတော့သည်။

"ဟုတ်တယ် အမေ၊ သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့တော့၊ သမီး သင်နောက် ကောက်ကောက်ပါအောင် လိုက်သွားပါရစေ"

"အို. . . ညည်း မလိုက်ရဘူး၊ အဲ့ဒီအကောင်က ဘာများ ကောင်းနေလို့လဲ၊ ညည်းအပေါ်မှာ ငါ့အမေထက် ဘယ်သူက ပိုကောင်းနိုင်မှာမို့လဲ"

အမေက အမေပဲ။ ယောက်ျားက ယောက်ျားပဲလေ။ "အမေ ကောင်မှ လင်ကွဲမယားကွဲ နေတတ်လို့လား" ဟုတော့ သူမ ငေါ့ပြီး မမေးမိပါ။ လွှတ်ကနဲ ပြောမိတော့မည့်ပါးစပ်ကိုသာ အချိန်မီ ဘရိတ်အုပ်ကာ နှုတ်ပိတ်ထားရသည်။

"ညည်းစဉ်းစားကြည့်စမ်း မိယဉ်၊ သူ့အသိုင်းအဝိုင်းက ဒီလောက် နှစ်ပြားမတန်အောင် မှိုချိုးမျှစ်ချိုး ပြောထားတာ၊ အဲ့ဒါကို ထပ်သွားချင်သေးလား"

"သွားချင်တယ် အမေ၊ ကျုပ် အခုပေါင်းမှာက အသိုင်းအဝိုင်းနဲ့ မဟုတ်ဘူး၊ သူနဲ့ ပေါင်းရမှာ"

"အသိခေါက်ခက် အဝင်နက်လိုက်တာအေ၊ မသွားရဘူး. . . ဘယ်နည်းနဲ့မှ သွားခွင့်မပြုနိုင်ဘူး"

မေမေက တစ်ထစ်ချ ပြတ်သားစွာ တားဆီးပိတ်ဆို့ ပြောဆိုလေသည်။ သူ လက်အုပ်ကလေး ချီကာ မျက်ရည်လည်ရွဲဖြင့် တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန် ခယမိတော့သည်။

"သွားပါရစေ အမေ၊ ကျုပ်လင်နောက်ကိုပဲ တရားဝင် ယူထားပြီးသားကြီးနောက်ကို တရားဝင် ပြန်လိုက်ပါရစေ"

မေမေက ကရုဏာသက်မိမှာ စိုးရိမ်ဟန်ဖြင့် မျက်လုံးစုံမှိတ် မျက်နှာလွှဲဖယ်ကာ တားလေသည်။

"မလိုက်ရဘူး. . . လုံးဝမလိုက်ရဘူး၊ ညည်းသတ္တိရှိရင် လိုက်ရဲ လိုက်ကြည့်၊ ညည်းလိုက်တာနဲ့ ကျုပ်လဲ ညည်းလင်နောက် လိုက်လာမှာပဲ"

မေမေ့ပြောစကားကြောင့် သူမ မျက်လုံးမျက်ဆန် ပြူးရလေတော့သည်။ မေမေ့ရဲ့သမီးဖေနဲ့ ပြောလိုက်တဲ့စကားကြီးက တစ်မျိုးကြီးဖြစ်ကာ ဘယ်ရောက်လို့ ဘယ်အထိ ပေါက်နေပါလိမ့်။ သူမ စိုးရိမ်ပူပန်ချင်စရာ။

"ဟော. . . ဒါတော့ မဖြစ်ဘူး၊ အမေပါ လိုက်မယ်ဆိုရင် မဖြစ်ဘူး၊ ကျုပ်ယောက်ျားက မိန်းမရော ယောက္ခမပါ နှစ်ယောက်စာ လုပ်ကျွေးနေရလိမ့်မယ်"

"ကျွေးပစေပေါ့. . . သူတကယ်ချစ်ရင် ဝတ္တရားရှိတဲ့အတိုင်း တာဝန်ယူရမှာပဲပေါ့"

မေမေက အထက်စီး ရသွားတဲ့လေသံနဲ့ ခပ်ရွတ်ရွတ်ပင် ဘုတောတော ပြောလေသည်။

"မလိုက်နဲ့ဆိုလဲ မလိုက်ပါဘူး အမေရယ်၊ ကျုပ်ပယောဂ မကင်းအောင်တော့ မလုပ်ပါနဲ့၊ ကျုပ်လင် ပင်ပန်းမှာကိုတော့ မကြည့်ရက်ပါဘူး"

"ဖွတ်မ. . . ညည်းလင်အတွက်ကျတော့ သိတတ်လိုက်တာ၊ ရတယ်လေ. . . ညည်းမလိုက်ချင်လဲနေ၊ ကျုပ်ပဲ လိုက်သွားမယ်"

"အမေရယ်. . . အဲ့ဒီလိုတော့ မညစ်ကောင်းပါဘူး၊ အမေ့မှာ





လဲ အဖေငုတ်တုတ်ကြီး ရှိနေတဲ့ဟာ၊ သမီးဟာကိုတော့ လာမလုနဲ့နော်"

"ရှိရှိဟာ. . . ဘာဖြစ်လဲ၊ ညည်းတောင်မှ လိုက်ချင်သေးတာပဲ ငါလဲ ညည်းထက် ပိုရွဲ့တယ်၊ ညည်း မလိုက်ခင်ကို ကြိုပြီးလိုက်တော့မယ်"

"မလိုက်နဲ့. . . အမေ မလိုက်ရဘူး"

"လိုက်မှာပဲ. . မတားနဲ့. . လိုက်မယ်၊ ဟား. . ဟား. . ဟား၊ တို့လဲ လိုက်မယ် ချန်မထားနဲ့. . . လိုက်မယ်လိုက်မယ်"

အားပါးတရ လှောင်ရယ်ကာ မေမေက အတင်းလိုက်ရန် ဟန်ပြင်သဖြင့် သူမ အတင်းပြန်ဆွဲထားရသည်။ ရုန်းရင်းကန်ရင်း တွန်းရင်းကန်ရင်းဖြင့် လက်ချော်ကာ မေမေက လွတ်ထွက်သွားလေသည်။ အမောတကော စိုးရိမ်တကြီး သူမနောက် အပြေးလိုက်မိသည်။ လိုက်လေ ဝေးလေ ပြေးလေမောလေပင်။ မောပန်းစိုးရိမ်တကြီး ချွေးအခွဲသားဖြင့် လန့်ဖြန့်နိုးလာမှ သူမ အိပ်မက်မက်နေတာမှန်း သိရတော့သည်။ ရင်မောအောင် မက်ရသလား အိပ်မက်ဆိုးရယ်. . .။





www.burmeseclassic.com

www.burmeseclassic.com



# LIAR

ဝေတနာ သဒ္ဒါလွန်ပြီး နွားရှေ့ထွန်ကျူးမိရာမှ အမှားကြီးများ အလွဲကြီးလွဲခဲ့ပြီးပြီ။ ဒါကို အမှတ်မရှိ မဆင်မခြင် မှော်ကြီးက လူရာဝင်ပါချင်နေသည်။ သူနှုတ်ကျွံလို့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ပြီးတာကို ယူကျုံးမရဖြစ်ကာ အဖတ်ဆယ်လိုလှုနေပြန်သည်။

"ငါ့ကြောင့် မင်းတို့ ဒီလို ရှင်ကွဲ,ကွဲနေရတာပါ မောင်ယဉ်ရာ၊ ငါကူညီပါရစေ၊ သိက္ခာဆယ် ချေပဂိုး ငါသွင်းပေးမယ်ကွာ"

"မင်းအသာနေစမ်းပါကွာ၊ ဝင်မရှုပ်ရင် ပိုကောင်းပါတယ်ကွာ"

"ငါလိပ်ပြာမသန့်လို့ပါကွာ၊ ငါကူညီပါရစေကွာ၊ ပြောစမ်းပါ. . ငါဘာလုပ်ပေးရမလဲ၊ မိယဉ်ကို သွားခိုးပေးရမလား၊ ရတယ်နော်. . . ဟော့ကောင်. . . အားမနာနဲ့"

"မင်း ဝင်မရှုပ်စမ်းပါနဲ့ကွာ၊ ဒီလောက်တောင်မှ ကူညီချင်နေ





တဲ့ အလိုက်တသိ မောင်ဘဦး ဖြစ်နေရင်လဲ သူ့အမေကြီးကို မင်းရအောင်ခိုးကွာ၊ ဒီမိန်းမကြီး မရှိမှ အေးမယ်"

"ဟော. . . ဒါတော့ သားသားကြောက်ကြောက်"

ငေါ့တော့တော့ ပြောလိုက်မှ ဒီကောင်ကြီး နင်သွားရလေသည်။ ဒါလဲ ခဏပဲ။ မကြာခဏ ဆိုသလို မသိုးမသန့် ဖြစ်ကာ ကူညီပါရစေ တကဲကဲ လုပ်နေသဖြင့် နားပူနားဆာ အလုပ်ခံနေရသည်။ ကြာတော့ သူ့ဒဏ်ကို မခံနိုင်တာနဲ့ စိတ်ပေါက်ပေါက် ချောက်ချ တွန်းလိုက်ရသည်။

ဖြစ်ချင်တော့ အချိန့်သင့် အခါသင့် ဇရပ်ဘက်ကို ဆွမ်းချိုင့်လာပို့သော မှော်ကြီးကို မေးလိုက်မိသည်။

"မှော်ကြီး. . . မင်း ငါ့ကို တကယ်ပဲ မကြည့်ရက်ဘူးလား"

"ဘယ်ကြည့်ရက်မှာလဲကွာ. . . မင်း ဒီလို မှိုင်တွေပူဆွေးနေတာကြီးကို ငါဘယ်မြင်ရက်ပါ့မလဲ၊ လဒ လည်လိမ်. . . မျောက်ဝမ်းလျှာနေတာကမှ ကြည့်ကောင်းဦးမယ်"

"အဲ့ဒါဆို မင်းက ငါ့ကို ဘဲငန်းလေဖြတ်. . . ဝက်တုပ်ကျွေးမျက်ခွက်နဲ့ ကူညီချင်တယ်ဆိုပါတော့"

"ဒါပေါ့ကွ. . . ကူညီချင်တာပေါ့"

ကွက်တိမှ ဒက်ထိပဲ။

"ဟိုမှာ တွေ့လား၊ အညာသူ ပျိုဖြူ ထန်းညက်ခဲလေးလေ"

ဟု မာန်ပါပါ ပြောကာ ပုန်းရည်ကြီး အခဲမလေးတစ်ယောက်ကို လက်ညှိုးညွှန်ပြလိုက်ပါသည်။ သူက လိုက်ကြည့်ပြီး အားပါပါနဲ့ ဖြေသည်။

"အေး. . . တွေ့တယ်လေ၊ အဲ့ဒါနဲ့ ငါဘယ်လိုကူညီရမလဲ"

သူ လက်ဖျောက်တစ်ချက် တီးလိုက်ပြီး ဟန်ပါပါနဲ့ မိန့်ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ မိယဉ်သူငယ်ချင်းပဲ"

"ဟုတ်လား. . . ငါသွားပြောလိုက်မယ်ကွာ"

ခြေလှမ်းကျဲ လှမ်းကာ အတင်းပြေးမတတ် စိတ်စောနေသော သူ့ကို မောင်ယဉ် ဂုတ်ပိုးအင်္ကျီကော်လံစမှ လှမ်းဆွဲထားရသေးသည်။

"နေပါဦးဟ. . . ငါပြောတာ နားထောင်ဦး၊ ဒီအတိုင်း သွားပြောရင် ကောင်မလေးက ယောကျ်ားမ ဘက်တော်သား ဖြစ်နိုင်တယ်၊ မင်းက ကောင်မလေးကို အီစလီ လုပ်ပြီး ချုပ်လိုက်ဦး၊ မင်းနဲ့ ဘာညာ ဖြစ်သွားမှ ငါ့ကိစ္စကို ဆက်ဒိုး"

"ဟာကွာ. . . မင်းဟာကြီးကလည်း တဆင့်ခံကြီး"

မော်ကြီးမျက်နှာ ရှုံ့မဲ့သွားကာ ချီး(ဂျီး)ချောင်ထူလေတော့သည်။ မောင်ယဉ် ရယ်ချင်စိတ်ကို မနည်းထိန်းကာ ရုပ်တည်နဲ့ မသိမသာ စိတ်ကို နှိုးဆွပေးရသည်။

"ဘာလဲ. . . မင်းက ပြိုင်တာလား၊ မင်းပဲပြောတော့ ကူညီပါ့မယ် ဆိုကွ၊ ရတယ် ဟော့ကောင်. . . မင်းစိတ်ဓါတ်. . ."

"ဟိုးထား. . . နေဦး"

မောင်ယဉ် စကားပင် မဆုံးလိုက်။ သူက လမ်းက လက်ကာပြကာ တားလိုက်သည်။

"ငါလုပ်မယ်. . . ငါကူညီမယ်၊ မင်းတို့အတွက် ငါ ကောင်မလေးကို လိုက်လုံးပြီး အပီချုပ်ပစ်မယ်. . . ဟဲဟဲ"

"အေး. . . အဲ့ဒါဆိုလဲ အမြန်လိုက်၊ ကျောင်းဝင်းထဲ ရောက်လို့ လိုက်ရခက်နေဦးမယ်"

မြှောက်ထိုးပင့်ကော် ပြောပြီး ကောင်မလေးနောက် အမီလိုက်ရန် သူ့ကို တွန်းလွှတ်လိုက်ပါသည်။ ခြေကားယား လက်ကားယားဖြင့် မော်ကြီးက ပြေးလိုက်သွားသည်။

ကောင်မလေး အနားရောက်သွားတော့ ပုံဆိုးပန်းဆိုးကြီးကို





တစ်ချက်လှည့်ကြည့်ပြီး လန့်ကြောက်ကာ မျက်နှာလွှဲ၍ မဆီမဆိုင် သလို သွက်သွက် ဆက်လျှောက်သွားသည်။

"ညီမငေး"

"ဘာရဲ"

အက်ဆီးဒန့် စကားမပီတာနဲ့ ပင်ကိုမူလ စကား အော်ရိဂျင်နယ် မပီတာနဲ့တော့ သွားတွေ့လေပြီ။

"ဘယ်တွားမလို့ရဲ"

"ဘယ်တွားတွားဇ္ဇပေါ့"

အခြေအနေကတော့ မဆိုးလှပေ။ သူတစ်ခွန်း ကိုယ်တစ်ခွန်း ပြေပြေပြစ်ပြစ် ချေချေငံငံ ဆတ်ဆတ်ကျဲ ဘုတောပြီး ပြန်ပြောလေသည်။

"ညီမရေးက ချောတယ်နော်"

"ရှင့်အပူ မပါဘူး"

ကောင်မလေးကို ကပ်တိုးလေးနဲ့ အီစီကလီ ချော့မြူကာ ကြိုင်နေတာလေ။ အခြေအနေကတော့ အတော်တိုးတက် အားရဖွယ်ရာပင်။ သူ ခြေတစ်လှမ်း,လှမ်းချိန်မှာ ကောင်မလေးက ခြေသုံးလှမ်းလှမ်းနေချေပြီ။ တိုးတက်ချင်လွန်းသော တောသူ လုံမပျိုပင် ထင်ပါရဲ့။ တကယ်က အဲ့ဒီကောင်မလေးနဲ့ မိယဉ်ကလဲ ဘာမှမဆိုင်။ တစ်ခါမှလည်း မမြင်ဖူးဘဲ မောင်ယဉ် အရောက်ပို့ထားခြင်းသာ ဖြစ်လေသည်။

တော်တော်လှမ်းလှမ်းကို ရောက်သွားကြသည်။ ကျောင်းပေါက်ဝ အဝင်မို့ မောင်ယဉ်လဲ ဆက်မလိုက်ရဲဘဲ အဝေးမှာ အသာနေပြီး နေခဲ့ရသည်။ အဝေးမှ လှမ်းငေးကာ သူတို့အရိပ်အကဲကို လှမ်းကြည့်ရသည်။ မော်ကြီးက ဘာပြောလိုက်၍ ကောင်မလေး ဘာကြားသွားသည်တော့ မသိပါ။ ရှစ်ခေါက်ချိုး မျက်နှာမဲဖြင့် လက်ဝါးသောင်ပြကာ ပွပွစိစိ ပါးစပ်မှ ရေရွတ်ပြီး ဘုန်းကြီးကျောင်းထဲ ဝင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မော်ကြီး အီလည်လည်မျက်နှာဖြင့် နောက်ပြန်လှည့်လာသည်။ အနားရောက်လာတော့ မော်ကြီးကို အားတက်သရော ပင့်ထိုးမြှောက်ကာ မေးလိုက်ရသည်။

“ဘယ်လိုလဲ အဆင်ပြေလား. . . အိုကေတယ်မို့လား”

မအီမသာ ရှုံ့တွတွ စခွပ်ကြီးဖြင့် မော်ကြီးက ပြန်ပြောပါတော့သည်။

“ဘယ်ကလာ အိုကေရမှာလဲ”

“ဟေ. . . မသိဘူးလေ၊ မင်းတော်ကီ ဒီလောက်ကောင်းတာ၊ ငါက ကောင်မလေး ကျသွားပြီး လက်ဆုပ်လက်ကိုင် မရှိကြောင်း ထောင်ပြတယ် ထင်တာပေါ့ဟ”

“ဖွတ်ထွီးမှပဲ. . . ဟုတ်ပါလိမ့်မယ် အားကြီးကြီး”

ပြုံးစစဖြင့် မောင်ယဉ်က သူ့ကို မေးစမ်းကြည့်လိုက်မှ ဖြစ်ကြောင်းကုန်စင် ညစ်တစ်တစ်ဖြင့် ပြန်ပြောသည်။

“ညီမလေးကတော့ ရှောတော့ အစ်ကိုက ရှစ်ချင်တာပေါ့လို့ ပြောလိုက်တယ်ကွာ”

“ဟင်. . . ဟုတ်လား၊ အဲ့ဒါ ဟိုက ပြန်မရှစ်ဘူးလား”

“ဟာကွာ. . . ရှစ်ဖို့နေနေသာ တွားတေလိုက်ပါလားတဲ့၊ ပါးကျိုးတွားမယ် ဘာမှတ်လို့လဲ. . တဲ့ကွာ”

“ဟောကွာ. . . ဒီလောက်ကောင်းတဲ့ တော်ကီကိုတောင်မှ မကြွေဘူးဆိုတော့ ကျောက်ဆစ်ရုပ်များလား”

ဟန်ဆောင်ပန်ဆောင်ဖြင့် စိတ်ပျက်လက်ပျက် သူ့ရှေ့မှာ ညည်းတွားပြလိုက်ပါသည်။

“အေး. . . မင်းပြောတဲ့ ကျောက်ဆစ်ရုပ်ကလေးဆို တော်သေးတယ်၊ အခုဟာက တောက်ကျစ်ရုပ်ကလေးကွ၊ ပြောသေးတယ်





သူက. .”

“အေး. . . ဘာများပြောသေးလို့လဲ၊ အမေတို့ဆီ လာသောင်းကျန်းလှည့်တဲ့လား”

သူတို့နဲ့ လိုက်တုပြီး ပြောရတာ မောင်ယဉ်တောင်မှ စကားလဲ အပီတော့ဘူး ဖြစ်ချင်လာပြီ။

“ကျမက ကျကားမပီသဲ့လူကို မကျင်းကျားဘူးတဲ့ကွာ”

“ရှို့. . . သူကရော ပီလို့လား. . . အံ့ပါရဲ့ကွာ”

“အဲ့ဒါပေါ့ကွာ. . . သူက မပီလို့ ပီတဲ့လူကိုပဲ စဉ်းစားမယ်လို့ ပြောသွားသေးတယ်”

“သေသာ သေလိုက်ပါတော့ မော်ကြီးရယ်”

နှစ်ယောက်သား စိတ်ပျက်လက်ပျက် ညည်းတွားမိကြတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# LAD

“ဟေ့လူ. . . သွားရအောင်”

ဦးထုပ်ခပ်ငိုက်ငိုက် ဆောင်းထားသော နှုတ်ခမ်းမွေးရေးရေးနှင့် လူငယ်တစ်ယောက်က သူ့ကိုမေးဆတ်၍ ခေါ်လေသည်။ ဘုမသိဘမသိ လူပုံခပ်နွဲ့နွဲ့ဖြင့် ချောမောသော လူငယ်က ရုတ်တရက် လာခေါ်၍ သူ ကြောင်တောင်တောင် ကန်းတန်းတန်း ဖြစ်သွားလေသည်။

“ဘာအူကြောင်ကြောင် လုပ်နေတာလဲ ဒါလင်၊ ကျုပ်ပါ. . . တော့်မယား မိယဉ်ပါ”

ယောင်ပေပေဖြင့် မယုံသင်္ကာ ငေးနေတဲ့ သူ့ကို စိတ်မရှည်စွာ မိယဉ်က နှုတ်ခမ်းမွေးအတု ခွာပြသည်။ ဒီတော့မှ မိယဉ် ရုပ်ဖျက်လာတာမှန်း သူသိလိုက်ရတော့သည်။ ပြုံးဖြီးဖြီးနဲ့ အရှက်ပြေ ပြန်မေးပါ





သည်။

“ဘာလုပ်မို့လဲ. . . ဘယ်သွားမှာလဲဟ၊ ဖုန်းဆိုးမြေတွေ ဘာတွေတော့ ဒါလင် မသွားရဲဘူးနော်”

“ဒါလင်ရယ်. . . အဲ့လောက်တောင် တုံးရသလား၊ အစ်ကိုတွေ ရိပ်မိမှာစိုးလို့ ရုပ်ဖျက်ထားတာ၊ လာ. . . မြန်မြန်၊ အိမ်က မသိခင် လစ်ပြေးကြစို့”

ဒီတော့မှ သူလဲ အထာပေါက်တော့သည်။ မိယဉ်က အဲ့ဒီလို ခြေသွက်လက်သွက် ခြေစလက်န ရှိသူပင်။ မိယဉ်ခေါ်ရာနောက် သူ့ခမျာ ကောက်ကောက်ပါအောင် လိုက်ရပြန်ပါပြီ။

“နေဦး ဒါလင်၊ ကိုယ့်ခရီးဆောင်အိတ် ကျောင်းထဲမှာ ကျန်ခဲ့ပြီ”

“လုပ်မနေနဲ့. . . အဲ့ဒါတွေ ငြိမ်းချမ်းနဲ့ကေခိုင် ယူလာလိမ့်မယ်၊ မှတ်ပုံတင် ပါတယ်မို့လား”

“အင်း. . . ပါတယ်လေ၊ မှတ်ပုံတင်ရော လယ်သာအိတ်ပါ”

“တော်ပြီ. . . ဘာမှ အထွန့်တက်မနေနဲ့၊ အချိန်မရှိဘူး. . . မြန်မြန်လစ်မယ်”

ဤသို့ဖြင့် သူ့ခမျာ မိယဉ်ရဲ့ဦးဆောင်ရာနောက် ကုတ်ချောင်းကုတ်ချောင်းဖြင့် တရွတ်တိုက် ပါသွားရလေသည်။ အသေအချာ မှုန်းခမ်းလျှင် ယောကျ်ားသားနှစ်ယောက် ယှဉ်တွဲလျှောက်နေသလို ထင်ရအောင် မိယဉ်က ရုပ်ဖျက်လာခြင်းပင်ဖြစ်လေသည်။

ဆိုက်ကားဂိတ် မရောက်ခင် အရိပ်အကဲကိုလည်း ကြည့်ရသေးသည်။ ဆိုက်ကားသမားတချို့ ကျီးကြည့်ကြောင်ကြည့် ငေးတာသူတို့ လာရာလမ်းကို အလွတ်မပေးဘဲ ကြည့်နေကြသည်။ ဒီအတိုင်းဆို လွတ်လမ်းမမြင်ဖွယ်ရာ ဒွိဟကြီး ဖြစ်နေသည်။ သူ ရင်တဒိန်းဒိန်းခုန်ကာ တုန်လှုပ်ရချေပြီ။ အလိမ်ပေါ်သွားရင်တော့ သူ့တစ်ခေါင်းလုံး



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းသွေးပေသွားနိုင်လောက်သည်။ သမ္မုဒ္ဒေတွေ ရွတ်ပြီး ဘုရားတွေ အလိုလို တမိလျက်သားဖြစ်ကာ ဒူးအစုံ တုန်ရချေပြီ။

များမကြာမီ သူတို့နောက်သို့ ငြိမ်းချမ်းတို့နှစ်ယောက် အမှီ လိုက်လာသည်။ လေးလေးကောင်းစံနှင့် မော်ကြီးလည်း ပါလာလေသည်။ ထူးခြားနေတာကတော့ ကေခိုင်မလည်း သူမလိုပင် ယောကျ်ား စတိုင် ဆင်ယင်ထုံးဖွဲ့ပြင်ဆင်ထားခြင်းပင်။ ဒီနေရာမှာတော့ မိန်းမတွေ ရဲ့မာယာပရိယာယ် အကြံဉာဏ်က အပုံကြီးသာကာ တာသွားလှသည်။ သူ့စိတ်ကူးနဲ့သူသာဆိုလျှင် မကြံတတ် မစည်တတ်ဖြင့် တစ်ခါခိုး တစ်ခါမိ ဖြစ်ရချေမည်။

ဒါကြောင့်လဲ ကမ္ဘာပေါ်မှာ ရှိသမျှအရာတွေက ဆယ်ခါခိုး ဆယ်ခါမမိ နောက်ဆုံးမှ အမှန်တရား ပန်ကန်ပြားနဲ့ ဖုံးကွယ်မရဘဲ ဗူးပေါ်သလို ပေါ်တတ်ကြတာပါလားနော်။ သိပ်ရှည်ရှည်ဝေးဝေး တွေဝေပြီး စဉ်းစားနေချိန် မရလိုက်ပေ။ သူတို့ယောကျ်ားသား(၂)ယောက် က ကြံရာလှည်းပေါ် ကောက်တက်ကာ တာဆုံကို ထင်ယောင်မှားသံသယ ဖြစ်အောင် ယောင်ပေပေ ဖြတ်ကျော်ရသည်။ သူတို့ကို အာရုံစိုက်နေချိန်မှာပင် အယောင်ဆောင် မိန်းမသားနှစ်ယောက်က ခပ်တည်တည်ဖြင့် ဆိုက်ကားဂိတ်မှ ဖြတ်လျှောက်သွားကြသည်။ သည်းထိတ်ရင်ဖိုဖွယ်ရာတော့ ကောင်းလှပါသည်။ ရင်တမမဖြင့် အရိပ်အကဲ တကြည့်ကြည့် လုပ်ကာ ပိပိရိရိ လိမ်ရသည်။

အခြေအနေ မဟာန်လျှင် နှစ်ယောက်သား ကိုယ်လွတ်ရုန်းပြီး သူတို့ကို ဂျန့်ဖြစ်အောင် ဟန့်တားခိုင်းရဖို့သာ ရှိတော့သည်။ ကံကောင်းထောက်မစွာ အဆင်တပြေ ချောမွေ့သွားသည်။ လိုက်လျောညီထွေ ဖြစ်အောင် လှည့်ဖျားနိုင်လေသည်။ လေးလေးကောင်းစံနှင့် မော်ကြီးက လဲ တမှောင့် ဝင်နှောင့်ယှက်ကာ အာရုံလွှဲပေးလေသည်။

"ဆိုက်ကား အားလားဗျ"





"ဟုတ်. . . အားပါတယ်၊ ဆရာတို့ ဘယ်သွားမလဲ"

"မန်ကျီးသုံးပင်"

"ကံသာလမ်းဆုံ"

တစ်ယောက်တစ်ပေါက် တောင်နှင့်မြောက် ပြောလိုက်သဖြင့် ဆိုက်ကားသမား မှန်းချက်နဲ့နှမ်းထွက် လွဲသွားရသည်။ လာတုန်းက အတူလာတဲ့နှစ်ယောက်ဟာ တောင်နဲ့မြောက် ဆန့်ကျင်ဘက် သွားမယ် ဆိုတော့ နည်းနည်းအုံးစားသွားတာပေါ့။ ဘာပဲဖြစ်ဖြစ် ဆိုက်ကား သမားနှစ်ယောက်ကိုတော့ ကောင်းကောင်းဖမ်းထိန်းလိုက်နိုင်တာပေါ့။

"မန်းကျီးသုံးပင်က တောင်ဘက်မှာလား"

"မဟုတ်ဘူးဗျ. . . မြောက်ဘက်မှာ"

"ဒါဖြင့် ကံသာလမ်းဆုံက မြောက်ဘက်ပေါ့"

"အဲ့ဒါကမှ တောင်ဘက်အစစ်ပါ"

"ကိုယ်က တောင်ဘက်ပဲ သွားချင်တာ၊ တော်ပြီ. . . ကံသာလမ်းဆုံပဲ သွားတော့မယ်"

"ဟောဗျာ. . . ဘယ်လိုကြီးလဲ ခင်ဗျားဟာက"

"ဟုတ်တယ်. . . ကိုယ်လဲ မြောက်ဘက်ကို ဦးတည်ပြီး နဂါးခေါင်း လှည့်ကြည့် ခရီးထွက်ရမှာ၊ မန်ကျည်းသုံးပင်ပဲ သွားတော့မယ်ဗျာ. . . နင်းပေတော့"

တစ်ယောက်တစ်ပေါက် တောင်နဲ့မြောက် ဟိုဒီလိမ်ရှုပ်ထွေးသွားသဖြင့် ဆိုက်ကားသမားများလဲ အာရုံရူးစိုက်မှု ပြောင်းလဲကာ ဟိုနှစ်ယောက်ကို မျက်ခြေပြတ်သွားလေသည်။ တကယ်တမ်းကျတော့ ဟို အယောင်ဆောင် ဝေါမနှစ်ယောက်က အိတ်စပရက်ကားနဲ့ မြို့ကို ရောက်လို့ ဟိုတယ်မှာ ဇိမ်နဲ့ နှပ်ပြီး သူတို့ကို စောင့်နေလေပြီ။ သူတို့ ရောက်လာပြီးမှ ရေဆုံးမြေဆုံး အနှောင့်အယှက် ကင်းဝေးရာ အတားအဆီး မဲ့သော တစ်နေရာရာကို ဒုတိယမြောက် ဖျားရည်ဆမ်းခရီး ထွေးပစ်ရ



www.burmeseclassic.com

www.burmeseclassic.com



မည်။

အမှန်တကယ်တော့ သူဟာ မိယဉ် သွေးဆောင်ဖြားယောင်းသမျှ ဦးဆောင်မှုနောက် လိုက်ရမြဲသာ ဖြစ်သည်။ ပထမအကြိမ် သူ့ရွာမှာ ထန်းရည်မူးနေစဉ်က တစ်ခါလာရောက်ဖြားယောင်းတာ ခံခဲ့ရပြီးပြီ ယခုတစ်ကြိမ်လဲ ခိုးပြေးမယ် ကြံစည်လိုက်တဲ့ သူက မဖြားယောင်းလိုက်ရဘဲ သူမက ဦးဆောင်ဖြားယောင်းတာ ထပ်မံ,ခံရပြန်လေသည်။ အချစ်မေတ္တာသည် ဤသို့ ဆန်းကြယ်လှပါတကား။ အံ့ဖွယ် ကပြောင်းကပြန်ဖြစ်လေသည်။

ၒ ၒ ၒ ၒ





ဟိုတယ်ရောက်တော့ ဖွက်ကျားမလေးနှစ်ယောက် ရေမိုးချိုးပြီးလိမ်းပြင်ဆင်ပြီး မိန်းကလေး ပီပီသသ လှလှပပ စောင့်ဆိုင်းနေတာကို မြင်ရလေသည်။ အားရဝမ်းသာစွာပင် မိယဉ်ကို သူ ပြေးဖက်ပွေ့မိလေသည်။

"အခုမှပဲ ကိုယ့်မယားကို ပြန်ပိုင်တယ်လို့ ခံစားမိတော့တယ် ဒါလင်ရယ်. . . လွမ်းလိုက်ရတာ"

"ကျုပ်ကလဲ ဒါလင့်လိုပါပဲ၊ အခုမှပဲ စိတ်ချရတော့တယ်၊ တစ်ခါတည်း ကြေငြာထားရမယ်နော်၊ အိမ်ကစကား ရွာမသယ်ဖို့၊ ရွာကစကား အိမ်မယူလာဖို့ ကြိုမှာထားရမယ်"

"ဟုတ်တယ် ဒါလင်၊ ဟိုကောင်ကြီး မော်ကာနဲ့ငတော်ကအဆိုးဆုံးပဲ၊ အိမ်စကား အိမ်မှာပဲ ထားရမှာပေါ့"

ဖက်လှဲတကင်းဖြင့် ဝမ်းသာမဆုံး စကားတွေလဲ ပြောမဝပေ တွတ်တီးတွတ်တာ ချွဲနွဲ့၍မပြီးနိုင်။ ယခုမှ အတိုးချ၍ လွမ်းရသည့်နှစ်ဆ ကြည်နူးကြင်နာမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲကွ မောင်ယဉ်ကြီးရဲ၊ ငါတို့ အလွမ်းသယ်ဖို့လဲ ချန်ထားပါဦးကွ"

"အေးလေ. . . ဟုတ်ပါရဲ့၊ အဖြစ်သည်းနေလိုက်တာ၊ တို့မှာလဲ ချစ်တတ်လွမ်းတတ်တဲ့ နှလုံးသား ပါ,ပါတယ် မိယဉ်ရဲ့၊ နင်တို့ချည်းပါတာ မဟုတ်ပါဘူးဟဲ့"

ငြိမ်းချမ်းတို့က လှမ်းနှောက်ကာ ကျီစယ်လေတော့မှ နှစ်ယောက်သား ရှက်ပြုံးတစ်စ စွန်းထင်းသွားကြရသည်။

"ကဲ. . . အခု ဘယ်သွားမလဲ ဒါလင်"

"ဘယ်မှ သွားစရာမလိုဘူး၊ အိမ်ကိုပဲ တန်းတန်းမတ်မတ် ပြန်ကြရအောင်"

ကွန်းခိုသာယာမိခဲ့ဖူးသော မေတ္တာစံအိမ်ကလေးဆီကိုသာ သူမက ရှေ့ရှုဦးတည်ပါသည်။ ဘာပြောကောင်းမလဲ။ ဒီလောက် ငြိမ်းချမ်း အေးမြပြီး နွေးထွေးတဲ့ အိမ်ကလေးကို သူကလဲ သိပ်ပြန်ချင်ရှာတာပေါ့။

(အလိုက်ကန်းဆိုးမသိ သူငယ်ချင်းတွေ ရောက်မလာရင် သူတို့ အိမ်ကလေးဟာ ဆူညံပွက်လောရိုက်ခြင်း ကင်းမဲ့ဖုံ့ အမှန်ပင် ဖြစ်လေသည်။)

"အိမ်ပြန်တာက အရေးမကြီးဘူးလေ၊ အဖေတို့အမေတို့ ထပ်လိုက်လာရင် ဘယ့်နှယ့်လုပ်မလဲ"

"ကျုပ်အဖေနဲ့အမေကတော့ လိုက်နိုင်မှာ မဟုတ်တော့ဘူး၊ ဘာထဲမှာ ဖြစ်ကြောင်းကုန်စင် အကုန်ရှင်းပြီး ရေးပြခဲ့ပြီးပြီ၊ အခုလောက်ဆို ဖတ်ပြီးလို့ စာနာသနားပြီး လက်လျှော့သွားလောက်ပြီ"

"ဟုတ်လား. . . ဒါဆိုရင် ပျော်စရာကြီးပေါ့ ကိုယ့်အဖေနဲ့အမေလဲ လိုက်လာတော့မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့"





မျက်မှောင်ကုတ်ကာ သူမက အမူပိုပိုလေး နှဲ့မှိုရင်း မသိနားမလည်ဟန်ဖြင့် မေးပါသည်။ သူ အသင့်တင့်ဆုံးအဖြေနဲ့ တုံ့ပြန်နိုင်ခဲ့ပါသည်။

"ဝဋ်လိုက်မှာ ကြောက်လို့ပေါ့ အချစ်ရဲ့၊ ဝဋ်လည်မှာကို ချစ်ဖူးသူတိုင်း ကြောက်ကြတယ်လေ"

သူမ ကျေကျေနပ်နပ် ပြုံးဝေလိုက်ပြီးကာမှ နှုတ်ခမ်းဖူးဖူးလေး စူတူတူဖြင့် သူ့ပခုံးကို လှုပ်တိုက်သည်။

သူတို့လင်မယား ဝမ်းပန်းတသာ ပျော်ရွှင်မြူးတူးနေတာကို ကြည့်ပြီး လေးလေးက ကြည်နူးပီတိ ဖြစ်နေသည်။

"လေးလေးလဲ ရွာပြန်တော့လေ၊ နောက်ဆုံးကား မှီသေးတယ်"

"မပြန်သေးဘူး. . . မင်းအမေက ငါ့ကို မင်းမပါဘဲ ပြန်မလာဖို့ ရာဇသံ ပေးထားတယ်လေကွာ"

"အဲဒါဆိုလဲ ပြီးတာပဲ၊ ကျွန်တော့်အိမ်သာ လိုက်ခဲ့တော့ဗျာ၊ ကျွန်တော် ဖုန်းဆက်အကြောင်းကြားပြီးမှ ပြန်ပေါ့. . . မကောင်းဘူးလား"

"မကောင်းဘူးကွ. . . မင်းအိမ်သာမှာ ငါက နေရမှာလားဒါ လူကြီးကို စော်ကားတာပဲ"

အရေးထဲမှာ လေးလေးကလဲ ရွှတ်နောက်နောက်ဖြင့် စကားအထာအနေ ကောက်နေပြန်သေးသည်။ မိယဉ်ကလဲ မော်ကြီးကို ပထုတ်လေသည်။

"ကိုကြီးမော်ကလဲ ပြန်တော့လေ"

"ဟော့. . . အောင်မာ. . . နင်တို့က ပွဲပြီးတော့ ခေါင်းဖြတ်တယ်ပေါ့လေ၊ နင်တို့အတွက် ငါ စွမ်းစွမ်းတမံ ကူညီခဲ့ရတာမှမမောသေးဘူး မပြန်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဆိုလဲ ကပ်သပ်နေပေ့ါဗျာ၊ အိမ်ဘေးမှာ ဝက်ခြံ ကြက်ခြံ ဘဲခြံရှိတယ်၊ ကြိုက်တဲ့ခြံသာ ရွေးပြီးနေပေတော့"

နောက်နောက်ပြောင်ပြောင် ပြောလိုက်သော သူ့ရဲ့ညှော်ထောက် နောက်ခံစကားကြောင့် မော့်ကြီး စိတ်ပိန်သွားရသည်။ နဂိုပိန်မျက်နှာကြီး ရှုံ့မဲ့ ရွတ်တွသွားရလေတော့သည်။

ဟိုနှစ်ယောက်ဘက် မြားဦးလှည့်ရန် ကြည့်မိတုန်းပင် ရှိသေးသည်။ လက်ကာတား၍ ကြိုတင်ဘွတ်ကင်လုပ်ကာ ရကွက်စ် တောင်းဆိုတော့သည်။

"မပြောနဲ့. . . တို့နှစ်ယောက်ရဲ့ချစ်ခရီး စတင်ရာ ဘုံဗိမာန်လေးမှာ အမှတ်တရအဖြစ် ဆက်နေကြဦးမှာပဲ"

သံပြိုင်ကို ညီလို့ပါပဲလား။ ဒါမျိုးကျတော့ ရှေ့သွားနောက်လိုက် ညီနေတာပဲ။ တိုင်ပင်ကိုက် ဇာတ်တိုက်စရာတောင် မလိုဘူး။ အော်တိုမတ်တစ် ပစ်စလတ်ခတ် ဒုက္ခဝေမျှသူတွေပင်။

"သဘောရှိကွာ. . . မင်းတို့ အဲ့ဒီအိမ်မှာ နေချင်သလိုသာ နေကြပေတော့၊ ငါတို့လင်မယားကတော့ အဲ့ဒီအိမ်နဲ့ အဝေးဆုံး ပင်လယ်ကမ်းခြေက ဘန်ဂလိုမှာပဲ နေတော့မယ်"

"အယ်. . . ဒါတော့ ဘယ်ရမလဲ၊ တို့လဲ လိုက်မှာပေ့ါ၊ သကြားရည်စမ်းတွေ ကြံသကာရည်စမ်းတွေ လုပ်မယ်လေ"

"ဟုတ်တယ်လေ. . . တို့လဲ ချန်မထားနဲ့၊ ပိတုန်းရည်စမ်းလေး ဘာလေး ကြုံဖူးတယ်ရှိအောင်"

"တို့အားလုံး လိုက်မယ်ကွာ၊ မောင်ယဉ်တို့ မကွဲမကွာစေကြောင်း ပင်လယ်ကြီးကို တိုင်တည်ပြီး ချစ်သက်သေတည်လိုက်ရအောင်"

တစ်ယောက်တစ်ပေါက် ဝိုင်းအော်ကြသဖြင့် ထွေးရောယှက်ဘင် ဆူညံပွက်လောရိုက်ကုန်ပြန်သည်။ ဒါတောင် တစ်ချို့တစ်ဝက်ပဲ





ရှိသေးတာ။

သူ မသက်မသာ ညည်းတွားမိလေတော့သည်။

"ဘုရားရေ. . . ဘယ်လိုပြေးပြေး မရပါလား"



www.burmeseclassic.com

www.burmeseclassic.com



# GAIN

မေမေ့ဘက်က သိပ်စိတ်လျှော့ချင်ပုံ မရသေးဘဲ မောင်ယဉ်ကို ချော့မော့ဖျောင်းဖျသိမ်းသွင်းဖို့ ဖုန်းဆက်ကာ စည်းရုံးသည်။

"သား လူလေးမောင်ယဉ်. . . အဆင်ပြေရဲ့လား"

"ပြေပါတယ် အမေရဲ့၊ အမေ့ကို လေးလေး ပြန်မပြောပြဘူးလား အဖြစ်သနစ်အစုံအလင်"

"ပြောတော့ ပြောပါတယ် သားရယ်၊ ဒါပေမယ့် မင်းဦးလေး အရက်သမားစကားကို အမေ ဘယ်လိုယုံရမှာလဲ၊ သားက မယားကြောက်လို့လိမ်၊ ဦးလေးက အရက်သောက်ပြီးလိမ် ဖြစ်မှာစိုးလို့ပါကွယ်"

"မစိုးရိမ်ပါနဲ့ အမေရယ်. . . စိတ်သာချ၊ လေးလေးပြောတာ





အမှန်ချည်းပဲ၊ တကယ်က သူ့အမျိုးတွေ သိရင် မကောင်းတတ်လို့ အမေရ၊ သားကပဲ လက်ဦးအောင် ဆော်ထည့်လိုက်တာကြီးပဲ"

"ဟော. . . ဟုတ်လား၊ အေး. . . ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ဒါမှ အမေ့သား ပီသမှာပေါ့"

အမေက မာန်တင်းပြီး ဟန်ကိုယ့်ဖို့သာ ပြောသာပြောနေရတာပါ။ သူလည်း မူးကြောင်ရူးကြောင်နဲ့ ရင်ဖွင့်တဲ့ အဖေ့စကား နားယောင်ပြီး အိမ်ထောင်ပြုခဲ့တာပဲ။ အခု သူတောင် လူဖြစ်လို့ သူ့တစ်သက် အိမ်ထောင်ခိုင်မြဲခဲ့တာသာ ကြည့်တော့။ အခုလည်း အမေ့သားတွေဘာတွေ လျှောက်ပြီး ကြွေးကြော်နေတာရယ်၊ လူဖြောင့်စိတ်တို အဖေ ဒေါသထွက်ရင် တစ်ကိုယ်လုံး တုန်ချိအောင် သူပဲ ကြောက်နေရတာရယ်။ ကြုံတုန်းလေး ကိုယ့်မိဘသိက္ခာ ကိုယ်ချရတာလဲ တယ်မနိုင်လှပါဘူး။

"အေးကွယ်. . . သားစိတ်ချမ်းသာတယ်ဆို ပြီးတာပါပဲ၊ ဘာမှအားမနာနဲ့၊ သားပြန်လာချင်တယ်ဆိုလဲ အချိန်မရွေးပဲ၊ မေမေ လာခေါ်ဆိုလဲ ခေါ်မယ်"

"ခေါ်စရာမလိုပါဘူး အမေရယ်၊ အခု ပြန်လာလို့လဲ မရပါဘူး"

"ဘာဖြစ်လို့လဲ. . . ဟိုဟာမက နင့်ပုဆိုးစကို တန်းတန်းဆွဲထားလို့လား"

"ဟိုဟာမ မဟုတ်ဘူးဗျ၊ အခုဟာက ဟိုဟာလေး၊ ဟိုဟာမဗိုက်ထဲက အမေ့မြေးလေးက ဆွဲထားတာ"

"ဟော. . ."

အမေရဲ့အံ့သြတကြီး တစ်လုံးတစ်ခဲကြီး ရေရွတ်သံကို ဖုန်းထဲမှ အတိုင်းသား ကြားရလေသည်။

"ဂလိုဆို ငါ့မြေးပေါ့၊ အမေ မြေးချီရတော့မှာပေါ့၊ ငါ့သားက မွေးလို့ရတာ အမေ့မြေးပဲနော်၊ ဘယ်သူမှ မဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါတွေပဲ၊ ယောက္ခမနဲ့ ချွေးမတို့ မတည့်ကြတာလဲ မပြောနဲ့။ အပြင်လောကတောင်မှ ရောက်မလာသေးတဲ့ ရင်သွေးကို အမေက လှမ်းပြီး ဥစ္စာခြောက် ပိုင်စိုးချင်နေသေးသည်။

"အဲ့ဒါ သား ဘယ်မှ သွားလို့လာလို့မရဘူး၊ မေမေ့မြေးလေးကို ဂရုစိုက်ရမယ်လေ"

"အေး . . ကောင်းတယ်၊ ဂရုစိုက်ထား၊ အမေ လာခဲ့ရမလား။ အမေပါ ဝိုင်းဂရုစိုက်ပေးရမလား"

အမေကတော့ တိုင်ပတ်အောင် လှည့်ပတ်ပြီး အစဖော်နေပြန်ချေပြီ။ တပူပူ တညံညံနဲ့ ကိုယ်ဝန်သည် စိတ်ဆင်းရဲရမှာက များများ၊ ကူညီဖေးမမှု ရမှာက နည်းနည်းမို့ သူ အကြောက်အလန့် လှမ်းတားရပါသည်။

"အား . . . မလာနဲ့ . . . မလာပါနဲ့၊ ရတယ် . . . အဆင်ပြေတယ်၊ အထူးကုဆေးခန်းမှာ ပိုက်အပ်ထားတယ်၊ စိတ်ချ . . . မြေးလေးမွေးပြီးမှ မျက်နှာပြရအောင် သားကိုယ်တိုင် ချီပြီးလာခဲ့မယ်"

"အေး . . . ဒါဆိုလဲ ပြီးတာပဲ၊ မြန်မြန်မွေး"

ခက်ပါရောလား၊ ဒီအမေနဲ့ကတော့ မောင်ယဉ် တော်တော်အာရုံနောက်ရပါသည်။ သူလဲ မွေးဖူး ဖွားဖူးရက်သားနဲ့ (၉)လလွယ် ဆယ်လဖွား သန္ဓေသားကို အတင်းကာရော မြန်မြန်မွေးခိုင်းနေသေးသည်။

"အဲ့ဒါဆို ဒါပဲ အမေ . . . ဖုန်းချလိုက်တော့မယ်"

"အေး . . အေး . . ကောင်းပြီ၊ ကလေးအမေကို သေချာဂရုစိုက်ဦး၊ ဒါမှ ကလေးကျန်းမာမှာ"

"ဟုတ်ဟုတ်"

ပေါင်းကူးတံတားလေးကြောင့် မေမေ့ဘက်မှ အဆင်တပြေရှိလာမယ့် အရိပ်အယောင်တွေ သန်းပြလာပါသည်။ လောကကြီးက





ဒီလိုပဲ အေးဆေးဖြစ်ရမှာပေါ့။ မျှတတဲ့ မေတ္တာခွန်အားတွေ ပေးသနားရမှာပဲ။ တစ်သက်လုံး သူနဲ့ ပတ်သက်ရင် အစိုးရိမ်တကြီး အကဲပိုတတ်မြဲပင်။ အခုတော့ မြေးနဲ့ ပတ်သက်ရင် အကဲပိုကာ အားလုံးကို ရင်ဆိုင်ကျော်ဖြတ်လေတော့မလား။ သူ့ထက် ဦးစားပေးရမည့်သူက ပေါ်လာတော့မည်။

အမေရဲ့ရင်ထဲက ပထမ ဦးစားပေးနေရာကို ရက်ရက်ရောရော ပေးရဲတဲ့စိတ်နဲ့ သူကလေးကို မျှော်တွေး ကမ်းလင့်မိပါသည်။ ဒါဟာ မိဘမေတ္တာပဲ။ ဖခင်တစ်ယောက်ရဲ့သံယောဇဉ် အထားအသိုလေးတစ်ခုက ယခင်ထက် ပိုမိုနှောင်ဖွဲ့ကာ သူတို့ကြားသို့ တိုးဝင်နေရာယူချေတော့မည်။

"ဒါလင် မပျော်ဘူးလားဟင်"

"ဘယ့်နှဲ့ မေးလိုက်တာလဲ ဒါလင်ရယ်၊ ပျော်တာမှ သိပ်ပျော်တာပေါ့၊ အစ်ကိုတို့အိမ်ကို လာပြီးနှိပ်စက်နေကြတဲ့ အားမနာ လျှာမကျိုး မိတ်ဆွေတွေ၊ ဧည့်သည်တွေ သူငယ်ချင်းတွေဟာ မခေါ်ဘဲ လာတယ်၊ မမျှော်ဘဲ တွေ့ရတယ်၊ အဲ့ဒီလို မခေါ်ဘဲ လာတဲ့ ဟော့ဒီကဧည့်သည်လေးကတော့ အလိုလားဆုံးနဲ့ အကြည်နူးဆုံးအဖြစ် ဆီးကြိုရမှာပဲ"

ဗိုက်ကလေးကို တယုတယ ဖွဖွပွတ်သပ်ကာ ကျေကျေနပ်နပ်ကြီး သူပြောလိုက်ပါသည်။ ပြောလို့မှ မဆုံးသေးဘူး၊ မခေါ်ဘဲ လာတဲ့ ခေါင်နဲ့ လဘာဂျာက ရောက်လို့လာပါသည်။

"မောင်ယဉ် . . . အတော်ပျော်နေသလားကွ၊ ကြည်နူးလို့ပါလား၊ ဟော . . ဟော . . ဟေး . . ငါတောင် အားကျလာပြီ၊ မင့်ကလေး ငါထိန်းပေးမယ်လေကွာ"

ဒယီးဒယိုင်ဖြင့် ငတော်က အိမ်အရိပ်နင်းကာ စကားအလုံ ကန့်ဆာဆင် ဖြီးဖြန်း မျက်နှာချိုသွေးလေသည်။ သူ အစိုးရိမ်တကြီး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပင် တားမြစ်ရပါသည်။

"ဟာ. . . မင်းနဲ့တော့ မဖြစ်ဘူး ငတော်၊ နို့ဗူးနဲ့အရက်ဗူး မှား တိုက်ရင် ငါ့ကလေး မြန်မြန်ပျက်စီးလိမ့်မယ်"

ငတော် တွန့်ဆုတ်ကာ ယောင်နန ဖြစ်သွားစဉ်မှာပဲ မင်းအာဒင်ကြီး ရောက်လာသည်။

"ဂလိုဆို ငါထိန်းပေးမယ်လေကွာ၊ ငါနဲ့တော့ ဖြစ်တယ်မို့လား ဟဲ. . ."

"ဟော. . . မင်းနဲ့လဲ မဖြစ်ပါဘူးကွာ၊ ငါ့ကလေး မင်းနဲ့ အနေနီးရင် မွဲဆေးဖော်ပြီး ကဗျာရေးတာ ဝါသနာပါနေဦးမယ် ငတော်မင်းလဲ ဝေးဝေးကရှောင်"

အလုအယက် ကမန်းတကန်းဆိုသလို တားယူရသည်။ ပေါ့သေးသေးကောင်တွေ မဟုတ်။ သူတို့လက်ထဲသာ ဝကွက်အပ်လိုက်လို့ကတော့ မလွယ်ကြောပင်။ ကောင်းသတင်း မင်္ဂလာကို ကြား၍ထင်ပါသည်။ ရွှေပေါ်လူတို့ ဇနီးမောင်နှံလည်း ရောက်လာကြသည်။

"ငါတို့က အတွေ့အကြုံ ရင့်ကျက်ပြီးသားကွ၊ ငါတို့မှာ ကလေးချင်း အဖော်လဲ ရှိတယ်၊ တို့ ထိန်းမယ်"

"ဟာကောင်ကြီးရ. . . မင်းကသာ တောင်းဆိုသေးတယ်၊ အိပ်မယ်၊ စားမယ်၊ ယမကာ မှီဝဲမယ်ကလွဲပြီး ဘာမှမသိတဲ့ နားလေး ပါးလေးကြီး"

"နည်းတဲ့ကုသိုလ်လားဟဲ့. . . ငါ့ယောက်ျား ထိန်းတဲ့ ကလေးတွေဟာ အနည်းဆုံးတော့ မကြားကြားအောင် ဝိုရင်း ငယ်ငယ်ရွယ်ရွယ်ဆယ်ကျော်သက်နဲ့ အဆိုတော်ဖြစ်လောက်တယ်"

နောက်နောက်ရွှတ်ရွှတ် ဝမ်းသာရွှင်ပျစွာ တရစပ် လွှတ်တော့တာပဲ။ မိယဉ်ကတော့ အပြုံးမပြယ်ဘဲ သူ့အနား ကပ်တိုးကာ ဖွဖွညင်သာ ရေရွတ်လေသည်။





"ဒါလင်ရေ. . . မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲနော်"

မျက်ခုံးကတော့ တကယ် လှုပ်ချင်စရာကြီးပင်၊ တဖြည်းဖြည်း တစစ တဖွဲဖွဲ သတင်းမေး ရောက်လာကြသည်။ အိမ်မှာ မမွေးဖွားခင်ကတည်းက ပရိစနစ်ဖြင့် စာနယ်ဇင်းအပ်နှံပွဲ အရင်လုပ်ရမယ့် အနေအထားပင်။ မမတင့်နှင့် အသေးလေးတို့ကလဲ ကားတစ်စီးနဲ့ ရောက်လာသည်။

"ဘာလေးလဲဟ. . . အပ်ထရာဆောင်း ရိုက်ပြီးပြီလား"

"ဟင့်အင်း. . . ကြိုမသိချင်ဘူး. . . ရင်ခုန်ချင်သေးလို့ ဇာက်ထွက်တဲ့နေ့အထိ တမျှဉ်းမျှဉ်း ဖွဲ့ပွတ်သလို ပွတ်ရင်း စောင့်မှာ"

သူက ပူပူနွေးနွေး ကလေးအဖေအဖြစ် ရောက်တော့မှာကို ဂုဏ်ယူဝင့်ကြွားစွာ လေတစ်ပြားမှ မလျှော့ဘဲ ကြီးကြီးကျယ်ကျယ် ပြန်ပြောလိုက်ပါသည်။ ထိုလက်မှတ် လက်ဝယ်ပိုင်ဆိုင်ရရှိထားသူ တစ်ယောက်လို ရင်ခုန်ခွင့် ရှိနေလေပြီ။

"ဘာလေး လိုချင်တာလဲ မင်းတို့က"

"ကျွန်မကတော့ ဘာလေးဖြစ်ဖြစ်၊ သားဖြစ်စေ သမီးဖြစ်စေ ရတာ အကုန်ယူမှာပဲ"

"ကျွန်တော်ကတော့ လိင်ပဲ လိုချင်တာ၊ ဒါမှမဟုတ် အထီးအမ တစ်ကွဲအမွှာပေါ့"

စကားကောင်းစွာ အတောမသတ် ဝမ်းသာအယ်လဲ ပြောနေစဉ်မှာပင် ကိုထိုက်တို့ မိသားစုလဲ ရောက်လာသည်။ သူ့ကလေးတွေပါ အုတ်အော်သောင်းနင်း အိမ်ပေါ် တက်ပြေး ဆော့ကစားကြတော့သည်။

"ကိုထိုက်. . . ခင်ဗျားကလေးတွေပါ ခေါ်လာတယ် ဟုတ်လား၊ အောင်မငီး. . . ကျုပ်မိန်းမဗိုက်တော့ ဆင်နှင်းခံရတော့မှာပဲ မြတ်စွာ ဖျား ဖျား ဖျား"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မိချောက သူ့ကို နောက်နေကျစကားဖြင့် တန်ပြန် လက်စားချေတော့သည်။

"ဘယ်လိုလဲဟေ့. . . အားတိုင်း၊ များတိုင်း၊ ခြင်ကိုက်တိုင်း ခွေးလို့ရနေတာပဲ၊ ဘာမှ ပူမနေနဲ့"

ကျဉ်းထဲကျပ်ထဲ ရောက်ပါပြီ။ လူနိုင်သူနိုင်တွေကြီးပဲ လက်ပံပင် ဖရုက်ကျသလို အိမ်ပေါ်မှာ စုပြုံရောက်ရှိလာကြသည်။ ရထားအစင်းတစ်ရာ အိမ်ရှေ့ဆိုက်တာကမှ နားခံသာဦးမည်။ အခုဟာက အားမနာ လျှာမကျိုး ညှော်ဆိုးညှော်မြှောင် မိတ်ဆွေဖော်သဟာများ။


အကောင်းနဲ့အဆိုး အံမြဲဒွန်တွဲနေတဲ့ ကမ္ဘာကြီးမှာ အရေးတယူ တခုတ်တရ သတင်းမေး ရောက်လာကြတာတော့ ချစ်ဖွယ်ကောင်းသော သူငယ်ချင်းတွေရဲ့ဓလေ့တစ်ခုပေါ့။ မျက်နှာကို နေပူရှိန်ထိသလို ခံစားရတာတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ဟင်းခိုးစားတာ ကျိုးထိုးလို့ လူမိရတဲ့အဖြစ်လေ။ ပေါးလားဝါးလား အပြန်အလှန် အော်ဟစ်နောက်ပြောင်ရင်း ချစ်စံအိမ်လေးက စည်ကားဆူညံသွားပါတော့သည်။

BURMESE CLASSIC .com

ရွှင်လန်းချမ်းမြေ့ကြပါစေ

WaiHZAR






www.burmeseclassic.com